မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၂၁ ] ရန်ကုန်မြို့ { ၁၃၈၀ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက် ( ၂၀၁၈ ခုနှစ်၊ မေလ ၂၅ ရက် ) } သောကြာနေ့ [ အတွဲ ၇၁

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၁၆/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၃ ရက်

(၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်)

**နိုင်ငံရေးနှင့်စပ်လျဉ်းသည့်ပြစ်မှုများတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ သတ်မှတ်ခဲ့သည့် စည်းကမ်းချက်များကို ပယ်ဖျက်သည့်အမိန့်**

နိုင်ငံရေးနှင့်စပ်လျဉ်းသည့် ပြစ်မှုဖြင့် ပြစ်ဒဏ်ကျခံခဲ့ရသူများကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ လွတ်ငြိမ်းသက်သာခွင့်အမိန့်များထုတ်ပြန်၍ စည်းကမ်းချက်ဖြင့် လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ရာတွင် ယင်းတို့၏ လူမှုအခွင့်အရေးကို ငဲ့ညှာသောအားဖြင့် အဆိုပါအမိန့်များပါ သတ်မှတ်ထားခဲ့သော စည်းကမ်းချက်များကို ဤအမိန့်ထုတ်ပြန်သည့်နေ့မှစ၍ ပယ်ဖျက်လိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၁၇/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၃ ရက်

(၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်**

မြန်မာနှစ်သစ်ကူးအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/စခန်းအသီးသီးတွင် အကျဉ်းကျခံနေကြရသော နိုင်ငံသားအကျဉ်းသား/သူ (၈၄၉၀) ဦးအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ စည်းကမ်းသတ်မှတ်ချက်မထားဘဲ လွတ်ငြိမ်းသက်သာခွင့်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၁၈/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၃ ရက်

(၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်**

မြန်မာနှစ်သစ်ကူးအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက် ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း အကျဉ်းထောင်အသီးသီးတွင် အကျဉ်းကျခံနေကြရသော နိုင်ငံခြားသားအကျဉ်းသား/သူ (၅၁) ဦးအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ စည်းကမ်းသတ်မှတ်ချက်မထားဘဲ လွတ်ငြိမ်း သက်သာခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၁၈**

၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်

(၂၀၁၈ ခုနှစ်၊ ဧပြီလ ၂ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဆေးတက္ကသိုလ် (မကွေး) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာခင်ဇော် ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရား များကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးခင်မောင်ဦး<br>ရုံးအဖွဲ့မှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| (ခ) | ဦးသက်ဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြေတိုင်းဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>မြေတိုင်းဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန |

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၁၈**

၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

(၂၀၁၈ ခုနှစ်၊ မတ်လ ၁၃ ရက်)

**မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီတွင်**
**အဖွဲ့ဝင်ဖြည့်စွက်ဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၀/၂၀၁၇ ဖြင့် ဖွဲ့စည်းခဲ့သည့် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီတွင် ညွှန်ကြားရေးမှူးချုပ်၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအား အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၈)**

၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်

(၂၀၁၈ ခုနှစ်၊ မတ်လ ၂၀ ရက်)

**စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေ**
**ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေ** (၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉။) ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေ

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉ ။)**

၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်

(၂၀၁၈ ခုနှစ်၊ မတ်လ ၂၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်

၁။ ဤဥပဒေကို စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဆက်လက်၍ရေးသားသောအချက်**ဆိုသည်မှာ ရေးမှတ်ခံရသူများ၏ အမည်၊ အဘအမည်၊ အမျိုးသားမှတ်ပုံတင်အမှတ် သို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာတို့ကို ဆိုသည်။

(ဂ) **ထပ်ဆင့်ရေးမှတ်ချက်**ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ရန်တင်ပြသည့် စာချုပ်စာတမ်းများ၏ မျက်နှာဖုံးတွင်ဖြစ်စေ၊ အတွင်းစာရွက်များ သို့မဟုတ် နောက်ဆက်တွဲစာရွက်စာတမ်းများတွင်ဖြစ်စေ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက ရေးသွင်းသည့် ရေးသွင်းချက်ကို ဆိုသည်။

(ဃ) **မရွှေ့မပြောင်းနိုင်သောပစ္စည်း**ဆိုသည်မှာ မြေနှင့်မြေမှဖြစ်ထွန်းသော အကျိုးခံစားခွင့်များ၊ မြေ၌ ဆောက်လုပ်ထားသော၊ မြေ၌ စိုက်ထူစွဲကပ်ထားသော သို့မဟုတ် မြေ၌ စိုက်ထူစွဲကပ်ထားသည့် အရာ၌ အမြဲချည်နှောင်စွဲကပ်ထားသော အဆောက်အအုံနှင့် အရာဝတ္ထုများကို ဆိုသည်။ ယင်းစကားရပ်တွင် မြေ၌ ပေါက်လျက်ရှိသည့် သစ်ပင်၊ မရိတ်သိမ်းရသေးသည့် ကောက်ပဲသီးနှံနှင့် မြက်များ မပါဝင်။

(င) **ရွှေ့ပြောင်းနိုင်သောပစ္စည်း**ဆိုသည်မှာ မရွှေ့မပြောင်းနိုင်သောပစ္စည်းမှတစ်ပါး အခြားပစ္စည်းတစ်မျိုးမျိုးကို ဆိုသည်။

(စ) **အငှားစာချုပ်**ဆိုသည်မှာ စိုက်ပျိုးရန်သော်လည်းကောင်း၊ နေထိုင်ရန်သော်လည်းကောင်း၊ လက်ရှိထားရန်သော်လည်းကောင်း၊ အခြားတစ်နည်းနည်း အသုံးပြုရန်သော်လည်းကောင်း ငှားရမ်းသည့် သဘောတူစာချုပ်ကို ဆိုသည်။

(ဆ) **အရွယ်မရောက်သေးသူ**ဆိုသည်မှာ အသက် ၁၈ နှစ် မပြည့်သေးသူကို ဆိုသည်။

(ဇ) **ကိုယ်စားပြုသူ**ဆိုသည်မှာ အရွယ်မရောက်သေးသူ သို့မဟုတ် ရူးသွပ်သူကို တရားဝင် အုပ်ထိန်းခွင့်ရသည့်ပုဂ္ဂိုလ်ကို ဆိုသည်။ ယင်းစကားရပ်တွင် ဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီ၊ အသင်းအဖွဲ့ဖြစ်ပါက ဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီ၊ အသင်းအဖွဲ့၏ကိုယ်စား အစည်းအဝေးမှတ်တမ်းဆုံးဖြတ်ချက်အရ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်လည်း ပါဝင်သည်။

(ဈ) **ကိုယ်စားလှယ်**ဆိုသည်မှာ ကိစ္စတစ်ရပ်ရပ်ကိုဆောင်ရွက်ရန် ကိုယ်စားခန့်ထားခြင်းခံရသူ သို့မဟုတ် အခြားသူများနှင့်ဆက်ဆံရာတွင် သူတစ်ပါးအတွက် ကိုယ်စားပြုသူကို ဆိုသည်။

(ည) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ဋ) **ဝန်ကြီး**ဆိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဌ) **ဦးစီးဌာန**ဆိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနကို ဆိုသည်။

(ဍ) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဎ) **မှတ်ပုံတင်အရာရှိ**ဆိုသည်မှာ ဤဥပဒေအရ စာချုပ်စာတမ်းများကို မှတ်ပုံတင်ရန် တာဝန်ပေးအပ်ခြင်းခံရသည့် အရာရှိကို ဆိုသည်။

(ဏ) **စုံစမ်းစစ်ဆေးရေးမှူး**ဆိုသည်မှာ သက်ဆိုင်ရာခရိုင်အတွင်း စာချုပ်စာတမ်းမှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ချက်များကို စစ်ဆေးရန်တာဝန်ရှိသည့် ခရိုင်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးကို ဆိုသည်။

## အခန်း (၂)

## စာချုပ်စာတမ်းများ မှတ်ပုံတင်အရာရှိအဆင့်ဆင့်နှင့် စုံစမ်းစစ်ဆေးရေးမှူးတို့ကို သတ်မှတ်ခြင်း

၄။ စာချုပ်စာတမ်းမှတ်ပုံတင်လုပ်ငန်း၏ အကြီးအမှူးသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဖြစ်သည်။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှူးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၏ စာချုပ်စာတမ်း မှတ်ပုံတင် အရာရှိ ဖြစ်သည်။

၆။ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးသည် သက်ဆိုင်ရာခရိုင်၏ စုံစမ်း စစ်ဆေးရေးမှူး ဖြစ်သည်။

၇။ ဝန်ကြီး၏ အတည်ပြုချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်က ခန့်အပ်တာဝန်ပေးသည့် ဦးစီးဌာနမှအရာရှိသည် သတ်မှတ်ထားသော မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ ဖြစ်သည်။

၈။ ဒုတိယဦးစီးမှူးအဆင့်အောက်မနိမ့်သော မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီး ဌာနမှူးသည် သက်ဆိုင်ရာမြို့နယ်၏ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ ဖြစ်သည်။

## အခန်း (၃)

## စာချုပ်စာတမ်းမှတ်ပုံတင်ရုံး ဖွဲ့စည်းတည်ထောင်ခြင်း

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးများတွင် တွဲဖက်ဖွင့်လှစ်ရမည်။

၁၀။ ညွှန်ကြားရေးမှူးချုပ်သည် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ် အတွင်း၌ မြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးကို မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ် အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ စုစည်း၍ ဖွင့်လှစ်ရမည်။

၁၁။ ပုဒ်မ ၁၀ ပါ မြို့နယ်များမှအပ ကျန်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးကို သက်ဆိုင်ရာမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးတွင် တွဲဖက်ဖွင့်လှစ်ရမည်။

၁၂။ ညွှန်ကြားရေးမှူးချုပ်သည် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများတွင် လိုအပ်သည့်ဝန်ထမ်းများကို ဝန်ကြီး ဌာန၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးနိုင်သည်။

၁၃။ ညွှန်ကြားရေးမှူးချုပ်သည် စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ၏ တာဝန်များကို ဦးစီးဌာနမှသင့်လျော်သည့် အရာရှိတစ်ဦးဦးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၁၄။ ညွှန်ကြားရေးမှူးချုပ်သည် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အသုံးပြုသည့်မှတ်ပုံတင်စာအုပ်နှင့် အသုံး ပြုသည့်ပုံစံများကို လုပ်ငန်းလိုအပ်ချက်နှင့်အညီ ပြင်ဆင်သတ်မှတ်နိုင်သည်။

၁၅။ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသည် -

(က) ဦးစီးဌာနက သတ်မှတ်သော ပုံစံအရွယ်အစားနှင့် ဖော်ပြရမည့်အချက်များပါရှိသည့် စာချုပ် စာတမ်းမှတ်ပုံတင်အရာရှိ တံဆိပ်တုံးများ၊ ရုံးတံဆိပ်တုံးများကို အသုံးပြုရမည်။

(ခ) ဦးစီးဌာနက ရိုက်နှိပ်ဖြန့်ဝေသည့် သတ်မှတ်သော မှတ်ပုံတင်စာအုပ်များနှင့် ပုံစံများကို အသုံးပြုရမည်။

(ဂ) အသုံးပြုသော မှတ်ပုံတင်စာအုပ်များ၏ စာမျက်နှာတိုင်းတွင် ပုံနှိပ်အမှတ်စဉ်များကို အစဉ်လိုက် မှတ်သားထားရမည်။

(ဃ) ဦးစီးဌာနမှ ထုတ်ပေးသော လုံခြုံမှုအာမခံသေတ္တာ ထားရှိရမည်။

(င) စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းနှင့် သက်ဆိုင်သည့်အမှုတွဲများကို လုံခြုံစွာသိမ်းဆည်းနိုင်ရန် အမှုတွဲခန်း ဖွင့်လှစ်ထားရှိရမည်။

## အခန်း (၄)

## စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်း

၁၆။ အောက်ပါစာချုပ်စာတမ်းများကို ဤဥပဒေအရ မှတ်ပုံမတင်မနေရ စာချုပ်စာတမ်းများအဖြစ် သတ်မှတ်သည် -

(က) မရွှေ့မပြောင်းနိုင်သောပစ္စည်းကို အပိုင်ပေးသည့် စာချုပ်စာတမ်းများ၊

(ခ) မရွှေ့မပြောင်းနိုင်သောပစ္စည်း၌ဖြစ်စေ၊ ယင်းနှင့်စပ်လျဉ်း၍ဖြစ်စေ၊ တန်ဖိုးငွေ ကျပ်တစ်သိန်းနှင့် အထက်ရှိသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများ ရောင်းချခြင်း၊ ဆိုင်ရာဆိုင်ခွင့် အကျိုးစီးပွား တစ်စုံတစ်ရာဖြစ်စေရေးအတွက် ကြေညာခြင်း၊ လွှဲအပ်ခြင်း၊ ကန့်သတ်ခြင်း၊ စွန့်လွှတ်ခြင်းနှင့် ဖျက်သိမ်းခြင်းတို့ကို ခိုင်မာစေရန်ပြုလုပ်သည့် သေတမ်းစာမဟုတ်သော စာချုပ်စာတမ်းများ၊ ယင်းစာချုပ်စာတမ်းတို့နှင့် သက်ဆိုင်သည့် ပိုင်ဆိုင်ခွင့်အပေါ် တရားရုံးက ချမှတ်သည့် စီရင်ချက်၊ ဒီကရီ၊ အမိန့်၊

(ဂ) တန်ဖိုးငွေကျပ်တစ်သိန်းနှင့် အထက်ရှိသည့် ပိုင်ဆိုင်ခွင့်စာချုပ်ကို အပ်နှံ၍ ပေါင်နှံငွေချေးခြင်းမှ တစ်ပါး ပေါင်နှံခြင်းကို ပေါင်နှံသူ လက်မှတ်ရေးထိုးပြီး အနည်းဆုံး အသိသက်သေနှစ်ဦးက မှန်ကန်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးထားသည့် ပေါင်နှံခြင်းစာချုပ်များနှင့် ပေါင်နှံခြင်း ဖျက်သိမ်းသောစာချုပ်များ၊

(ဃ) မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို တစ်နှစ်ပြီးတစ်နှစ် ငှားရမ်းခြင်း၊ တစ်နှစ်ထက်ပို၍ ငှားရမ်းခြင်း၊ ငှားရမ်းခကို နှစ်အလိုက်သတ်မှတ်၍ ငှားရမ်းခြင်းစာချုပ်များ၊

(င) ကုမ္ပဏီအသင်းအဖွဲ့တို့က မရွှေ့မပြောင်းနိုင်သောပစ္စည်း ပိုင်ဆိုင်ခွင့်အားလုံးကိုဖြစ်စေ၊ အချို့ အဝက်ကိုဖြစ်စေ၊ ယင်းပစ္စည်းနှင့်သက်ဆိုင်သည့် အကျိုးစီးပွားကိုဖြစ်စေ ယုံမှတ်အပ်နှံသူသို့ ပေါင်နှံခြင်း၊ ပေးအပ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် လွှဲအပ်ခြင်းပြုသည့် စာချုပ်စာတမ်းများ၊

(စ) ကိတ္တိမသားသမီးမွေးစားခြင်း စာချုပ်စာတမ်းများ၊

(ဆ) နိုင်ငံတော်အစိုးရက အခါအားလျော်စွာသတ်မှတ်သည့် စာချုပ်စာတမ်းများ။

၁၇။ အောက်ပါစာချုပ်စာတမ်းများသည် ဤဥပဒေအရမှတ်ပုံတင်လိုက တင်နိုင်သော စာချုပ်စာတမ်း အမျိုးအစားများဖြစ်သည် -

(က) မရွှေ့မပြောင်းနိုင်သော ပစ္စည်း၌ဖြစ်စေ၊ ယင်းနှင့်စပ်လျဉ်း၍ဖြစ်စေ တန်ဖိုးငွေ ကျပ်တစ်သိန်းအောက် မရွှေ့မပြောင်းနိုင်သောပစ္စည်းများ ရောင်းချခြင်း၊ ဆိုင်ရာဆိုင်ခွင့် အကျိုးစီးပွားတစ်စုံတစ်ရာ ဖြစ်စေရေးအတွက် ကြေညာခြင်း၊ လွှဲအပ်ခြင်း၊ ကန့်သတ်ခြင်း၊ စွန့်လွှတ်ခြင်းနှင့် ဖျက်သိမ်းခြင်းတို့ကို မျက်မှောက်ကာလအတွက်သော်လည်းကောင်း၊ နောင်ကာလအတွက်သော်လည်းကောင်း ဖြစ်မြောက်စေရန်ပြုလုပ်သည့် ငွေလက်ခံရရှိခြင်း သို့မဟုတ် ပေးအပ်ခြင်းကို ဝန်ခံသည့် စာချုပ်စာတမ်းများ၊

(ခ) အပေါင်တန်ဖိုးငွေ ကျပ်တစ်သိန်းအောက်ဖြင့် ပေါင်နှံသော စာချုပ်စာတမ်းများ၊

(ဂ) မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို တစ်နှစ်ထက်မပိုသောကာလအတွက် ငှားရမ်းသည့် အငှား စာချုပ်စာတမ်းများ၊

(ဃ) ရွှေ့ပြောင်းနိုင်သော ပစ္စည်းများပေါ်တွင် ဆိုင်ရာဆိုင်ခွင့် အကျိုးစီးပွား တစ်စုံတစ်ရာ ဖြစ်ပေါ် စေရေးအတွက် ကြေညာခြင်း၊ လွှဲအပ်ခြင်း၊ ကန့်သတ်ခြင်း၊ စွန့်လွှတ်ခြင်း၊ ဖျက်သိမ်းခြင်းတို့နှင့် သက်ဆိုင်သည့် စာချုပ်စာတမ်းများ၊

(င) သေတမ်းစာများ၊

(စ) မိသားစုစီမံခန့်ခွဲမှု စာချုပ်စာတမ်းများ၊

(ဆ) တရားရုံးကချမှတ်သည့် ဒီကရီများ သို့မဟုတ် အမိန့်များနှင့် အနုညာတခုံလူကြီးတို့၏ ဆုံးဖြတ်ချက်များ၊

(ဇ) တရားရုံးကဖြစ်စေ၊ အခွန်အရာရှိ သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ဖြစ်စေ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းတစ်ခုခုကို လေလံတင်ရောင်းချပြီးနောက် ဝယ်ယူသူအား ထုတ်ပေးသည့် အရောင်းသက်သေခံလက်မှတ်၊

(ဈ) မရွှေ့မပြောင်းနိုင်သောပစ္စည်းကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ထုတ်ဝေသည့် ဂရန်စာချုပ် သို့မဟုတ် ခွဲဝေပေးသည့် စာချုပ်စာတမ်းများ၊

(ည) အထက်ဖော်ပြပါ စာချုပ်စာတမ်းများအပြင် ပုဒ်မ ၁၆ ပါ မှတ်ပုံမတင်မနေရ စာချုပ်စာတမ်းများ အဖြစ် သတ်မှတ်ထားသည့် စာချုပ်စာတမ်းများမှတစ်ပါး အခြားစာချုပ်စာတမ်းများ။

၁၈။ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ မှတ်ပုံတင်ရန် တင်ပြသည့် စာချုပ်စာတမ်းများသည် -

(က) မြန်မာစာဖြင့်ရေးသားထားသော စာချုပ်စာတမ်းများဖြစ်ရမည်။

(ခ) မြန်မာစာဖြင့်ရေးသားထားသော စာချုပ်စာတမ်းမဟုတ်လျှင် နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသည့် မြန်မာဘာသာပြန်ဆိုချက်ကို ပူးတွဲတင်ပြရမည်။

(ဂ) စာချုပ်ချုပ်ဆိုသူတို့က ပြည့်စုံစွာရေးသားလက်မှတ်ရေးထိုးထားသော စာချုပ်စာတမ်းများ ဖြစ်ရမည်။

(ဃ) စာချုပ်စာတမ်းပါ ရေးသားဖော်ပြချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ချန်လှပ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုလုပ်ထားလျှင် ယင်းသို့ပြုလုပ်ထားသည့် နေရာအသီးသီး၌ စာချုပ်ချုပ်ဆိုသည့် ပုဂ္ဂိုလ်တို့၏ လက်မှတ်တို သို့မဟုတ် လက်မှတ်ရှည်ကို ရေးထိုးရမည်။

၁၉။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ရန် တင်ပြသည့်စာချုပ်တွင် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ချန်လှပ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပါရှိပါက ယင်းသို့ ဆောင်ရွက်ထားခြင်းကို မှတ်ပုံတင်စာအုပ်တွင် မှတ်တမ်းတင်ထားရှိရမည်။

၂၀။ သေတမ်းစာမဟုတ်သော မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်း တစ်စုံတစ်ရာကို မှတ်ပုံတင်သွင်းပါက မရွှေ့မပြောင်းနိုင်သောပစ္စည်းစာရင်းကို လွယ်ကူစွာ ခွဲခြားသိရှိနိုင်ရန် အမျိုးအစား၊ ပုံသဏ္ဌာန်၊ အရွယ်အစားနှင့် တည်နေရာတို့ကို ရှင်းလင်းစွာဖော်ပြရမည့်အပြင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းသည် မြေဖြစ်ပါက မြေနှင့်စပ်လျဉ်း၍ သက်သေခံနိုင်သော သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းက တရားဝင်ထုတ်ပေးထားသည့် သက်သေခံမြေပုံနှစ်ခုနှင့် မြေရာဇဝင် ပါရှိရမည်။

## အခန်း (၅)
## စာချုပ်စာတမ်းများကို မှတ်ပုံတင်သွင်းရန် အချိန်ကာလ

၂၁။ နိုင်ငံတော်အတွင်းချုပ်ဆိုသည့် သေတမ်းစာမှတစ်ပါး အခြားစာချုပ်စာတမ်းများကို စာချုပ်ချုပ်ဆိုသည့် နေ့ရက်မှစ၍သော်လည်းကောင်း၊ တရားရုံး၏ ဒီကရီ သို့မဟုတ် အမိန့်ကို အမိန့်ချမှတ်သည့်နေ့ရက်မှစ၍ သော်လည်းကောင်း ရက်ပေါင်း ၁၂၀ အတွင်း မှတ်ပုံတင်ရန် တင်ပြရမည်။ သို့ရာတွင် တရားရုံး၏ ဒီကရီ သို့မဟုတ် အမိန့်ကိုအယူခံဝင်လျှင် မှတ်ပုံတင်ရန် တင်ပြရမည့်ရက်ကို နောက်ဆုံးအယူခံဝင်သည့်ရုံးက အမိန့်ချမှတ်သည့်နေ့ရက်မှ စတင်ရေတွက်ရမည်။

၂၂။ စာချုပ်စာတမ်းတစ်ခုကို နှစ်ဦးထက်ပိုသူများက လက်မှတ်ရေးထိုးချုပ်ဆိုကြသဖြင့် လက်မှတ်ရေးထိုးချိန် ကွဲပြားလျှင် နောက်ဆုံးလက်မှတ်ရေးထိုးသည့် နေ့ရက်မှရက်ပေါင်း ၁၂၀ အတွင်း မှတ်ပုံတင်ရန်တင်ပြရမည်။

၂၃။ နိုင်ငံတော်အတွင်းချုပ်ဆိုသည့် သေတမ်းစာမှတစ်ပါး အခြားစာချုပ်စာတမ်းကိုသော်လည်းကောင်း၊ တရားရုံး၏ ဒီကရီ သို့မဟုတ် အမိန့်ကိုသော်လည်းကောင်း ပုဒ်မ ၂၁ အရ သတ်မှတ်သည့်ကာလအတွင်း အကြောင်းတစ်စုံတစ်ရာကြောင့် မှတ်ပုံတင်နိုင်ခြင်းမရှိဘဲ သတ်မှတ်ကာလကျော်လွန်ပြီးမှ မှတ်ပုံတင်ရန် တင်ပြသည့်ကိစ္စရပ်တွင် -

(က) မှတ်ပုံတင်လိုသူသည် မှတ်ပုံတင်ခွင့်ပြုရန် ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင် အရာရှိထံ လျှောက်ထားရမည်။

(ခ) ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (ခ) အရ တင်ပြချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်ရန် သတ်မှတ်ကာလထက် ကျော်လွန်သည့်ကာလသည် ရက်ပေါင်း ၁၂၀ ထက်မပိုလျှင် သတ်မှတ် ဒဏ်ကြေးငွေကို ပေးဆောင်စေပြီး မှတ်ပုံတင်ခွင့်ပြုနိုင်သည်။

၂၄။ နိုင်ငံတော်ပြင်ပတွင်ချုပ်ဆိုသော စာချုပ်စာတမ်းနှင့်စပ်လျဉ်း၍ မှတ်ပုံတင်လိုသူသည် -

(က) နိုင်ငံတော်အတွင်းသို့ ရောက်ရှိသည့်နေ့ရက်မှ ရက်ပေါင်း ၁၂၀ အတွင်း မှတ်ပုံတင်ရန် ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ခ) ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) အရ တင်ပြသော စာချုပ်စာတမ်းကိုစိစစ်၍ သတ်မှတ်ချက်များနှင့် ညီညွတ်ပါက မှတ်ပုံတင်ပေးရမည်။

(ဂ) မှတ်ပုံတင်လိုသူက ပုဒ်မခွဲ (က) ပါ သတ်မှတ်ရက်ထက်ကျော်လွန်၍ မှတ်ပုံတင်ရန် တင်ပြလာခြင်း ဖြစ်ပါက ပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရမည်။

၂၅။ မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများကို ပစ္စည်းတည်ရှိရာ အရပ်ဒေသရှိ ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၁ ပါ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ရမည်။ အခြား စာချုပ်စာတမ်းများကို မည်သည့်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်မဆို မှတ်ပုံတင်ခွင့်ရှိသည်။

၂၆။ တရားရုံး ဒီကရီ သို့မဟုတ် အမိန့် တာဝန်ခံမိတ္တူကို အောက်ဖော်ပြပါ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ရမည် -

(က) မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် သက်ဆိုင်ပါက မူလစီရင်ချက်ချမှတ်သည့် တရားရုံးတည်ရှိရာ ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၁ ပါ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ရမည်။

(ခ) ပုဒ်မခွဲ (က) နှင့် သက်ဆိုင်ခြင်းမရှိပါက မည်သည့်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်မဆို မှတ်ပုံတင် ခွင့်ရှိသည်။

၂၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိ များသည် မိမိလက်အောက်ရှိ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက မှတ်ပုံတင်ပေးသည့် မည်သည့် စာချုပ်စာတမ်းများကိုမဆို စစ်ဆေးရန်လိုအပ်ပါက စုံစမ်းစစ်ဆေးရေးမှူးအား တာဝန်ပေးအပ်၍ စစ်ဆေးစေနိုင်ခွင့် သို့မဟုတ် ဤဥပဒေနှင့်အညီ ဆောင်ရွက်ရန် ညွှန်ကြားခွင့်ရှိသည်။

၂၈။ စုံစမ်းစစ်ဆေးရေးမှူးသည် ပုဒ်မ ၂၇ အရ တာဝန်ပေးအပ်လာပါက ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိကိုသော်လည်းကောင်း၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးရှိ ဝန်ထမ်းကိုသော် လည်းကောင်း မှတ်ပုံတင်သွင်းလာသည့် စာချုပ်စာတမ်းနှင့် သက်ဆိုင်သူ မည်သူ့ကိုမဆို ဆင့်ဆို၍ စစ်ဆေး နိုင်ခွင့်ရှိသည်။

၂၉။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းနှင့် သေတမ်းစာအပ်နှံခြင်းတို့ကို သာမန်အားဖြင့် ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၁ ပါ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ ဆောင်ရွက်ရမည်ဖြစ်ပြီး အထူးကိစ္စအနေဖြင့် မှတ်ပုံတင်လိုသည့် ပုဂ္ဂိုလ်နေထိုင်ရာအိမ်သို့သွားရောက်၍ စာချုပ်စာတမ်းများမှတ်ပုံတင်ခြင်းနှင့် သေတမ်းစာအပ်နှံခြင်းတို့ကို လက်ခံဆောင်ရွက်ခွင့်ရှိသည်။

## အခန်း (၆)

## စာချုပ်စာတမ်းများကို မှတ်ပုံတင်ခွင့်ရှိသူများ

၃၀။ ပုဒ်မ ၂၉ သို့မဟုတ် ပုဒ်မ ၈၁ ပါအချက်မှတစ်ပါး ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၁ ပါ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ အောက်ပါပုဂ္ဂိုလ်တို့က စာချုပ်စာတမ်းများ မှတ်ပုံတင်ခွင့်ရှိသည် -

(က) စာချုပ်ချုပ်ဆိုကြသည့် ပုဂ္ဂိုလ်များ၊ တရားရုံး ဒီကရီ သို့မဟုတ် အမိန့်ဖြစ်လျှင် ယင်းဒီကရီ သို့မဟုတ် အမိန့်အရ အကျိုးခံစားခွင့်ရှိသည့် ပုဂ္ဂိုလ်များ၊

(ခ) ပုဒ်မ ၃၊ ပုဒ်မခွဲ (ဇ) ပါ ပုဂ္ဂိုလ်များ၊

(ဂ) ပုဒ်မခွဲ (က) ပါ ပုဂ္ဂိုလ်များက ကိုယ်စားလှယ်အဖြစ် တရားဝင်ဆောင်ရွက်ပေးရန် လက်မှတ်ရေးထိုး လွှဲအပ်ထားသည့် အောက်ပါကိုယ်စားလှယ်လွှဲစာရရှိထားသူများ -

(၁) ကိုယ်စားလှယ်လွှဲအပ်သူသည် မြန်မာနိုင်ငံအတွင်း နေထိုင်ပါက လွှဲအပ်သည့်အချိန်တွင် နေထိုင်သည့် ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိ ရှေ့မှောက်တွင် ကိုယ်စားလှယ်လွှဲအပ်ကြောင်း လက်မှတ်ရေးထိုး၍ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက မှန်ကန်ကြောင်း သက်သေခံလက်မှတ် ရေးထိုးထားသည့် ကိုယ်စားလှယ်လွှဲစာရရှိထားသူ၊

(၂) ကိုယ်စားလှယ်လွှဲသူသည် မြန်မာနိုင်ငံပြင်ပတွင်နေထိုင်၍ ကိုယ်စားလှယ်လွှဲစာကို ပြည်ပ၌ ပြုလုပ်ခဲ့ပြီး လာရောက်မှတ်ပုံတင်ခြင်းဖြစ်ပါက သက်ဆိုင်ရာနိုင်ငံရှိ မြန်မာနိုင်ငံသံရုံးတွင် ခန့်အပ်တာဝန်ပေးအပ်ထားသည့် အရာရှိတစ်ဦးဦး၏ ထပ်ဆင့်ထောက်ခံချက် သို့မဟုတ် ယင်းအရာရှိ၏ရှေ့တွင် ပြုလုပ်ထားသည့် ကိုယ်စားလှယ်လွှဲစာရရှိထားသူ။

၃၁။ (က) စာချုပ်စာတမ်းချုပ်ဆိုသူတို့သည် အားလုံးတစ်ပြိုင်တည်းဖြစ်စေ၊ တစ်ဦးချင်းစီဖြစ်စေ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိထံ တင်ပြနိုင်သည်။

(ခ) ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) အရ တင်ပြလာသော စာချုပ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို စိစစ်ရမည် -

(၁) စာချုပ်စာတမ်းချုပ်ဆိုသူများသည် စာချုပ်စာတမ်းကို နှစ်ဦးနှစ်ဖက်သဘောတူ ချုပ်ဆိုခြင်း ဟုတ် မဟုတ်၊

(၂) စာချုပ်စာတမ်းချုပ်ဆိုသူများသည် ကိုယ်တိုင်လာရောက် မှတ်ပုံတင်ခြင်း ဟုတ် မဟုတ်၊

(၃) စာချုပ်စာတမ်းမှတ်ပုံတင်သူသည် စာချုပ်စာတမ်းချုပ်ဆိုသူများ၏ ကိုယ်စားပြုသူ သို့မဟုတ် ကိုယ်စားလှယ်လွှဲအပ်ခံရသူများ ဟုတ် မဟုတ်။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ အချက်များသည် တရားရုံး၏ ဒီကရီ သို့မဟုတ် အမိန့်နှင့် မသက်ဆိုင်စေရ။

၃၂။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် အောက်ပါအချက်များနှင့် ညီညွတ်ပါက စာချုပ်စာတမ်းကို လက်ခံ၍ မှတ်ပုံတင်ခွင့်ပြုနိုင်သည် -

(က) စာချုပ်စာတမ်း မှတ်ပုံတင်သူတို့ကို ကိုယ်တိုင်သိရှိခြင်း သို့မဟုတ် စာချုပ်စာတမ်းချုပ်ဆိုသူများမှာ အမှန်ဖြစ်ကြောင်း အခြားတစ်နည်းနည်းဖြင့် သိရှိခြင်း၊

(ခ) စာချုပ်စာတမ်းမှတ်ပုံတင်သူ သို့မဟုတ် စာချုပ်စာတမ်းမှတ်ပုံတင်သူ၏ ကိုယ်စားပြုသူများ သို့မဟုတ် ကိုယ်စားလှယ်လွှဲအပ်ခံရသူများက စာချုပ်စာတမ်းကိုချုပ်ဆိုကြောင်း ဝန်ခံခြင်း၊

(ဂ) စာချုပ်စာတမ်းချုပ်ဆိုသူ ကွယ်လွန်၍ ယင်းစာချုပ်စာတမ်းကို တရားရုံး၏ ဒီကရီ သို့မဟုတ် အမိန့်အရ မှတ်ပုံတင်သွင်းလာခြင်း၊

(ဃ) မည်သည့်စာချုပ်စာတမ်းကိုမဆို မှတ်ပုံတင်သည့်အခါ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေနှင့် အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်တို့အရ သတ်မှတ်ထားသည့် အခွန်တံဆိပ်ခေါင်းကို လုံလောက်စွာ ကပ်ထားပြီးဖြစ်ခြင်း၊

(င) မိမိရှေ့သို့ ရောက်ရှိလာသူတို့သည် စာချုပ်စာတမ်းနှင့် သက်ဆိုင်သူများ မှန်ကန်ခြင်း။

၃၃။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် -

(က) မှတ်ပုံတင်သွင်းသောစာချုပ်တွင် ရေးသားဖော်ပြချက်များမှာ ချုပ်ဆိုသူတို့က မှန်ကန်စွာ ရေးသားချုပ်ဆိုကြောင်းကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးမေးမြန်းရမည်။

(ခ) စာချုပ်စာတမ်းမှတ်ပုံတင်သွင်းသူတို့က စာချုပ်ချုပ်ဆိုကြောင်းဝန်ခံခြင်း ရှိ မရှိ ကိုသာ စစ်ဆေး မေးမြန်းရမည်ဖြစ်ပြီး မှတ်ပုံတင်သွင်းလာသည့် စာချုပ်စာတမ်းအရ လွှဲပြောင်းသောပစ္စည်း၏ ပိုင်ဆိုင်မှုကို စစ်ဆေးမေးမြန်းခြင်းမပြုရ။

၃၄။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် အောက်ပါအချက်များကို စစ်ဆေးတွေ့ရှိပါက မှတ်ပုံတင်ရန် ငြင်းပယ်ရမည် -

(က) စာချုပ်စာတမ်းချုပ်ဆိုသူတို့အနက် တစ်ဦးဦးက ယင်းစာချုပ်စာတမ်းကို ချုပ်ဆိုခြင်းမဟုတ်ကြောင်း ငြင်းဆိုခြင်း သို့မဟုတ် ဝန်မခံခြင်း၊

(ခ) စာချုပ်ချုပ်ဆိုသူသည် အရွယ်မရောက်သေးသူ သို့မဟုတ် ရူးသွပ်သူ သို့မဟုတ် သတိပုံမှန်မရှိသူဟု ထင်မြင်ယူဆခြင်း၊

(ဂ) မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့်စပ်လျဉ်း၍ ချုပ်ဆိုသော စာချုပ်စာတမ်းများတွင် ပစ္စည်း စာရင်း အထောက်အထားများကို တိကျရှင်းလင်းစွာ ဖော်ပြမထားခြင်း၊

(ဃ) မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်း တစ်စုံတစ်ရာတွင် ပုဒ်မ ၂၀ ပါ သက်သေခံမြေပုံနှင့် မြေရာဇဝင် ပူးတွဲပါဝင်ခြင်းမရှိသော စာချုပ်များကို မှတ်ပုံတင်သွင်းလာခြင်း။

## **အခန်း (၇)**

## **စာချုပ်စာတမ်းချုပ်ဆိုသူတို့နှင့် သက်သေတို့ကို ကင်းလွတ်ခွင့်ပြုခြင်း**

၃၅။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်သွင်းလာသည့် စာချုပ်စာတမ်းနှင့်သက်ဆိုင်သူများ သို့မဟုတ် ကိုယ်စားလှယ်များကို စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းရေးအတွက် ရုံးသို့လာရောက်စေရန် ဆင့်ဆိုနိုင်သည်။

၃၆။ (က) အောက်ပါပုဂ္ဂိုလ်များသည် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ လာရောက်ခြင်းမှ ကင်းလွတ်ခွင့် ရသည် -

(၁) စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့လာရောက်ရန် အခက်အခဲရှိသည့် ကျန်းမာရေးချို့တဲ့ နေသူများ၊ ကိုယ်အင်္ဂါမသန်စွမ်းသူများ၊

(၂) အကျဉ်းချထားခြင်း ခံနေရသူများ၊

(၃) တရားရုံးတော်သို့ လာရောက်ခြင်းမှ တည်ဆဲဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသည့် ပုဂ္ဂိုလ်များ။

(ခ) ပုဒ်မခွဲ (က) ပါ ပုဂ္ဂိုလ်များက စာချုပ်စာတမ်း မှတ်ပုံတင်ပေးရန် လျှောက်ထားလာပါက အဆိုပါပုဂ္ဂိုလ်များနေထိုင်ရာ နေအိမ်သို့ဖြစ်စေ၊ ဆေးရုံသို့ဖြစ်စေ၊ အကျဉ်းထောင်သို့ဖြစ်စေ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိကိုယ်တိုင် သွားရောက်ဆောင်ရွက်နိုင်ခြင်း သို့မဟုတ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးမှ ဝန်ထမ်းတစ်ဦးဦးကို ကော်မရှင်ခန့်စာ ထုတ်ဆင့်၍ ကိုယ်စားသွားရောက်ဆောင်ရွက်စေခြင်း ပြုနိုင်သည်။

## အခန်း (၈)

## သေတမ်းစာများအပ်နှံခြင်း

၃၇။ သေတမ်းစာများကို မည်သည့်အချိန်ကာလတွင်မဆို အပ်နှံခွင့် သို့မဟုတ် မှတ်ပုံတင်သွင်းခွင့်ရှိသည်။

၃၈။ သေတမ်းစာရေးသားသူသည် သေတမ်းစာကို စာအိတ်တွင်ထည့်သွင်းချိပ်ပိတ်၍ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံတွင် အပ်နှံနိုင်သည်။

၃၉။ ပုဒ်မ ၃၈ အရ အပ်နှံသော သေတမ်းစာထည့်သွင်းချိပ်ပိတ်သည့်စာအိတ်တွင် အောက်ပါတို့ကို ရေးသားဖော်ပြရမည် -

(က) သေတမ်းစာရေးသားသူ၏ အမည် သို့မဟုတ် ကိုယ်စားလှယ်၏ အမည်၊

(ခ) သေတမ်းစာအမျိုးအစား၊

(ဂ) သေတမ်းစာ မှတ်ပုံတင်ရန် တင်ပြသည့် ရက်စွဲ၊

(ဃ) သေတမ်းစာပါ သက်သေတို့၏အမည်များ။

၄၀။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၃၈ အရ အပ်နှံသော သေတမ်းစာကိုစိစစ်ပြီး မှန်ကန်ကြောင်းတွေ့ရှိရပါက အောက်ပါအချက်များကို မှတ်ပုံတင်စာအုပ် အမှတ် ၅ တွင် မှတ်တမ်းတင်ထားရှိပြီး ယင်းသေတမ်းစာကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံးရှိ ဦးစီးဌာနမှ ထုတ်ပေးသော လုံခြုံမှုအာမခံသေတ္တာ၌ သိမ်းဆည်းထားရမည် -

(က) သေတမ်းစာအပ်နှံသည့် ခုနှစ်၊ လ၊ ရက်၊ နေ့နှင့် အချိန်၊

(ခ) သေတမ်းစာရေးသားသူ သို့မဟုတ် ကိုယ်စားလှယ်တို့၏ အမည်၊

(ဂ) သေတမ်းစာပါ သက်သေတို့၏ အမည်များ၊

(ဃ) ချိပ်ပိတ်ထားသော သေတမ်းစာအိတ်ပါ ဖော်ပြချက်များ။

၄၁။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် အပ်နှံထားသည့် သေတမ်းစာများကို ပြန်လည်ထုတ်ပေးရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားချက် လက်ခံရရှိလျှင် လျှောက်ထားသူကို မိမိထံအပ်နှံသည့် သေတမ်းစာရေးသားသူကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ် လွှဲအပ်ခံရသူ ဟုတ် မဟုတ် စိစစ်ပြီး မှန်ကန်ကြောင်းတွေ့ရှိပါက သေတမ်းစာကို ပြန်လည်ထုတ်ပေးရမည်။

၄၂။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် -

(က) ပုဒ်မ ၃၈ အရ အပ်နှံထားသော သေတမ်းစာကို ရေးသားသူကွယ်လွန်သဖြင့် ချိပ်ပိတ်သေတမ်းစာကိုဖွင့်ပေးရန် လျှောက်ထားလျှင် သေတမ်းစာရေးသားသူ အမှန်တကယ်ကွယ်လွန်ခြင်း ရှိ မရှိ စိစစ်ပြီး မှန်ကန်ကြောင်းတွေ့ရှိပါက လျှောက်ထားသူ၏ ကုန်ကျစရိတ်ဖြင့် သေတမ်းစာပါ ချိပ်ကို လျှောက်ထားသူ၏ ရှေ့မှောက်တွင်ဖွင့်၍ သေတမ်းစာပါအကြောင်းအရာများကို မှတ်ပုံတင်စာအုပ်အမှတ် ၃ တွင် ရေးကူးမှတ်တမ်းတင်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်စာအုပ်၌ ရေးကူးပြီးလျှင် မူရင်းသေတမ်းစာကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံးရှိ ဦးစီးဌာနမှထုတ်ပေးသော လုံခြုံမှုအာမခံသေတ္တာတွင် ပြန်လည်သိမ်းဆည်းထားရမည်။

(ဂ) သေတမ်းစာများကို တရားရုံးက တင်ပြရန်အကြောင်းကြားလျှင် တရားရုံးသို့ တင်ပြရမည်။

(ဃ) တရားရုံးသို့တင်ပြချိန်တွင် သေတမ်းစာ၏ ချိပ်ကို မဖွင့်ရသေးလျှင် ပုဒ်မခွဲ (က) ပါအတိုင်း ဆောင်ရွက်၍ တရားရုံးသို့တင်ပြပြီးကြောင်း လက်ခံမှတ်ပုံတင်စာအုပ်တွင် မှတ်ပုံတင်ထားရမည်။

## အခန်း (၉)

## သေတမ်းစာနှင့် ကိတ္တိမသားသမီးမွေးစားခြင်း စာချုပ်မှတ်ပုံတင်ခြင်း

၄၃။ သေတမ်းစာကို မှတ်ပုံတင်ရေးအတွက် သေတမ်းစာရေးသားသူကသော်လည်းကောင်း၊ သေတမ်းစာရေးသားသူ ကွယ်လွန်ပြီးဖြစ်လျှင် ယင်းသေတမ်းစာအရ အမွေထိန်းဖြစ်သူ သို့မဟုတ် သေတမ်းစာအရ တစ်နည်းနည်းဖြင့် သက်ဆိုင်သူကသော်လည်းကောင်း မှတ်ပုံတင်ရန် ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိထံ တင်ပြနိုင်သည်။

၄၄။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် ပုဒ်မ ၄၃ နှင့်အညီ မှတ်ပုံတင်ရန် တင်ပြသော သေတမ်းစာကို အခြားစာချုပ်စာတမ်းများနည်းတူ မှတ်ပုံတင်ခွင့်ပြုရမည်။

၄၅။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်သွင်းသော သေတမ်းစာများကို အောက်ပါအချက်များနှင့် ညီညွတ်ပါက မှတ်ပုံတင်ပေးရမည် -

(က) သေတမ်းစာရေးသားသူကိုယ်တိုင် အမှန်တကယ်ရေးသား၍ တင်သွင်းလာခြင်း၊

(ခ) သေတမ်းစာရေးသားသူမှာ ကွယ်လွန်ပြီးဖြစ်ပါက အမွေထိန်းဖြစ်သူ သို့မဟုတ် သေတမ်းစာရေးသားသူနှင့် တစ်နည်းနည်းဖြင့် သက်ဆိုင်သူက အထောက်အထားခိုင်လုံစွာတင်ပြ၍ တင်သွင်းလာခြင်း။

၄၆။ ကိတ္တိမသားသမီးမွေးစားခြင်းစာချုပ်ကို ၁၉၄၉ ခုနှစ်၊ ကိတ္တိမသားသမီးမွေးစားခြင်းအက်ဥပဒေ (The Registration of Kittima Adoption Act) နှင့်အညီ သားသမီးမွေးစားသူ သို့မဟုတ် မွေးစားခံရသူက မှတ်ပုံတင်ရန် တင်ပြလာပါက အခြားစာချုပ်စာတမ်းများနည်းတူ မှတ်ပုံတင်ရမည်။

## အခန်း (၁၀)

## စာချုပ်စာတမ်း မှတ်ပုံတင်ခြင်း၏ အကျိုးသက်ရောက်မှု

၄၇။ ဤဥပဒေအရ မှတ်ပုံတင်ပြီးဖြစ်သော စာချုပ်စာတမ်းသည် -

(က) စာချုပ်ချုပ်ဆိုသည့် နေ့ရက်မှစ၍ အကျိုးသက်ရောက်မှုရှိရမည်။

(ခ) ရွှေ့ပြောင်းနိုင်သောပစ္စည်း သို့မဟုတ် မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့်သက်ဆိုင်လျှင် ယင်းပစ္စည်းများနှင့်စပ်လျဉ်း၍ စာချုပ်စာတမ်းပါ စည်းကမ်းချက်များနှင့်ဆန့်ကျင်သော နှုတ်ကတိ သို့မဟုတ် အကြောင်းကြားကြေညာချက်ကိုလွှမ်းမိုး၍ အကျိုးသက်ရောက်မှု ရှိစေရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ အကျိုးသက်ရောက်မှုရှိသော်လည်း စာချုပ်စာတမ်းပါ စည်းကမ်းချက်များနှင့် ဆန့်ကျင်သော နှုတ်ကတိ သို့မဟုတ် အကြောင်းကြားကြေညာချက်အရ လက်ရောက်ပေးအပ်ပြီးဖြစ်သောပစ္စည်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၄၈။ ပုဒ်မ ၁၆ အရ သတ်မှတ်သော မှတ်ပုံမတင်မနေရ စာချုပ်စာတမ်းများကို မှတ်ပုံတင်ခြင်းမပြုလျှင်-

(က) မရွှေ့မပြောင်းနိုင်သောပစ္စည်းကို တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်းတို့သည် အကျိုးသက်ရောက်မှု မရှိစေရ။

(ခ) ကိတ္တိမသားသမီးမွေးစားခြင်းအတွက် တရားဝင်အထောက်အထား သက်သေခံချက်မဖြစ်စေရ။

(ဂ) စာချုပ်စာတမ်းပါပစ္စည်းနှင့်သက်ဆိုင်သည့် သို့မဟုတ် အခွင့်အာဏာပေးအပ်ချက်သည် တရားဝင် အထောက်အထား သက်သေခံချက် မဖြစ်စေရ။

၄၉။ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ) နှင့် (င) တို့ပါ စာချုပ်စာတမ်းများနှင့် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့ပါ စာချုပ်စာတမ်းများကို မှတ်ပုံတင်ထားလျှင် ယင်းစာချုပ်စာတမ်းပါပစ္စည်းနှင့် သက်ဆိုင်သော ကတိပြုချက်နှင့် စည်းကမ်းချက်များသည် တရားဝင်ဖြစ်သည်။

## အခန်း (၁၁)

## မှတ်ပုံတင်အရာရှိနှင့် စုံစမ်းစစ်ဆေးရေးမှူးတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅၀။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် -

(က) စာချုပ်စာတမ်းများကိုမှတ်ပုံတင်ရန် တင်ပြပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(၁) မှတ်ပုံတင်ရန် တင်ပြသည့် နေ့ရက်၊ အချိန်၊ နာရီနှင့် နေရပ်တို့ကို ယင်းစာချုပ်စာတမ်းတွင် ရေးမှတ်၍ မှတ်ပုံတင်ရန် တင်ပြသူ၏ လက်မှတ်ကို ရေးထိုးစေခြင်း၊

(၂) စာချုပ်စာတမ်းလက်ခံရရှိကြောင်း ပြေစာလက်မှတ်ကို မှတ်ပုံတင်ရန် တင်ပြသူအား ထုတ်ပေးခြင်း၊

(၃) မှတ်ပုံတင်ခွင့်ပြုသည့် စာချုပ်စာတမ်းကို သက်ဆိုင်သည့် မှတ်ပုံတင်စာအုပ်၌ ကြန့်ကြာခြင်း မရှိစေဘဲ အစဉ်အတိုင်း မှတ်တမ်းတင်ခြင်း။

(ခ) ညွှန်ကြားရေးမှူးချုပ်၏ ညွှန်ကြားချက်နှင့်အညီ မှတ်ပုံတင်စာအုပ်ကို မှတ်ပုံတင်ရန် တင်ပြသည့် စာချုပ်စာတမ်းနှင့် တိုက်ဆိုင်စစ်ဆေးပြီး လက်မှတ်ရေးထိုးရမည်။

၅၁။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် -

(က) တရားရုံး၏ ဒီကရီ သို့မဟုတ် အမိန့် တာဝန်ခံမိတ္တူကိုဖြစ်စေ၊ ပုဒ်မ ၈၃၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ပေးပို့သော မိတ္တူများမှတစ်ပါး ကျန်စာချုပ်များကိုဖြစ်စေ မှတ်ပုံတင်ရန် လက်ခံသည့်အခါ စာချုပ်စာတမ်းများတွင် အောက်ပါထပ်ဆင့်ရေးမှတ်ချက်များကို ရေးမှတ်ရမည် -

(၁) စာချုပ်ချုပ်ဆိုကြောင်းဝန်ခံသည့် စာချုပ်စာတမ်းချုပ်ဆိုသူကိုယ်တိုင် သို့မဟုတ် ကိုယ်စားပြုသူ သို့မဟုတ် ကိုယ်စားလှယ်လွှဲအပ်ခံရသူ၏ လက်မှတ်နှင့် ဆက်လက်ရေးသားသော အချက်များ၊

(၂) ဤဥပဒေပါပြဋ္ဌာန်းချက်များအရ စာချုပ်စာတမ်းနှင့်စပ်လျဉ်း၍ စစ်ဆေးခံရသူတို့၏ လက်မှတ်နှင့် ဆက်လက်ရေးသားသောအချက်များ၊

(၃) စာချုပ်စာတမ်းချုပ်ဆိုခြင်းနှင့်စပ်လျဉ်း၍ ငွေဖြစ်စေ၊ ကုန်စည်ဖြစ်စေ ပေးအပ်ခြင်းနှင့် သက်ဆိုင်သော အဖိုးစားနားအားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်း လက်ခံရရှိကြောင်း မိမိရှေ့မှောက်တွင် ဝန်ခံချက်များ။

(ခ) စာချုပ်စာတမ်းချုပ်ဆိုသူက ပုဒ်မခွဲ (က) ပါ ဝန်ခံချက်များကို စာချုပ်စာတမ်းတွင် ထပ်ဆင့် ရေးမှတ်ချက်မပြုလိုကြောင်း ငြင်းဆိုလျှင် ယင်းသို့ငြင်းဆိုချက်ကို စာချုပ်စာတမ်းမှတ်ပုံတင်ပြီး ချိန်တွင် မှတ်တမ်းတင်ထားရမည်။

၅၂။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် စာချုပ်စာတမ်းတစ်ရပ်နှင့် စပ်လျဉ်း၍ တစ်နေ့တည်း၌ ဆောင်ရွက်သော ပုဒ်မ ၅၀ နှင့် ၅၁ တို့အရ ဆောင်ရွက်ချက်များကို ယင်းစာချုပ် စာတမ်းတွင် ရက်စွဲတပ်၍ လက်မှတ်ရေးထိုးရမည်။

၅၃။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် -

(က) ဤဥပဒေပါပြဋ္ဌာန်းချက်များအရ မှတ်ပုံတင်ခွင့်ပြုရန် တင်ပြသည့် စာချုပ်စာတမ်းများကို မှတ်ပုံတင် ပြီးသည့်အခါ ယင်းစာချုပ်စာတမ်းများ မှတ်ပုံတင်ထားသည့် မှတ်ပုံတင်စာအုပ်အမှတ်နှင့် စာမျက်နှာ အမှတ်များကို စာချုပ်စာတမ်းတွင်ရေးသား၍ မှတ်ပုံတင်ပြီးကြောင်း ထပ်ဆင့်ရေးမှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ထပ်ဆင့်ရေးမှတ်ချက်များကို ရုံးတံဆိပ်ရိုက်နှိပ်ခြင်း၊ ရက်စွဲနှင့်အတူ လက်မှတ်ရေးထိုးခြင်းတို့ ဆောင်ရွက်ပြီးလျှင် စာချုပ်စာတမ်းမှတ်ပုံတင်ခြင်း ပြီးမြောက်သည်။

၅၄။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် -

(က) စာချုပ်စာတမ်းများကို စစ်ဆေးရာ၌ လိုအပ်ပါက တရားရုံး၏ ကျမ်းကျိန်လွှာကို တင်ပြစေနိုင်သည်။

(ခ) လိုအပ်လျှင် စစ်ဆေးမေးမြန်းခံရသူ တစ်ဦးချင်းအလိုက် ထွက်ဆိုချက်များကို ရေးမှတ်၍ မှတ်တမ်းတင်ထားနိုင်သည်။

(ဂ) စစ်ဆေးမေးမြန်းခံရသူတို့၏ ထွက်ဆိုချက်များကို ပြန်လည်ဖတ်ပြပြီး ထွက်ဆိုသူက ဟုတ်မှန်ကြောင်း ဝန်ခံလျှင် ယင်းထွက်ဆိုချက်တွင် လက်မှတ်ရေးထိုးရမည်။

(ဃ) မိမိလက်မှတ်ရေးထိုးထားသော ထွက်ဆိုချက်ပါ အချက်အလက်များကို ထင်ရှားပြီးသော အကြောင်းအရာများအဖြစ် သတ်မှတ်နိုင်သည်။

၅၅။ (က) ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် စုံစမ်းစစ်ဆေးရေးမှူး၏ ကြီးကြပ်မှုကို ခံယူဆောင်ရွက်ရမည်။

(ခ) စုံစမ်းစစ်ဆေးရေးမှူးသည် ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ တိုင်ကြားလျှင် လိုအပ်သလိုစစ်ဆေး၍ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ၏ ဥပဒေနှင့်မညီသော ဆောင်ရွက်ချက်များရှိပါက အရေးယူဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် စုံစမ်းစစ်ဆေးရေးမှူး၏ တင်ပြချက်ကိုစိစစ်၍ လိုအပ်သလို ဆုံးဖြတ်ဆောင်ရွက်နိုင်သည်။

၅၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် အောက်ပါကိစ္စရပ်များဆောင်ရွက်ရန် လိုအပ်ပါက ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည် -

(က) ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၁ ပါ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးများတွင် မလိုအပ်သည့် စာရွက်စာတမ်းများ ဖျက်ဆီးခြင်း၊

(ခ) ဒဏ်ကြေး ကင်းလွတ်ခွင့်ပြုခြင်း။

၅၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် မိမိလက်အောက်ရှိ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများကို ဥပဒေနှင့်အညီဖြစ်စေရေးအတွက် တာဝန်ယူကြီးကြပ်ရမည်။

၅၈။ ညွှန်ကြားရေးမှူးချုပ်သည် မှတ်ပုံတင်ခအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ကင်းလွတ်ခွင့်ပြုရန် တင်ပြသည့်ကိစ္စနှင့်စပ်လျဉ်း၍ ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည်။

## အခန်း (၁၂)

## မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ခြင်းနှင့် အယူခံခြင်း

၅၉။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် -

(က) မှတ်ပုံတင်ရန် တင်ပြသည့်စာချုပ်စာတမ်းကို ပုဒ်မ ၃၄ ပါ ကိစ္စရပ်များကြောင့် မှတ်ပုံတင်ရန် ငြင်းပယ်လျှင် မည်သည့်အတွက် ငြင်းပယ်ကြောင်းကို သတ်မှတ်ထားသော မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းမှတ်တမ်းတင်ထားရမည့်အပြင် စာချုပ်စာတမ်း၌လည်း ငြင်းပယ်ကြောင်း ဖော်ပြရမည်။

(ခ) ပုဒ်မခွဲ (က) အရ ငြင်းပယ်သည့် စာချုပ်စာတမ်းနှင့်သက်ဆိုင်သည့် ပုဂ္ဂိုလ်ကဖြစ်စေ၊ ယင်းစာချုပ်စာတမ်းပါ သက်ဆိုင်ကြောင်းအဆိုရှိသူကဖြစ်စေ ငြင်းပယ်သည့်အမိန့်ကို ထုတ်ပေးရန် လျှောက်ထားလျှင် သတ်မှတ်ထားသည့် မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းမှတ်တမ်းတင်ထားသည့် အကြောင်းအရာများကို မိတ္တူမှန် အခမဲ့ထုတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ငြင်းပယ်သည့် စာချုပ်စာတမ်းကို ထုတ်ပေးရန်လိုအပ်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ၏ အမိန့်အရသာ ထုတ်ပေးရမည်။

၆၀။ (က) ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိက ဆုံးဖြတ်သော အောက်ပါအချက်များကို မကျေနပ်သူသည် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်နှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ အယူခံဝင်ရောက်ခွင့်ရှိသည် -

(၁) စာချုပ်ချုပ်ဆိုခြင်းမပြုကြောင်း ငြင်းဆိုချက်အရ မှတ်ပုံတင်ရန် ငြင်းပယ်ခံရခြင်း၊

(၂) စာချုပ်စာတမ်းပါပစ္စည်းသည် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးမှ စီရင်ပိုင်ခွင့်ရှိသော နယ်နိမိတ်အတွင်း မကျရောက်သည့် အကြောင်းကြောင့်မှတစ်ပါး အခြားအကြောင်းတစ်ရပ်ရပ်ကြောင့် မှတ်ပုံတင်ပေးရန် ငြင်းပယ်ခြင်း။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ၏ ချမှတ်သည့်အမိန့်ကို အယူခံဝင်နိုင်ခွင့်မရှိစေရ။

၆၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိက မှတ်ပုံတင်ရန် ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက်မိတ္တူနှင့်အတူ အယူခံလျှောက်ထားချက်ကို သတ်မှတ်ရက်အတွင်း လက်ခံရရှိလျှင် ဥပဒေနှင့်အညီ စိစစ်ရန် စုံစမ်းစစ်ဆေးရေးမှူးအား တာဝန်ပေးအပ်နိုင်သည်။

၆၂။ စုံစမ်းစစ်ဆေးရေးမှူးသည် ပုဒ်မ ၆၁ အရ တာဝန်ပေးအပ်ချက်ကို လက်ခံရရှိလျှင် အောက်ပါတို့ကို ဆောင်ရွက်ပြီး တာဝန်ပေးအပ်ခြင်းခံရသည့်နေ့မှ ၁၅ ရက်အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ တွေ့ရှိချက်အစီရင်ခံစာ ပြန်လည် တင်ပြရမည် -

(က) စာချုပ်စာတမ်းမှတ်ပုံတင်ရန် တင်ပြသူများ၊ စာချုပ်စာတမ်းချုပ်ဆိုသူများနှင့် သက်သေများကို ရုံးသို့ဆင့်ခေါ်ခြင်းနှင့် စစ်ဆေးခြင်း၊

(ခ) လိုအပ်သောအထောက်အထား စာရွက်စာတမ်းများကို သက်ဆိုင်သူများထံမှ တောင်းခံရယူခြင်း။

၆၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် စုံစမ်းစစ်ဆေးရေးမှူး၏ တင်ပြချက်ကို စိစစ်ပြီး ယင်းတင်ပြချက်ရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုသည့်အမိန့် သို့မဟုတ် ပြင်ဆင်သည့်အမိန့် ချမှတ်ရမည်။

၆၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိ၏ မှတ်ပုံတင်ခွင့်မပြုကြောင်းဆုံးဖြတ်ချက်ကို ပြင်ဆင်သည့်အမိန့် ချမှတ်ပါက စာချုပ်စာတမ်း မှတ်ပုံတင်ခွင့်ပြုရန် အယူခံတင်သွင်းသူသည် ယင်းအမိန့် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ မှတ်ပုံတင်ခွင့်ပြုရန် ထပ်မံတင်ပြနိုင်သည်။

၆၅။ ပုဒ်မ ၆၄ နှင့်အညီ တင်ပြချက်အရ မှတ်ပုံတင်ခွင့်ရရှိသော စာချုပ်စာတမ်းကို ကနဦးလျှောက်ထားသည့်နေ့ရက်တွင် မှတ်ပုံတင်သကဲ့သို့ မှတ်ယူရမည်။

၆၆။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ၏ မှတ်ပုံတင်ရန် ငြင်းပယ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုလျှင် အတည်ပြုသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အယူခံဝင်ရောက်သူသည် သက်ဆိုင်ရာမှတ်ပုံတင်ရုံး၌ စာချုပ်စာတမ်းကို မှတ်ပုံတင်စေသည့် တရားရုံး၏ ဒီကရီ သို့မဟုတ် အမိန့်ချမှတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာတရားရုံးသို့ လျှောက်ထားနိုင်သည်။

(ခ) အယူခံဝင်ရောက်သူသည် စာချုပ်စာတမ်းကို မှတ်ပုံတင်ရန်တရားရုံး၏ ဒီကရီ သို့မဟုတ် အမိန့်ရရှိပါက ယင်းအမိန့်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိထံ စာချုပ်စာတမ်းမှတ်ပုံတင်ပေးရန် လျှောက်ထားရမည်။

၆၇။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၆၆၊ ပုဒ်မခွဲ (ခ) အရ တင်ပြသည့် စာချုပ်စာတမ်းကို ဥပဒေနှင့်အညီ မှတ်ပုံတင်ပေးရမည်။

## အခန်း (၁၃)
## မှတ်ပုံတင်ခြင်း၊ ရှာဖွေခြင်း၊ မိတ္တူကူးယူခြင်းဆိုင်ရာ အခကြေးငွေများ

၆၈။ ဝန်ကြီးဌာနသည် အောက်ပါကိစ္စရပ်များအတွက် ပေးဆောင်ရမည့် အခကြေးငွေများကို သတ်မှတ်ပြီး သတ်မှတ်သည့်အခကြေးငွေနှုန်းထားများကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာရမည့်အပြင် မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများရှိ အများပြည်သူမြင်သာသည့်နေရာ၌ ထင်ရှားစွာဖော်ပြထားရန် ညွှန်ကြားရမည် -

(က) စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်း၊

(ခ) မှတ်ပုံတင်စာအုပ်နှင့် အညွှန်းမာတိကာများကို ရှာဖွေကြည့်ရှုခြင်းနှင့် မိတ္တူရေးကူးခြင်း၊

(ဂ) ကော်မရှင်နာ ခန့်အပ်ခြင်း၊

(ဃ) စာချုပ်စာတမ်းချုပ်ဆိုသူ နေထိုင်ရာသို့ သွားရောက်ဆောင်ရွက်ခြင်း၊

(င) ဘာသာပြန်ချက်များ တွဲထားခြင်း၊

(စ) ချိပ်ပိတ်သေတမ်းစာများကို ထိန်းသိမ်းခြင်း၊ ဖွင့်ပေးခြင်းနှင့် ပြန်အပ်ခြင်း၊

(ဆ) မှတ်ပုံတင်သည့် စာချုပ်စာတမ်းကိုဖြစ်စေ၊ မှတ်ပုံတင်ရန်ငြင်းပယ်သော စာချုပ်စာတမ်းကိုဖြစ်စေ ထုတ်ယူခြင်းမရှိ၍ လုံခြုံစွာထိန်းသိမ်းထားခြင်း၊ အခြားကိစ္စရပ်များ ဆောင်ရွက်ခြင်း။

၆၉။ စာချုပ်စာတမ်းမှတ်ပုံတင်ပေးရန် တင်ပြသူသည် ပုဒ်မ ၆၈ အရ သတ်မှတ်ကြေညာထားသော အခကြေးငွေနှုန်းထားများပါ စာချုပ်စာတမ်း မှတ်ပုံတင်ခကို မှတ်ပုံတင်သည့်အချိန်တွင် ပေးဆောင်ရမည်။

## အခန်း (၁၄)
## မှတ်ပုံတင်ပြီးဖြစ်သည်ဟု မှတ်ယူရသည့် စာချုပ်စာတမ်းများ

၇၀။ အောက်ပါစာချုပ်စာတမ်းများ သို့မဟုတ် မြေပုံများသည် ဤဥပဒေအရ မှတ်ပုံတင်ပြီးဖြစ်သည်ဟု မှတ်ယူရမည် -

(က) မြေခွန်နှုန်းသတ်မှတ်သည့်အရာရှိ သို့မဟုတ် ပြင်ဆင်သတ်မှတ်သည့်အရာရှိက ထုတ်ပေးသော သို့မဟုတ် လက်ခံထားသော စာချုပ်စာတမ်းများနှင့် မှန်ကန်ကြောင်း သက်သေခံလက်မှတ် ရေးထိုးထားသည့် စာချုပ်စာတမ်းများ၊

(ခ) နိုင်ငံတော်အစိုးရက မြေတိုင်းတာရန် တာဝန်ပေးအပ်သည့် အရာရှိက ထုတ်ပေးသော သို့မဟုတ် လက်ခံသောစာချုပ်စာတမ်းနှင့် မြေပုံများ၊ ယင်းအရာရှိတို့က မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးထားသည့် စာချုပ်စာတမ်းနှင့် မြေပုံများ၊

(ဂ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အခွန်ရုံးသို့ မှန်မှန်ပေးပို့ရသည့် ကျေးရွာစာရင်းနှင့် သက်ဆိုင်သော စာချုပ်စာတမ်းများ၊

(ဃ) နိုင်ငံတော်အစိုးရအတွက် မြေပေါ်၊ မြေအောက် အကျိုးစီးပွားအလို့ငှာ လွှဲပြောင်းပေးအပ်သော စာချုပ်စာတမ်းများ။

၇၁။ ပုဒ်မ ၇၀ ပါ စာချုပ်စာတမ်းနှင့် မြေပုံများကို မည်သူမဆို သတ်မှတ်ထားသည့် အခကြေးငွေ ပေးသွင်း၍ ကြည့်ရှုခွင့်နှင့် မိတ္တူကူးယူခွင့်ရှိသည်။

## အခန်း (၁၅)
## တားမြစ်ချက်များ

၇၂။ စာချုပ်စာတမ်းမှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ရန် ဤဥပဒေအရ ခန့်အပ်တာဝန်ပေးခြင်းခံရသူ မည်သူမျှ တစ်ဦးတစ်ယောက်သောသူ၏ အကျိုးပျက်စီးနစ်နာစေရန် အကြံဖြင့်ဖြစ်စေ၊ ယင်းသို့ နစ်နာစေရန် အကြောင်းရှိကြောင်း သိလျက်နှင့်ဖြစ်စေ၊ မမှန်မကန်သည်ကိုသိလျက်နှင့်ဖြစ်စေ၊ သိရှိရန်အကြောင်း ရှိလျက်နှင့်ဖြစ်စေ မှတ်ပုံတင်ရန် တင်ပြသောစာချုပ်စာတမ်းကိုသော်လည်းကောင်း၊ အပ်နှံထားသော စာချုပ်စာတမ်းကိုသော်လည်းကောင်း မမှန်မကန်ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ မိတ္တူရေးကူးခြင်း၊ ဘာသာပြန်ဆိုခြင်း သို့မဟုတ် မှတ်ပုံတင်ပေးခြင်းမပြုရ။

၇၃။ မည်သူမျှ အောက်ပါအချက်တစ်ရပ်ရပ်ကို ကျူးလွန်ခြင်းမပြုရ -

(က) ဤဥပဒေအရဆောင်ရွက်သည့် မှုခင်းတစ်စုံတစ်ရာတွင်ဖြစ်စေ၊ စုံစမ်းစစ်ဆေးခြင်းပြုရာတွင် ဖြစ်စေ မှတ်ပုံတင်အရာရှိ သို့မဟုတ် စုံစမ်းစစ်ဆေးရေးမှူးရှေ့မှောက်၌ မမှန်မကန်ထွက်ဆိုခြင်း၊

(ခ) မမှန်ကန်သောစာချုပ်စာတမ်းကိုဖြစ်စေ၊ ဘာသာပြန်ဆိုချက်ကိုဖြစ်စေ၊ မြေပုံ သို့မဟုတ် ပုံစံမိတ္တူကို ဖြစ်စေ သိလျက်နှင့် မှတ်ပုံတင်အရာရှိထံ အပ်နှံခြင်း၊

(ဂ) ဤဥပဒေအရဆောင်ရွက်သည့် မှုခင်းတစ်စုံတစ်ရာတွင်ဖြစ်စေ၊ စုံစမ်းစစ်ဆေးခြင်းပြုရာတွင် ဖြစ်စေ စာချုပ်စာတမ်းချုပ်ဆိုသူ သို့မဟုတ် ယင်း၏ကိုယ်စားလှယ်မဟုတ်ဘဲ အယောင်ဆောင်၍ စာချုပ်တင်ပြခြင်း၊ ထွက်ဆိုချက်ပေးခြင်းနှင့် တစ်နည်းနည်းဖြင့် မမှန်မကန်ဆောင်ရွက်ခြင်း။

## အခန်း (၁၆)
## ပြစ်ဒဏ်များ

၇၄။ မည်သူမဆို ပုဒ်မ ၇၂ နှင့် ၇၃ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၅။ မည်သူမဆို ပုဒ်မ ၇၂ နှင့် ၇၃ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို မူရင်းပြစ်မှုပါသတ်မှတ်ထားသည့် ပြစ်ဒဏ်အတိုင်း ချမှတ်ရမည်။

၇၆။ မည်သူမဆို တားမြစ်ချက်ပါ မျိုးတူပြစ်မှုတစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်ခုနစ်နှစ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

## အခန်း (၁၇)
## အထွေထွေ

၇၇။ မည်သည့် စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ သို့မဟုတ် စုံစမ်းစစ်ဆေးရေးမှူးကမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သဘောရိုးဖြင့် တာဝန်ထမ်းဆောင်ရာ၌ ဥပဒေအရ ပေးအပ်ထားသော

လုပ်ငန်းတာဝန်အရ ငြင်းဆိုခြင်း၊ စစ်ဆေးခြင်းနှင့် သတ်မှတ်ချက်နှင့်ဆောင်ရွက်စေခြင်းတို့ကို အကြောင်းပြု၍ တရားစွဲဆိုခြင်း၊ အရေးယူခြင်း မရှိစေရ။

၇၈။ တားမြစ်ချက်ပါပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းခံရသဖြင့် နစ်နာသူက တရားရုံးသို့ ဦးတိုက်လျှောက်ထား တရားစွဲဆိုရာတွင် သက်ဆိုင်ရာစာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ သို့မဟုတ် စုံစမ်းစစ်ဆေးရေးမှူးသည် သက်သေအဖြစ် သက်သေခံခြင်းကိုဖြစ်စေ၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးမှ လိုအပ်သော အထောက်အထား စာရွက်စာတမ်းများ၏မိတ္တူမှန် အခမဲ့ထုတ်ပေးခြင်းကိုဖြစ်စေ ဆောင်ရွက်ရမည်။

၇၉။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် သေတမ်းစာမှတစ်ပါး အခြား စာရွက်စာတမ်းများကို ၂၄ လအတွင်း ပြန်လည်ရွေးယူခြင်းမရှိလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ဖြင့် ဖျက်ဆီးနိုင်သည်။

၈၀။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက ဤဥပဒေနှင့်အညီ မှတ်ပုံတင်သည့် စာချုပ်စာတမ်းများသည် စာချုပ်စာတမ်းချုပ်ဆို တင်ပြသူတို့၏ ထွက်ဆိုတင်ပြချက်များကို စိစစ်၍ မှတ်ပုံတင်သွင်းရခြင်းဖြစ်သဖြင့် ယင်းအရာရှိ၏ ဆောင်ရွက်ချက်ကို ခိုင်မာမှုမရှိဟု မှတ်ယူခြင်းမပြုရ။

၈၁။ ဤဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ အစိုးရပိုင်ပစ္စည်းအပ်နှံခံရသူအရာရှိ သို့မဟုတ် ပစ္စည်းထိန်း အရာရှိတို့သည် မိမိတို့၏တာဝန်အရချုပ်ဆိုသည့် စာချုပ်စာတမ်းများနှင့်စပ်လျဉ်း၍ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးသို့ မိမိတို့ကိုယ်တိုင် လာရောက်ခြင်းမှသော်လည်းကောင်း၊ မိမိ၏ကိုယ်စားလှယ်ကို စေလွှတ်ရခြင်းမှသော်လည်းကောင်း၊ ပုဒ်မ ၅၀ အရ လက်မှတ်ရေးထိုးရခြင်းမှသော်လည်းကောင်း ကင်းလွတ်ခွင့် ရှိသည်။

၈၂။ ပုဒ်မ ၈၁ အရ ချုပ်ဆိုသည့် စာချုပ်စာတမ်းများနှင့်စပ်လျဉ်း၍ လိုအပ်လျှင် ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက သက်ဆိုင်ရာစာချုပ်စာတမ်း ချုပ်ဆိုသူများအား အကြောင်းကြားမေးမြန်းနိုင်သည်။ စာချုပ်စာတမ်းချုပ်ဆိုကြောင်း ယုံကြည်လျှင် မှတ်ပုံတင်ပေးရမည်။

၈၃။ (က) တရားမကျင့်ထုံးဥပဒေအရ မရွှေ့မပြောင်းနိုင်သောပစ္စည်းရောင်းချကြောင်း သက်သေခံလက်မှတ်ထုတ်ပေးသည့် တရားရုံးက ယင်းသက်သေခံလက်မှတ်မိတ္တူကို ပစ္စည်းတည်ရှိရာဒေသရှိ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ ပေးပို့ရမည်။

(ခ) လေလံတင်ရောင်းချသော မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့်စပ်လျဉ်း၍ လေလံဆွဲ၍ ဝယ်ယူရရှိသူအားထုတ်ပေးသည့် ရောင်းချကြောင်းလက်မှတ်မိတ္တူကို သက်ဆိုင်ရာအရာရှိက ပစ္စည်းတည်ရှိရာဒေသ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ ပေးပို့ရမည်။

(ဂ) ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) နှင့် (ခ) တို့အရပေးပို့သော တရားရုံး၏သက်သေခံလက်မှတ်မိတ္တူ သို့မဟုတ် ရောင်းချကြောင်း လက်မှတ်မိတ္တူကို သတ်မှတ်ထားသော မှတ်ပုံတင်စာအုပ်တွင် တွဲထားရမည်။

၈၄။ (က) စာချုပ်စာတမ်းများ မှတ်ပုံတင်ပေးရန် ဆောင်ရွက်နေစဉ် ကန့်ကွက်ချက်ရှိပါက ကန့်ကွက်သူကို ရက်ပေါင်း ၉၀ အတွင်း သက်ဆိုင်ရာတရားရုံးက ထုတ်ပေးသည့်ယာယီတားဝရမ်း တင်ပြစေရမည်။ သတ်မှတ်ရက်အတွင်း တင်ပြနိုင်ခြင်းမရှိပါက စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းကို ဆက်လက်ဆောင်ရွက်ရမည်။

(ခ) ဤဥပဒေနှင့်အညီ မှတ်ပုံတင်ထားသောစာချုပ်များကို ပယ်ဖျက်လိုလျှင် ပယ်ဖျက်လိုသူက သီးခြားသက်သာခွင့်အက်ဥပဒေပါ ပြဋ္ဌာန်းချက်အရ အဆိုပါစာချုပ်စာတမ်းကို ဖျက်သိမ်းပေးရန် သက်ဆိုင်ရာတရားရုံးတွင် လျှောက်ထားရမည်။

(ဂ) မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (ခ) အရ လျှောက်ထားခြင်းအတွက် တရားရုံးကချမှတ်သည့် ဒီကရီ သို့မဟုတ် အမိန့် တာဝန်ခံမိတ္တူကို လက်ခံရရှိလျှင် ယင်း ဒီကရီ သို့မဟုတ် အမိန့်နှင့်အညီ ဆောင်ရွက်ရမည်။

၈၅။ ဤဥပဒေဖြင့်ရုပ်သိမ်းသည့် စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေ (THE REGISTRATION ACT, India Act 16, 1908, Vol.X) အရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၈၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန်နိုင်သည်။

၈၇။ THE REGISTRATION ACT, (India Act 16, 1908, Vol.X) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၈**

၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်

(၂၀၁၈ ခုနှစ်၊ မတ်လ ၂၁ ရက်)

**တိုင်းရင်းသားရေးရာကော်မတီတွင် ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင် အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း**

အမျိုးသားလွှတ်တော်၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၇) ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည့် တိုင်းရင်းသားရေးရာကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ်၊ မဲဆန္ဒနယ် အမှတ် (၂) မှ ဒေါ်ရှီလာနန်တောင် (ခ) အမ်နန်တောင် **အစား** မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၂) မှ ဒေါ်နွယ်နွယ်အောင် အားလည်းကောင်း၊ အဖွဲ့ဝင်အဖြစ် ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁) မှ ဦးငွန်ပေး **အစား** စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၄) မှ ဦးလှဦး အားလည်းကောင်း အစားထိုးပြင်ဆင် ဖွဲ့စည်းလိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၈**

၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်

(၂၀၁၈ ခုနှစ်၊ မတ်လ ၂၁ ရက်)

**ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်း**

**ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေပုဒ်မ ၁၀၆၊ ၁၀၇ နှင့် အမျိုးသားလွှတ်တော်အစည်းအဝေး ဆုံးဖြတ်ချက်တို့အရ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးစောမိုးမြင့် (ခ) ဆင်မြူရယ် | ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁) | **ဥက္ကဋ္ဌ** |
| (ခ) | ဦးနိုင်ကိုကို | ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁၂) | အဖွဲ့ဝင် |
| (ဂ) | ဦးဖြေရယ် (ခ) ဦးမြင့်သန်းထွန်း | ကယားပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| (ဃ) | ဦးစိုင်းသန်းနိုင် | ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၅) | အဖွဲ့ဝင် |
| (င) | ဦးငွန်ဟေး | ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| (စ) | ဦးကိုကိုနိုင် | စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၈) | အဖွဲ့ဝင် |
| (ဆ) | ဦးဇော်ဟိန်း | တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၇) | အဖွဲ့ဝင် |
| (ဇ) | ဦးမောင်မောင်ဆွေ | မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၉) | အဖွဲ့ဝင် |
| (ဈ) | ဦးစိုးသီဟ (ခ) မောင်တူး | မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁၀) | အဖွဲ့ဝင် |
| (ည) | ဦးကျော်ကျော်ဝင်း | ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၈) | အဖွဲ့ဝင် |
| (ဋ) | ဦးရဲမြင့်စိုး | ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၇) | အဖွဲ့ဝင် |
| (ဌ) | ဦးမိုင်းအုဏ်းခိုင် | ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁၀) | အဖွဲ့ဝင် |
| (ဍ) | ဦးစိုးမိုး | ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးကြီးဇော်လွင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးမြမင်းဆွေ | မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉) | **အတွင်းရေးမှူး** |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါတိုင်း ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီအမည်ပြင်ဆင်ခြင်းနှင့် ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်ခြင်းတို့ ဆောင်ရွက်နိုင်သည်။

**ကော်မတီ၏တာဝန်များ**

၄။ ကော်မတီ၏တာဝန်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

(က) ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ မူဝါဒ၊ ရည်မှန်းချက်များ၊ စီမံကိန်းများ၊

လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၏ လက်ရှိရောက်ရှိနေသော အခြေအနေများကို လေ့လာသုံးသပ်အကြံပြုရန်၊

(ခ) ကော်မတီသည် ဆောက်လုပ်ရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ လျှပ်စစ်ကဏ္ဍနှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများကို လေ့လာ၍ အောက်ဖော်ပြပါ ကဏ္ဍများအလိုက် သုံးသပ်အကြံပြုရန် -

(၁) **ဆောက်လုပ်ရေးကဏ္ဍ**

(ကက) မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးကဏ္ဍကို စနစ်ကျန၍ ခေတ်မီစွာ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ခခ) မြန်မာနိုင်ငံအတွင်းရှိ မြို့ပြနှင့် ကျေးလက်ဒေသနေ ပြည်သူလူထု၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရေးအတွက် လမ်း၊ တံတားများကို အဆင့်မီအသစ်ဖောက်လုပ်တည်ဆောက်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ရန်၊

(ဂဂ) ပြည်သူလူထုအတွက် သင့်လျော်ကောင်းမွန်သည့် အိမ်ရာများကို ဖြည့်ဆည်းဆောင်ရွက်ရန်။

(၂) **စက်မှုကဏ္ဍ**

(ကက) ခေတ်မီစိုက်ပျိုးရေးကို အခြေခံ၍ စက်မှုနိုင်ငံအဆင့်သို့ တက်လှမ်းရေး၊ လယ်ယာအခြေခံ စက်မှုလုပ်ငန်းများ၊ လယ်ယာထွက်ကုန်များ တန်ဖိုးမြှင့်ထုတ်လုပ်သည့် လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်လာစေရေးနှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်ရင်း အကြီးစား စက်မှုလုပ်ငန်းများဆက်လက်ထူထောင်ခြင်းဖြင့် သွင်းကုန်အစားထိုး ထုတ်ကုန်များနှင့် ပြည်ပပို့ကုန်များ တိုးမြှင့်ရန်၊

(ခခ) စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍ၊ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ ပိုမိုမြှင့်တင်ရေးကို ဦးစားပေးပြီး နည်းပညာ၊ အတတ်ပညာနှင့် ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်၍ ပူးပေါင်းဆောင်ရွက်ရန်၊

(ဂဂ) နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖြစ်ပေါ်လာစေရန် ပြည်တွင်းရှိ သယံဇာတကုန်ကြမ်းပစ္စည်းများကို ထိရောက်အကျိုးရှိစွာ အသုံးပြုပြီး တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရန်။

(၃) **လျှပ်စစ်ကဏ္ဍ**

(ကက) မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ လျှပ်စစ်ဓာတ်အား လုံလောက်ပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ရနိုင်သမျှ ရေအား၊ လေအား၊ နေအား၊ အပူစွမ်းအင်နှင့် အခြားစွမ်းအင်အရင်းအမြစ်များကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပြီး ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်စေရန်၊

(ခခ) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်းများကို ခေတ်မီနည်းစနစ်များနှင့်အညီ ဆောင်ရွက်၍ ဒေသအလိုက်ဖြန့်ဖြူးရေးလုပ်ငန်းများတွင် ပုဂ္ဂလိကပိုင်းမှ ပါဝင်ဆောင်ရွက်မှုကို အားပေးမြှင့်တင်သွားရန်၊

(ဂဂ) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် ပို့လွှတ်ခြင်းလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် EIA/SIA သုံးသပ်မှုများပြုလုပ်ပြီး စနစ်တကျ စီမံဆောင်ရွက်သွားရန်၊

(ဃဃ) ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုပါဝင်လာပြီး စီးပွားရေးအသွင်ဆောင်သော လျှပ်စစ်လုပ်ငန်းများ ဖြစ်ပေါ်လာစေရန်၊

(ငင) လျှပ်စစ်ဥပဒေနှင့် နည်းဥပဒေများကို နိုင်ငံတော်၏စီးပွားရေးမူဝါဒများ ပွင့်လင်းလာသော ခေတ်ကာလနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ပြည်တွင်းပြည်ပ ပညာရှင်များ၏ အကြံဉာဏ်အကူအညီများကို ရယူဆောင်ရွက်ရန်။

(၄) **စွမ်းအင်ကဏ္ဍ**

(ကက) ပြည်တွင်းစွမ်းအင်လိုအပ်ချက်ဖူလုံစေရေး ဦးစားပေးဆောင်ရွက်ရန်၊ ရှာဖွေတွေ့ရှိသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ သယံဇာတများကို ထွက်ရှိရာဒေသ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံး အကျိုးရှိထိရောက်စွာ ရရှိခံစားနိုင်ရေး အတွက် ဆောင်ရွက်ရန်၊

(ခခ) စဉ်ဆက်မပြတ် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ဂဂ) အခြားအစားထိုးစွမ်းအင် အမျိုးအစားများကို အိမ်သုံးစွမ်းအင်အဖြစ် အသုံးပြုနိုင်ရေး မြှင့်တင်ဆောင်ရွက်ရန်၊

(ဃဃ) စွမ်းအင်ကဏ္ဍတွင် ပုဂ္ဂလိကအပိုင်းမှ ပိုမိုပါဝင်လာစေရေးကို မြှင့်တင်ဆောင်ရွက်ရန်၊

(ငင) စွမ်းအင်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်များကို ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်၊

(စစ) စွမ်းအင်အမျိုးအစားသစ်များနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးအတွက် မြှင့်တင်ဆောင်ရွက်ရန်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၅။ ကော်မတီ၏လုပ်ပိုင်ခွင့်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

(က) ကော်မတီသည် သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းတို့မှ ဖြေကြားနိုင်မည့် တာဝန်ရှိပုဂ္ဂိုလ်များကိုလည်းကောင်း၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ တာဝန်ရှိသူများကိုလည်းကောင်း ဖိတ်ကြားပြီး မေးမြန်းဆွေးနွေးနိုင်ပါသည်။

(ခ) ကော်မတီသည် လုပ်ငန်းနှင့်သက်ဆိုင်သည့် မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ အမိန့်ညွှန်ကြားချက်များနှင့် စာရင်းဇယားများကို အမျိုးသားလွှတ်တော်ရုံးမှတစ်ဆင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများထံမှ တောင်းခံနိုင်ပါသည်။

(ဂ) ကော်မတီသည် လိုအပ်သည့် နယ်မြေဒေသများသို့ သွားရောက်လေ့လာရန် ခရီးစဉ်နှင့် အုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များကို ဥက္ကဋ္ဌမှတစ်ဆင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ ခွင့်ပြုချက်ရယူရမည် ဖြစ်ပါသည်။

(ဃ) ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲ (Workshop) စာတမ်းဖတ်ပွဲများ၊ အခြားဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများမှ ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများကိုလည်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် တက်ရောက်နိုင်ခွင့်ရှိပါသည်။

(င) ကော်မတီသည် ဆပ်ကော်မတီအလိုက်ဖြစ်စေ၊ အဖွဲ့ခွဲ၍ဖြစ်စေ၊ လိုအပ်သော ပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ဖွဲ့စည်း၍ဖြစ်စေ လိုအပ်သည့် ပြည်တွင်းနေရာဒေသ၊ အသင်းအဖွဲ့၊ ရုံး၊ အလုပ်ရုံ၊ လုပ်ငန်းတည်နေရာ သို့မဟုတ် အစိုးရရုံးဌာနများနှင့် ပြည်တွင်းရှိ နိုင်ငံတကာအဖွဲ့အစည်း ရုံးများသို့ တာဝန်အရ သွားရောက်လေ့လာဆောင်ရွက်နိုင်သည်။ ထိုသို့ သွားရောက်လေ့လာ ဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ရုံးသို့ ခရီးစဉ်နှင့် အုပ်ချုပ်မှုဆိုင်ရာလိုအပ်သည်များကို ကြိုတင်ညှိနှိုင်းတင်ပြပြီး လွှတ်တော်ရုံး၏ စီစဉ်ပေးမှုဖြင့် ဆောင်ရွက်ရပါမည်။

(စ) ကော်မတီ၏ လေ့လာတွေ့ရှိချက်များအရ ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ကဖြစ်စေ ပြုပြင်ပြောင်းလဲစီစဉ်ဆောင်ရွက်ပေးရန်သင့်သော သို့မဟုတ် လိုအပ်သလို အရေးယူဆောင်ရွက်ရန်သင့်သော တွေ့ရှိချက်များရှိပါက လွှတ်တော်ဥက္ကဋ္ဌထံသို့ သက်ဆိုင်ရာအမှုတွဲနှင့်အတူ ပြည့်စုံစွာ ပြုစုတင်ပြရပါမည်။

**ကော်မတီ၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများ**

၆။　ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၇။　ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေးတက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၈)**

၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်
(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ဦးကျော်ဆန်း ၏ ကိုယ်ရေးအရာရှိအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန်ခွင့်ပြုသည့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အငယ်တန်းစာရေး ဦးစစ်မင်းခန့် [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-၉/ပသက (နိုင်) ၁၅၀၆၆၄] အား ကိုယ်ရေးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူး၌ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၇၀,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

မျိုးညွန့်
ဥက္ကဋ္ဌ
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

**အမိန့်ကြော်ငြာစာ (၁၁/၂၀၁၈)**

၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်

(၂၀၁၈ ခုနှစ်၊ မတ်လ ၂၉ ရက်)

၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ကျင်းပသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၈) အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ စီမံဌာနမှ ညွှန်ကြားရေးမှူး လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ဦးသိန်းဝင်း (ခ/၁၀၃၂) အား လစ်လပ်လျက်ရှိသော ရုံးအဖွဲ့မှူး လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) ရာထူးနေရာသို့ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

မျိုးညွန့်

ဥက္ကဋ္ဌ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၁၈**

၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

(၂၀၁၈ ခုနှစ်၊ မတ်လ ၁၄ ရက်)

**ကိုယ်ရေးအရာရှိခန့်အပ်ခြင်း**

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်စွဲပါ အမိန့်အမှတ်၊ ၆/၂၀၁၆ ဖြင့် ခန့်အပ်ခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့် ၏ ကိုယ်ရေးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးနေရာတွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ အဆောင်အယောင်ဆိုင်ရာ ဥပဒေနှင့်အညီ ဦးအောင်မြင့်ဦး [၅/ကလတ (နိုင်) ၀၈၄၉၈၇] အား အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

၂။ လစာနှုန်းထား (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၇၀,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၃၉/၂၀၁၈)**

၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်

(၂၀၁၈ ခုနှစ်၊ မတ်လ ၂၁ ရက်)

**ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်အသီးသီးအတွက် ရွေးကောက်ပွဲများကို အောင်မြင်စွာ ကြီးကြပ်ကျင်းပနိုင်ရန်နှင့် နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ဆောင်ရွက်စေရေးအတွက်

ကြီးကြပ်ပေးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် **ဧရာဝတီတိုင်းဒေသကြီး** အတွင်းရှိ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

**(က) ပုသိမ်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ**

| | | | |
|---|---|---|---|
| (၁) | ဦးတင့်လွင် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (၂) | ဦးတင်ထွန်း | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၃) | ဦးကျော်လှမိုး | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၄) | ဦးဇာနည်လင်း | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၅) | ဒေါ်နွဲ့နွဲ့ရီ | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၆) | ဦးလှသန်း | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၇) | လက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (၈) | ခရိုင်ဦးစီးမှူး၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (၉) | ခရိုင်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (၁၀) | ခရိုင်ဦးစီးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ ခရိုင်ဦးစီးမှူးရုံး | | အဖွဲ့ဝင် |
| (၁၁) | ခရိုင်ပညာရေးမှူး၊ ခရိုင်ပညာရေးမှူးရုံး | | အဖွဲ့ဝင် |
| (၁၂) | ခရိုင်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူး၊ ခရိုင်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (၁၃) | ခရိုင်ဥပဒေအရာရှိ၊ ခရိုင်ဥပဒေရုံး | | အဖွဲ့ဝင် |
| (၁၄) | ခရိုင်စာရင်းစစ်အရာရှိ၊ ခရိုင်စာရင်းစစ်ရုံး | | အဖွဲ့ဝင် |
| (၁၅) | အမှုဆောင်အရာရှိ၊ သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့ | | အဖွဲ့ဝင် |
| (၁၆) | ခရိုင်ရွေးကောက်ပွဲအရာရှိ | | အတွင်းရေးမှူး |

**(ခ) ဖျာပုံခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ**

| | | | |
|---|---|---|---|
| (၁) | ဦးအောင်ဝင်းသိန်း | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (၂) | ဦးမျိုးအောင် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၃) | ဦးရွှေသန်း | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၄) | ဒေါ်ကြင်မွှေး | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၅) | ဦးသန်းထွန်း | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၆) | ဦးဝင်းအောင် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၇) | လက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (၈) | ခရိုင်ဦးစီးမှူး၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (၉) | ခရိုင်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (၁၀) | ခရိုင်ဦးစီးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ ခရိုင်ဦးစီးမှူးရုံး | | အဖွဲ့ဝင် |
| (၁၁) | ခရိုင်ပညာရေးမှူး၊ ခရိုင်ပညာရေးမှူးရုံး | | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၁၂) | ခရိုင်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူး၊ ခရိုင်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၃) | ခရိုင်ဥပဒေအရာရှိ၊ ခရိုင်ဥပဒေရုံး | အဖွဲ့ဝင် |
| (၁၄) | ခရိုင်စာရင်းစစ်အရာရှိ၊ ခရိုင်စာရင်းစစ်ရုံး | အဖွဲ့ဝင် |
| (၁၅) | အမှုဆောင်အရာရှိ၊ သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (၁၆) | ခရိုင်ရွေးကောက်ပွဲအရာရှိ | အတွင်းရေးမှူး |

## (ဂ) မအူပင်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

| | | | |
|---|---|---|---|
| (၁) | ဦးခင်မောင်ဝင်း | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (၂) | ဦးကျော်မြင့် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၃) | ဦးအောင်ထွေး | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၄) | ဦးလှသိန်း | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၅) | ဦးစန်းဝင်း | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၆) | ဒေါ်ကြည်ကြည်မြင့် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၇) | လက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (၈) | ခရိုင်ဦးစီးမှူး၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (၉) | ခရိုင်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (၁၀) | ခရိုင်ဦးစီးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာခရိုင်ဦးစီးမှူးရုံး | | အဖွဲ့ဝင် |
| (၁၁) | ခရိုင်ပညာရေးမှူး၊ ခရိုင်ပညာရေးမှူးရုံး | | အဖွဲ့ဝင် |
| (၁၂) | ခရိုင်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူး၊ ခရိုင်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (၁၃) | ခရိုင်ဥပဒေအရာရှိ၊ ခရိုင်ဥပဒေရုံး | | အဖွဲ့ဝင် |
| (၁၄) | ခရိုင်စာရင်းစစ်အရာရှိ၊ ခရိုင်စာရင်းစစ်ရုံး | | အဖွဲ့ဝင် |
| (၁၅) | အမှုဆောင်အရာရှိ၊ သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့ | | အဖွဲ့ဝင် |
| (၁၆) | ခရိုင်ရွေးကောက်ပွဲအရာရှိ | | အတွင်းရေးမှူး |

## (ဃ) မြောင်းမြခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

| | | | |
|---|---|---|---|
| (၁) | ဦးမောင်မောင်စိန် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (၂) | ဦးခင်စိုး | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၃) | ဒေါ်မြသီတာ | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၄) | ဦးခင်ဝင်း | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၅) | ဒေါ်လှမြင့် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၆) | ဦးမျိုးဝင်းထွန်း | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၇) | လက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (၈) | ခရိုင်ဦးစီးမှူး၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၉) | ခရိုင်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ခရိုင်ဦးစီးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ ခရိုင်ဦးစီးမှူးရုံး | အဖွဲ့ဝင် |
| (၁၁) | ခရိုင်ပညာရေးမှူး၊ ခရိုင်ပညာရေးမှူးရုံး | အဖွဲ့ဝင် |
| (၁၂) | ခရိုင်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူး၊ ခရိုင်ပြည်သူ့ ကျန်းမာရေး/ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၃) | ခရိုင်ဥပဒေအရာရှိ၊ ခရိုင်ဥပဒေရုံး | အဖွဲ့ဝင် |
| (၁၄) | ခရိုင်စာရင်းစစ်အရာရှိ၊ ခရိုင်စာရင်းစစ်ရုံး | အဖွဲ့ဝင် |
| (၁၅) | အမှုဆောင်အရာရှိ၊ သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (၁၆) | ခရိုင်ရွေးကောက်ပွဲအရာရှိ | အတွင်းရေးမှူး |

## (င) လပွတ္တာခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

| | | | |
|---|---|---|---|
| (၁) | ဦးလေးအောင် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (၂) | ဦးအောင်မြင့်ဦး | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၃) | ဦးကျင်သိန်း | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၄) | ဦးမြင့်ဆွေ | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၅) | ဦးသိန်းဦး | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၆) | ဒေါ်တင်တင်လေး | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၇) | လက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (၈) | ခရိုင်ဦးစီးမှူး၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (၉) | ခရိုင်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (၁၀) | ခရိုင်ဦးစီးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ ခရိုင်ဦးစီးမှူးရုံး | | အဖွဲ့ဝင် |
| (၁၁) | ခရိုင်ပညာရေးမှူး၊ ခရိုင်ပညာရေးမှူးရုံး | | အဖွဲ့ဝင် |
| (၁၂) | ခရိုင်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူး၊ ခရိုင်ပြည်သူ့ ကျန်းမာရေး/ကုသရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (၁၃) | ခရိုင်ဥပဒေအရာရှိ၊ ခရိုင်ဥပဒေရုံး | | အဖွဲ့ဝင် |
| (၁၄) | ခရိုင်စာရင်းစစ်အရာရှိ၊ ခရိုင်စာရင်းစစ်ရုံး | | အဖွဲ့ဝင် |
| (၁၅) | အမှုဆောင်အရာရှိ၊ သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့ | | အဖွဲ့ဝင် |
| (၁၆) | ခရိုင်ရွေးကောက်ပွဲအရာရှိ | | အတွင်းရေးမှူး |

## (စ) ဟင်္သာတခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

| | | | |
|---|---|---|---|
| (၁) | ဦးဝင်းမောင် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (၂) | ဦးတင်အောင် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၃) | ဦးဝင်းထွန်း | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၄) | ဦးမြင့်ဆွေ | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၅) | ဦးမြဝင်း | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၆) ဦးကျင်ဆိုင် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (၇) လက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (၈) ခရိုင်ဦးစီးမှူး၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (၉) ခရိုင်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (၁၀) ခရိုင်ဦးစီးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ ခရိုင်ဦးစီးမှူးရုံး | | အဖွဲ့ဝင် |
| (၁၁) ခရိုင်ပညာရေးမှူး၊ ခရိုင်ပညာရေးမှူးရုံး | | အဖွဲ့ဝင် |
| (၁၂) ခရိုင်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူး၊ ခရိုင်ပြည်သူ့ ကျန်းမာရေး/ကုသရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (၁၃) ခရိုင်ဥပဒေအရာရှိ၊ ခရိုင်ဥပဒေရုံး | | အဖွဲ့ဝင် |
| (၁၄) ခရိုင်စာရင်းစစ်အရာရှိ၊ ခရိုင်စာရင်းစစ်ရုံး | | အဖွဲ့ဝင် |
| (၁၅) အမှုဆောင်အရာရှိ၊ သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့ | | အဖွဲ့ဝင် |
| (၁၆) ခရိုင်ရွေးကောက်ပွဲအရာရှိ | | အတွင်းရေးမှူး |

၂။ အပိုဒ် (၁) ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အသီးသီးသည် ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပေးအပ်သောတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန် ဖြစ်ပါသည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၈)

၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်
(၂၀၁၈ ခုနှစ်၊ မတ်လ ၂၃ ရက်)

၁။ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၈) မှ သဘောတူညီချက်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်း (၃) ဦးတို့အား ၎င်းတို့၏ အမည်နှင့် ယှဉ်တွဲဖော်ပြပါ ရာထူး၊ လစာနှုန်းနှင့် ဌာနများသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့် နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|---|
| (က) | ဦးအောင်မျိုးဟိန်း | စုံစမ်းရေးမှူး (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) အမှုစစ်တရားစွဲဌာန | ဦးစီးအရာရှိ (စုံစမ်းရေး) (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) အမှုစစ်တရားစွဲဌာန |
| (ခ) | ဦးကျော်စိုးထွန်း | စုံစမ်းရေးမှူး (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) အမှုစစ်တရားစွဲဌာန | ဦးစီးအရာရှိ (စုံစမ်းရေး) (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) အမှုစစ်တရားစွဲဌာန |

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|---|
| (ဂ) | ဦးဇော်မိုး | စုံစမ်းရေးမှူး (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) အမှုစစ်တရားစွဲဌာန | ဦးစီးအရာရှိ (စုံစမ်းရေး) (၂၁၀,၀၀၀-၄,၀၀၀-၂၃၀,၀၀၀) အမှုစစ်တရားစွဲဌာန |

၂။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေအပိုဒ် ၅၁ အရ တိုးမြှင့်ခန့်ထားသည့်ရာထူး၏ လစာနှုန်းတန်းတွင် အနိမ့်ဆုံးလစာအဆင့်မှစ၍ သတ်မှတ်ခံစားခွင့်ပြုလိုက်သည်။

အောင်ကြည်
ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၈

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်
(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်)

## ရွှေ့ပြောင်းစီမံကိန်းလုပ်ငန်းများ စဉ်ဆက်မပြတ်စိစစ်ခြင်းအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်၊ နောင်တရားဒေသအတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အစားထိုးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ပေးရန် **"ရွှေ့ပြောင်းစီမံကိန်းလုပ်ငန်းများ စဉ်ဆက်မပြတ် စိစစ်ခြင်းအဖွဲ့"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) ညွှန်ကြားရေးမှူး — ဥက္ကဋ္ဌ
ရှမ်းပြည်နယ် ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး (တောင်ကြီး)
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
နယ်စပ်ရေးရာဝန်ကြီးဌာန

(ခ) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
နယ်စပ်ရေးရာဝန်ကြီးဌာန

(ဂ) ဒုတိယအင်ဂျင်နီယာမှူးကြီး — အဖွဲ့ဝင်
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
နယ်စပ်ရေးရာဝန်ကြီးဌာန

(ဃ) လက်ထောက်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ပင်လောင်း)
ပြည်ထဲရေးဝန်ကြီးဌာန

(င) လက်ထောက်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန (ပင်လောင်း)
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

| | | |
|---|---|---|
| (စ) | မြို့နယ်ဦးစီးမှူး<br>စိုက်ပျိုးရေးဦးစီးဌာန (နောင်တရား)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | လက်ထောက်ညွှန်ကြားရေးမှူး<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန (ပင်လောင်း)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | လက်ထောက်ညွှန်ကြားရေးမှူး<br>သမဝါယမဦးစီးဌာန (တောင်ကြီး)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | မြို့နယ်ဦးစီးမှူး<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ပင်လောင်း)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | လက်ထောက်ညွှန်ကြားရေးမှူး<br>အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | မြို့နယ်ဦးစီးမှူး<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန (ပင်လောင်း)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | မြို့နယ်ဦးစီးမှူး<br>သစ်တောဦးစီးဌာန (ပင်လောင်း)<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | မြို့နယ်ဦးစီးမှူး<br>ကျေးလက်လမ်းတံတားဖွံ့ဖြိုးရေးဦးစီးဌာန (ပင်လောင်း)<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | လက်ထောက်ညွှန်ကြားရေးမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန (တောင်ကြီး)<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | မြို့နယ်ပညာရေးမှူး<br>အခြေခံပညာဦးစီးဌာန (ပင်လောင်း)<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | လက်ထောက်ညွှန်ကြားရေးမှူး<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန (ပင်လောင်း)<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | တပ်ဖွဲ့စုမှူး<br>မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ (ပင်လောင်း)<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ကိုယ်စားလှယ်<br>ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ | အဖွဲ့ဝင် |
| (ဓ) | ကိုယ်စားလှယ်<br>ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ | အဖွဲ့ဝင် |

(န) ကိုယ်စားလှယ် — အဖွဲ့ဝင်
ရှမ်းပြည်နယ်အစိုးရအဖွဲ့

(ပ) လက်ထောက်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
နယ်စပ်ရေးရာဝန်ကြီးဌာန

(ဖ) လက်ထောက်ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (တောင်ကြီး)
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
နယ်စပ်ရေးရာဝန်ကြီးဌာန

၂။ ရွှေ့ပြောင်းစီမံကိန်းလုပ်ငန်းများ စဉ်ဆက်မပြတ် စိစစ်ခြင်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) စီမံကိန်း ရည်ရွယ်ချက်များနှင့်အညီ စီမံကိန်းလုပ်ငန်းပြီးစီးမှုများအား တိုင်းတာဆောင်ရွက်ရပါမည်။

(ခ) စီမံကိန်းဆောင်ရွက်စဉ်အတွင်း ရည်မှန်းထားသည့်အတိုင်း တိုးတက်မှု ရှိ မရှိ စိစစ်ဆောင်ရွက်သွားရန်နှင့် ရည်မှန်းချက်ထားသည့်အတိုင်း တိုးတက်မှုမရှိပါက ပြောင်းလွယ်၊ ပြင်လွယ်ဖြစ်အောင် စီမံဆောင်ရွက်ရပါမည်။

(ဂ) စီမံကိန်းလုပ်ငန်းများ ရည်မှန်းထားသည့်အတိုင်း ဆောင်ရွက် ပြီး မပြီး စိစစ်သွားရပါမည်။

(ဃ) (၃) လ (၁) ကြိမ် လုပ်ငန်းတိုးတက်မှုအစီရင်ခံစာအား အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေး စီမံခန့်ခွဲမှုဉက္ကဋ္ဌထံသို့ တင်ပြရပါမည်။

(င) စီမံကိန်းကုန်ကျစရိတ်နှင့် အကျိုးသက်ရောက်မှု ရှိ မရှိအား ဆန်းစစ်သွားရပါမည်။

(စ) စီမံကိန်းဆောင်ရွက်ရန် ဘဏ္ဍာငွေ၊ ပစ္စည်း၊ နည်းပညာများ ရ မရ စိစစ်ဆောင်ရွက်သွားရပါမည်။

(ဆ) စီမံကိန်းဆောင်ရွက်ရန်အတွက် ဘဏ္ဍာငွေအရ ငွေရပြေစာ၊ ငွေပေးပြေစာ၊ ငွေစာရင်းစာအုပ်နှင့် ငွေလက်ကျန်အထောက်အထားများအား စိစစ်၍ မှတ်တမ်းဓာတ်ပုံများထားရှိ ဆောင်ရွက်သွားရပါမည်။

(ဇ) ကုန်ကျစရိတ်များအနေဖြင့် ဘဏ္ဍာငွေနှင့်ကိုက်ညီခြင်း ရှိ မရှိ စိစစ်ရပါမည်။

(ဈ) အကျိုးခံစားခွင့်ရှိသူများအား ရည်မှန်းထားသည့်အတိုင်း ခံစားခွင့် ရ မရ စိစစ်ဆောင်ရွက်ရပါမည်။

(ည) သတင်းဆိုင်ရာအချက်အလက်များအား ပြီးပြည့်စုံအောင် စုဆောင်းရပါမည်။

(ဋ) စီမံကိန်းဆောင်ရွက်စဉ်အတွင်း ပြဿနာအခက်အခဲများရှိပါက ဖြေရှင်းဆောင်ရွက်သွားရပါမည်။

(ဌ) လုပ်ငန်းများအချိန်မီ ပြီး မပြီး စိစစ်ကြပ်မတ်တွန်းအားပေးဆောင်ရွက်ရပါမည်။

(ဍ) စီမံကိန်းလုပ်ငန်းများအပေါ် အကျိုးခံစားခွင့်ရှိသူများအနေဖြင့် ပူးပေါင်းပါဝင်မှု၊ စိတ်ဝင်စားမှု ရှိ မရှိ အား စိစစ်ပြီး စီမံကိန်းလုပ်ငန်းများအား ဆန်းစစ်အဖွဲ့ထံသို့ တင်ပြရပါမည်။

(ဎ) စီမံကိန်းဆောင်ရွက်နေသူများမှ စီမံကိန်းလုပ်ငန်းများအား မှန်မှန်ကန်ကန်ဦးဆောင်နိုင်မှု၊ အခက်အခဲများအား ဖြေရှင်းနိုင်မှု၊ မှတ်တမ်းမှတ်ရာများထားရှိမှု၊ အစီရင်ခံစာများတင်ပြမှုနှင့် လိုအပ်သလို ပြုပြင်ပြောင်းလဲနိုင်မှုများ ဆောင်ရွက်နိုင်မှုအပေါ် စိစစ်ဆောင်ရွက်ရပါမည်။

(ဏ) စီမံကိန်းလုပ်ငန်းများတွင် မဖြေရှင်းနိုင်သောပြဿနာများရှိပါက မည်သို့ဖြေရှင်းသင့်သည်၊ မည်သို့ဆက်လုပ်သင့်သည် စသည်တို့အား စီမံကိန်းလုပ်ငန်းများ ဆန်းစစ်အဖွဲ့သို့ တင်ပြဆောင်ရွက်ရပါမည်။

၃။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၇) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဥက္ကဋ္ဌ
မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်
တားဆီးကာကွယ်ရေးဗဟိုအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
(၂၀၁၈ ခုနှစ်၊ မတ်လ ၉ ရက်)

အမှတ် ၃၀ ။ ။ ၂၀၁၈ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၈) မှ သဘောတူညီချက်အရ ပြန်ကြားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (၂) ဦးတို့အား ယင်းတို့နှင့်ယှဉ်တွဲ ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူး ရာထူးနေရာများသို့ ၂၀၁၈ ခုနှစ်၊ မတ်လ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** | **မူလရာထူး၊ လစာနှုန်း၊ ဌာနခွဲ** | **တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာနခွဲ** |
|---|---|---|---|
| (၁) | ဒေါ်သီရိထွန်း | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>မူဝါဒနှင့်ဥပဒေလုပ်ထုံးလုပ်နည်း<br>စိစစ်ရေးနှင့်လုပ်ငန်းစစ်ဆေးရေး | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>အုပ်ချုပ်ရေးနှင့်လူ့အရင်းအမြစ်<br>စီမံခန့်ခွဲမှုဌာနခွဲ |
| (၂) | ဦးအောင်လွင် | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ဦးစီးရုံးအဖွဲ့ | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့်<br>သတင်းပြန်ကြားရေးဌာနခွဲ |

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၀၁/၂၀၁၇)**

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၄ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်)

၂၀၁၇ ခုနှစ်၊ မေလ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့်ဝန်ဆောင်မှုရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၇) ၏ သဘောတူဆုံးဖြတ်ချက်အရ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)

ဦးစိန်ထွန်း အား ၂၀၁၇ ခုနှစ်၊ မေလ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ကျွမ်းကျင်သူအဖြစ် တစ်လလျှင် ထောက်ပံ့ငွေ (၂၅၀,၀၀၀) ကျပ်နှုန်းဖြင့် ဒုတိယအကြိမ် (၁) နှစ် ဆက်လက်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၁၈)

၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၁၈ ခုနှစ်၊ မတ်လ ၉ ရက်)

၂၀၁၈ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၈) ဆုံးဖြတ်ချက်အရ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာနမှ ညွှန်ကြားရေးမှူး လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ဦးသင့်မြတ်သူ အား လစ်လပ်လျက်ရှိသည့် ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) ရာထူးနေရာသို့ ၂၀၁၈ ခုနှစ်၊ မတ်လ ၉ ရက်နေ့မှ စတင်၍ တိုးမြှင့်ခန့်ထားလိုက်သည်။

သန့်စင်မောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၈

၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်

(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၉၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို **ရွှေသန့်စင်ခြင်းလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင် ပါရှိသောစကားရပ်များသည် မြန်မာ့သတ္တုတွင်းဥပဒေနှင့် နည်းဥပဒေများတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ရွှေသန့်စင်ခြင်း**ဆိုသည်မှာ နည်းဥပဒေ ၂၊ နည်းဥပဒေခွဲ (ဂ) ပါ ဓာတ်သတ္တုထုတ်ကုန် စကားရပ်တွင် အကျုံးဝင်သည့် ရွှေသတ္တုကို ရွှေသတ္တုစင်အဖြစ် အရည်အသွေးမြှင့်တင်သန့်စင် ဆောင်ရွက်ခြင်းကို ဆိုသည်။

(ခ) **ရွှေသန့်စင်ခြင်းလုပ်ငန်း**ဆိုသည်မှာ ရွှေသန့်စင်ခြင်းဖြင့် ရရှိသည့် ရွှေသတ္တုသန့်စင်ကိုဖြစ်စေ၊ ရွှေကြမ်း (80% Au) ကိုဖြစ်စေ၊ အခြားရွှေကြမ်းများကိုဖြစ်စေ လျှပ်ကူးသည့်နည်းစဉ် (Electro

Refining Process) (သို့မဟုတ်) အက်စစ်ဖြင့် သန့်စင်သည့်နည်းစဉ် (Acid Digestion Process) တို့ဖြင့် ရွှေသတ္တုသန့်စင်အဖြစ် အရည်အသွေးမြှင့်တင် ဆောင်ရွက်ခြင်းကို ဆိုသည်။

(ဂ) **ရွှေသန့်စင်ခြင်းလုပ်ငန်းခွင့်ပြုမိန့်**ဆိုသည်မှာ ရွှေသန့်စင်ခြင်းလုပ်ငန်းအတွက် ပြည်ထောင်စုဝန်ကြီးဌာနကလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့ကလည်းကောင်း ထုတ်ပေးသောခွင့်ပြုမိန့်ကို ဆိုသည်။

(ဃ) **နည်းဥပဒေများ**ဆိုသည်မှာ မြန်မာ့သတ္တုတွင်းနည်းဥပဒေများကို ဆိုသည်။

## အခန်း (၂)

## ရွှေသန့်စင်ခြင်းလုပ်ငန်း ခွင့်ပြုမိန့်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၃။ အကြီးစားနှင့်အလတ်စား ရွှေသန့်စင်ခြင်းလုပ်ငန်းကို ပြည်ထောင်စုဝန်ကြီးဌာနမှလည်းကောင်း၊ အသေးစားရွှေသန့်စင်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့မှလည်းကောင်း စီမံခန့်ခွဲဆောင်ရွက်ရမည်။

၄။ ရွှေသတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိထားခြင်းမရှိသော ရွှေသန့်စင်ခြင်းလုပ်ငန်း ဆောင်ရွက်လိုသူသည် အကြီးစားနှင့်အလတ်စား ရွှေသန့်စင်ခြင်းလုပ်ငန်းအတွက် ပြည်ထောင်စုဝန်ကြီးဌာနသို့လည်းကောင်း၊ အသေးစားရွှေသန့်စင်ခြင်းလုပ်ငန်းအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက် စိစစ်ချထားရေးအဖွဲ့သို့လည်းကောင်း ခွင့်ပြုမိန့်ရရှိရန် **ပူးတွဲ (၁)** ပါ ပုံစံဖြင့် လျှောက်ထားရမည်။

၅။ ယင်းသို့လျှောက်ထားရာတွင် အောက်ပါအချက်အလက်များပါရှိရမည် -

(က) လူပုဂ္ဂိုလ်အနေဖြင့် လျှောက်ထားပါက ခွင့်ပြုမိန့်လျှောက်ထားသူ၏ လိုင်စင်ဓာတ်ပုံ (၂) ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ကုမ္ပဏီအမည်ဖြင့် လျှောက်ထားပါက သက်တမ်းရှိကုမ္ပဏီမှတ်ပုံတင်လက်မှတ်နှင့် ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များစာရင်း၊

(ခ) လုပ်ငန်းလုပ်ကိုင်မည့် တည်နေရာ၊ လိပ်စာ၊

(ဂ) လုပ်ငန်းလုပ်ကိုင်မည့် မြေဧရိယာအကျယ်အဝန်းနှင့် ပိုင်ဆိုင်မှုအထောက်အထား၊

(ဃ) ရွှေသန့်စင်ခြင်းနည်းစဉ်၊

(င) လုပ်ငန်းတွင်အသုံးပြုမည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ။

၆။ ရွှေသန့်စင်ခြင်းလုပ်ငန်း ခွင့်ပြုမိန့်လျှောက်ထားရာတွင် အောက်ဖော်ပြပါ ထောက်ခံချက်များအား လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည် -

(က) သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ထောက်ခံချက်၊

(ခ) မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ထောက်ခံချက်၊

(ဂ) မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း၏ ထောက်ခံချက်၊

(ဃ) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်၊

(င) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (သို့မဟုတ်) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ သဘောထားမှတ်ချက်၊

(စ) ဓာတ်သတ္တုရောင်းချခြင်းနှင့် ဝယ်ယူခြင်းခွင့်ပြုမိန့် (မိတ္တူ)၊

(ဆ) အသုံးပြုမည့်ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများသည် ထိန်းချုပ်ကန့်သတ်ထားသည့်ပစ္စည်းများဖြစ်ပါက သက်ဆိုင်ရာဌာန၏ ခွင့်ပြုထောက်ခံချက်များ၊

(ဇ) တင်သွင်းမည့်ဓာတုဗေဒပစ္စည်းများတွင် မီးလောင်လွယ်ပြီး ပေါက်ကွဲစေတတ်သော ဓာတုပစ္စည်းများဖြစ်ပါက ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) အရ ဗဟိုကြီးကြပ်ရေးအဖွဲ့က ထုတ်ပေးသောလိုင်စင် (မိတ္တူ)။

၇။ လျှောက်ထားမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဌာနကလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့ကလည်းကောင်း အောက်ဖော်ပြပါအချက်များကို စိစစ်ဆောင်ရွက်ရမည် -

(က) အထက်အပိုဒ် (၅) နှင့် (၆) ပါ အထောက်အထားများ ပြည့်စုံမှန်ကန်မှု ရှိ မရှိ၊

(ခ) အသုံးပြုမည့် ဓာတ်ဆေးနှင့်နည်းစဉ်၊

(ဂ) အသုံးပြုပြီး စွန့်ပစ်ရေများအား စီမံခန့်ခွဲမှုစနစ်၊

(ဃ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစီမံချက်။

၈။ သတ်မှတ်ချက်များနှင့် ညီညွတ်သည့်လျှောက်လွှာများကို ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ခ) အရ ဆင့်တက်ပြုပြင်ခြင်းလုပ်ငန်းအတွက် ပြည်ထောင်စုဝန်ကြီးဌာနက **ပူးတွဲ (၂)** ပါ ခွင့်ပြုမိန့်ပုံစံဖြင့်လည်းကောင်း၊ ပုဒ်မ ၁၀ အရ ဆင့်တက်ပြုပြင်ခြင်းလုပ်ငန်းအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့မှ ပြည်ထောင်စုဝန်ကြီးဌာနနှင့် ညှိနှိုင်းသဘောထားရယူ၍ **ပူးတွဲ (၃)** ပါ ခွင့်ပြုမိန့်ပုံစံဖြင့်လည်းကောင်း ထုတ်ပေးရမည်။

## အခန်း (၃)
## ရွှေသန့်စင်ခြင်းလုပ်ငန်းခွင့်ပြုမိန့်

၉။ ရွှေသန့်စင်ခြင်းလုပ်ငန်း ခွင့်ပြုမိန့်သက်တမ်းသည် ခွင့်ပြုမိန့်ကို စတင်ထုတ်ပေးသည့်နေ့ရက်မှစ၍ သုံးနှစ်ဖြစ်သည်။

၁၀။ ရွှေသန့်စင်ခြင်းလုပ်ငန်းခွင့်ပြုမိန့်အခကြေးငွေအဖြစ် တစ်နှစ်လျှင် ကျပ် ၃၀၀၀၀၀ (ကျပ်သုံးသိန်းတိတိ) ကို ဦးစီးဌာနသို့လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့က သတ်မှတ်ထားသည့်ငွေစာရင်းသို့လည်းကောင်း ပေးသွင်းရမည်။

၁၁။ ရွှေသန့်စင်ခြင်းလုပ်ငန်း ခွင့်ပြုမိန့်သက်တမ်းမကုန်ဆုံးမီ သုံးလကြိုတင်၍ သက်တမ်းတိုးလျှောက်ထားရပါမည်။ သက်တမ်းကျော်လွန်ပါက ရက်လွန်ကြေးအဖြစ် တစ်လလျှင် ကျပ် ၃၀၀၀၀ (ကျပ်သုံးသောင်းတိတိ) ပေးသွင်းရမည်ဖြစ်ပြီး သုံးလထက်ကျော်လွန်ပါက ရွှေသန့်စင်ခြင်းလုပ်ငန်းခွင့်ပြုမိန့်အား ဖျက်သိမ်းမည်ဖြစ်သည်။ သက်တမ်းတိုးလျှောက်ထားမှုအား တစ်ကြိမ်လျှင် နှစ်နှစ်ထက်မပိုစေဘဲ ပြည်ထောင်စုဝန်ကြီးဌာနကလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားရေးအဖွဲ့သည် ပြည်ထောင်စုဝန်ကြီးဌာနနှင့် ညှိနှိုင်းသဘောထားရယူ၍လည်းကောင်း သက်တမ်းတိုးမြှင့်ပေးနိုင်သည်။ သက်တမ်းတိုးခွင့်ပြုမိန့်အခကြေးငွေအဖြစ် တစ်နှစ်လျှင် ကျပ် ၃၀၀၀၀၀ (ကျပ်သုံးသိန်းတိတိ) ကို ဦးစီးဌာနသို့လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့က သတ်မှတ်ထားသည့်ငွေစာရင်းသို့လည်းကောင်း ပေးသွင်းရမည်။

## အခန်း (၄)
## ရွှေသန့်စင်ခြင်းလုပ်ငန်း ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်များ

၁၂။ ရွှေသန့်စင်ခြင်းလုပ်ငန်း ခွင့်ပြုမိန့်ရရှိသူသည် -

(က) ဤလုပ်ထုံးလုပ်နည်းပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်၊

(ခ) ခွင့်ပြုမိန့်ပါ စည်းကမ်းများကို လိုက်နာရမည်၊

(ဂ) ဤလုပ်ထုံးလုပ်နည်းအရ သတ်မှတ်သည့် ခွင့်ပြုမိန့်ကြေးနှင့် နိုင်ငံတော်မှသတ်မှတ်ထားသော အခြားအခကြေးငွေများကို ပေးဆောင်ရမည်၊

(ဃ) ခွင့်ပြုမိန့်ရရှိသူသည်လည်းကောင်း၊ ခွင့်ပြုမိန့်လွှဲပြောင်းရရှိသူသည်လည်းကောင်း တည်ဆဲ ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေများနှင့်အညီ ကျသင့်အခွန်ကို ပြည်တွင်းအခွန်များ ဦးစီးဌာနသို့ အပြည့်အဝထမ်းဆောင်ရမည်၊

(င) ခွင့်ပြုမိန့်ရရှိသူသည်လည်းကောင်း၊ ခွင့်ပြုမိန့်လွှဲပြောင်းရရှိသူသည်လည်းကောင်း ရွှေသန့်စင်ခြင်း လုပ်ငန်းတွင် အသုံးပြုမည့်ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို တည်ဆဲဥပဒေနှင့်အညီ တင်သွင်းပါက ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေနှင့်အညီ ကျသင့်သောအကောက်ခွန်အား အကောက်ခွန်ဦးစီးဌာနသို့ ပေးဆောင်ရမည်။

(စ) ခွင့်ပြုမိန့်ရရှိသူသည်လည်းကောင်း၊ ခွင့်ပြုမိန့်လွှဲပြောင်းရရှိသူသည်လည်းကောင်း ရွှေသန့်စင်ခြင်း လုပ်ငန်းနှင့်စပ်လျဉ်း၍ လိုအပ်သောလုပ်ငန်းသုံးနှင့် ဆက်စပ်ပစ္စည်းများကို နိုင်ငံခြားမှ မှာယူ တင်သွင်းရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လျှောက်ထားသည့်အခါ ပြည်ထောင်စုဝန်ကြီးဌာန သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားရေးအဖွဲ့၏ သဘောထား မှတ်ချက်ရယူဆောင်ရွက်ရမည်။

၁၃။ ရွှေသန့်စင်ခြင်းလုပ်ငန်း ခွင့်ပြုမိန့်ရရှိသူသည် ရွှေသန့်စင်ခြင်းလုပ်ငန်းမှထွက်ရှိသည့် စွန့်ပစ်အရည်၊ စွန့်ပစ်ပစ္စည်းများနှင့် ထုတ်လွှတ်သည့်အခိုးအငွေ့များကြောင့် ပတ်ဝန်းကျင်ကိုထိခိုက်မှုမရှိစေရေးအတွက် မြန်မာ့သတ္တုတွင်းဥပဒေနှင့် အခြားတည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအတိုင်း လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်။ အက်စစ်ဖြင့် သန့်စင်သည့်နည်းစဉ် (Acid Digestion Process) ကိုအသုံးပြု၍ လုပ်ငန်းဆောင်ရွက်မည့် နေရာသည် ပတ်ဝန်းကျင်နှင့် လုံလောက်သောဘေးကင်းလုံခြုံမှုရှိသည့် မီတာ ၅၀ အကွာအဝေးတွင်ရှိရမည်။

၁၄။ ရွှေသန့်စင်ခြင်းလုပ်ငန်း ခွင့်ပြုမိန့်ရရှိသူသည် ပြည်ထောင်စုဝန်ကြီးဌာန သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် မူလခွင့်ပြုခဲ့သော လုပ်ငန်း နေရာတွင် အခြားပုဂ္ဂိုလ်၊ အဖွဲ့အစည်းသို့ ဆက်လက်လုပ်ကိုင်ရန် ခွင့်ပြုမိန့်အား လွှဲပြောင်းခွင့်ရှိသည်။ ခွင့်ပြုမိန့်လွှဲပြောင်းခွင့်အတွက် လွှဲပြောင်းခြင်းဆိုင်ရာ နှစ်ဖက်သဘောတူစာချုပ်မူရင်းနှင့် ဓာတ်ပုံမိတ္တူကို လည်းကောင်း၊ သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ထောက်ခံချက်ကိုလည်းကောင်း ပူးတွဲတင်ပြရမည်။

၁၅။ ရွှေသန့်စင်ခြင်းလုပ်ငန်း ခွင့်ပြုမိန့်အား လွှဲပြောင်းခြင်းအတွက် ခွင့်ပြုမိန့်လွှဲပြောင်းခွင့် အခကြေးငွေ အဖြစ် ကျပ် ၁၅၀၀၀၀ (ကျပ်တစ်သိန်းငါးသောင်းတိတိ) ကို ဦးစီးဌာနသို့လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့က သတ်မှတ်ထားသည့်ငွေစာရင်းသို့လည်းကောင်း ပေးသွင်းရမည်။

## အခန်း (၅)

## စီမံခန့်ခွဲမှုဆိုင်ရာ အရေးယူခြင်း

၁၆။ ရွှေသန့်စင်ခြင်းလုပ်ငန်း ခွင့်ပြုမိန့်ရရှိသူက အမိန့်၊ ညွှန်ကြားချက်နှင့် ဤလုပ်ထုံးလုပ်နည်းကို လိုက်နာရန်ပျက်ကွက်လျှင်သော်လည်းကောင်း၊ ခွင့်ပြုမိန့်ပါ စည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော် လည်းကောင်း မြန်မာ့သတ္တုတွင်းဥပဒေ၏ အခန်း (၉) တွင် ဖော်ပြထားသော စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းခံရမည်။

အုန်းဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။

**ပူးတွဲ (၁)**

## ရွှေသန့်စင်ခြင်းလုပ်ငန်းလျှောက်လွှာ

သို့

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန/
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **ရွှေသန့်စင်ခြင်းလုပ်ငန်း ခွင့်ပြုမိန့် လျှောက်ထားခြင်း။**

၁။ ကျွန်တော်/ကျွန်မ. . . . . . . . . . . . . . . . . ကုမ္ပဏီ/ပုဂ္ဂိုလ်/အသင်းသည် မြန်မာ့သတ္တုတွင်းဥပဒေအရ ရွှေသန့်စင်ခြင်းလုပ်ငန်း လုပ်ကိုင်လိုပါသဖြင့် အောက်ပါအချက်အလက်များအား ဖော်ပြပြီး လျှောက်ထားအပ်ပါသည် -

(က) ပုဂ္ဂိုလ်/ကုမ္ပဏီ/အသင်းအနေဖြင့် လျှောက်ထားပါက ဖြည့်စွက်ရန် -

(၁) အမည် -

(၂) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -

(၃) ဆက်သွယ်ရန်နေရပ်လိပ်စာ -

(ခ) ရွှေသန့်စင်ခြင်းလုပ်ငန်းပြုလုပ်သည့် တည်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်/တိုင်းဒေသကြီး) -

(ဂ) ဆက်သွယ်ရန်နေရပ်လိပ်စာ -
တယ်လီဖုန်းအမှတ်၊ ဖက်(စ်) အမှတ်၊ -
တဲလက်(စ်) အမှတ်

၂။ အောက်ပါအချက်များအား ပူးတွဲတင်ပြရမည် -

(က) အသုံးပြုမည့်ဓာတ်ဆေးအမည်နှင့်နည်းစဉ် - (တင်ပြရမည်)

(ခ) မီးဘေးလုံခြုံရေးစီမံချက် - (တင်ပြရမည်)

(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစီမံချက် - (တင်ပြရမည်)

(ဃ) ထောက်ခံချက်များ -

(၁) သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထောက်ခံချက်၊

(၂) မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ထောက်ခံချက်၊

(၃) မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း၏ ထောက်ခံချက်၊

(၄) သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်၊

(၅) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (သို့မဟုတ်) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ သဘောထားမှတ်ချက်၊

(၆) ဓာတ်သတ္တုရောင်းချခြင်းနှင့် ဝယ်ယူခြင်းခွင့်ပြုမိန့် (မိတ္တူ)၊

(၇) အသုံးပြုမည့်ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများသည် ထိန်းချုပ်ကန့်သတ်ထားသည့် ပစ္စည်းများဖြစ်ပါက သက်ဆိုင်ရာဌာန၏ ခွင့်ပြုထောက်ခံချက်များ၊

(၈) တင်သွင်းလာမည့် ဓာတုဗေဒပစ္စည်းများတွင် မီးလောင်လွယ်ပြီး ပေါက်ကွဲစေတတ်သော ဓာတုပစ္စည်းများဖြစ်ပါက ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) အရ ဗဟိုကြီးကြပ်ရေးအဖွဲ့က ထုတ်ပေးသော လိုင်စင် (မိတ္တူ)၊

(င) လုပ်ငန်းဆောင်ရွက်မည့်တည်နေရာပြမြေပုံနှင့် - ပူးတွဲဖော်ပြအပ်ပါသည်။
မြေပိုင်ဆိုင်မှုအထောက်အထား

၃။ ရွှေသန့်စင်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းရင်းနှီးမြှုပ်နှံမှု -

၄။ လျှောက်ထားသူသည် မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းနှင့် ခွင့်ပြုမိန့်စည်းကမ်းများကို လိုက်နာဆောင်ရွက်မည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

လက်မှတ်. . . . . . . . . . . . . . . .
အမည် . . . . . . . . . . . . . . . . .
(လျှောက်ထားသူ)

**(အကြီးစားနှင့်အလတ်စား ရွှေသန့်စင်ခြင်းလုပ်ငန်းကို ပြည်ထောင်စုဝန်ကြီးဌာနသို့ လျှောက်ထားရန်နှင့် အသေးစား ရွှေသန့်စင်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားရေးအဖွဲ့သို့ လျှောက်ထားရန်။)**

**ပူးတွဲ (၂)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## ရွှေသန့်စင်ခြင်းလုပ်ငန်းခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ်၊ ဆတမ - /၂၀၁၈ ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ လ ရက်

အောက်ဖော်ပြပါ ပုဂ္ဂိုလ်/ကုမ္ပဏီအား မြန်မာ့သတ္တုတွင်းဥပဒေအရ အောက်ပါအချက်အလက်များနှင့်အညီ ရွှေသန့်စင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်ခွင့်ပြုလိုက်သည် -

၁။ ခွင့်ပြုမိန့်ရရှိသူ၏
(က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -
(ခ) ပုဂ္ဂိုလ်/ကုမ္ပဏီ/အသင်း၏အမည်နှင့် -
အဖွဲ့အစည်း မှတ်ပုံတင်အမှတ်
(ဂ) ဆက်သွယ်ရန်နေရပ်လိပ်စာ -
တယ်လီဖုန်းအမှတ်၊ ဖက်(စ်) အမှတ်၊ -
တဲလက်(စ်) အမှတ်

၂။ ခွင့်ပြုလုပ်ငန်း၏
(က) ရွှေသန့်စင်ခြင်းလုပ်ငန်းအမည် -
(ခ) လုပ်ငန်းတည်နေရာ (ကျေးရွာ၊ မြို့နယ်၊ -
ခရိုင်၊ ပြည်နယ်/တိုင်းဒေသကြီး)

၃။ ခွင့်ပြုလုပ်ငန်း၏ နယ်မြေအုပ်ချုပ်မှုဆိုင်ရာအဖွဲ့အစည်း -

၄။ လုပ်ငန်းအမျိုးအစား - **ရွှေသန့်စင်ခြင်းလုပ်ငန်း**

၅။ ခွင့်ပြုသည့်နည်းစနစ် -

၆။ အသုံးပြုမည့်နည်းစဉ် -

၇။ ခွင့်ပြုမိန့်သက်တမ်း - **(၃) နှစ်**

၈။ စတင်လုပ်ကိုင်ခွင့်ပြုသည့်ရက်စွဲ -

၉။ ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးသည့်ရက်စွဲ -

၁၀။ ခွင့်ပြုမိန့်ကြေး - **တစ်နှစ်လျှင် ၃၀၀၀၀၀ိ/- နှုန်း ပေးသွင်းရန်**

၁၁။ စည်းကမ်းများ - **တစ်ဖက်ပါစည်းကမ်းများအတိုင်း တိကျစွာလိုက်နာရပါမည်။**

**အမိန့်အရ**

ညွှန်ကြားရေးမှူးချုပ်
သတ္တုတွင်းဦးစီးဌာန

## စည်းကမ်းများ

၁။ ရွှေသန့်စင်ခြင်းလုပ်ငန်း ခွင့်ပြုမိန့်ရရှိသူသည် -

(က) ခွင့်ပြုလုပ်ငန်းတည်နေရာတွင် လုပ်ကိုင်ရမည်။

(ခ) ရွှေသန့်စင်ခြင်းလုပ်ငန်းမစမီ နယ်မြေအုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းသို့ သတင်းပို့အစီရင်ခံရမည်။

(ဂ) မိမိအား တရားဝင်လုပ်ကိုင်ခွင့်ပြုထားသော ခွင့်ပြုမိန့်ကို အခြားမည်သူမဆို ကိုယ်စားလှယ်အဖြစ် လုပ်ကိုင်စေခြင်းမှအပ ပြည်ထောင်စုဝန်ကြီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ လွှဲပြောင်းပေးခြင်း၊ ပြန်လည်ရောင်းချခြင်း မပြုလုပ်ရ။

(ဃ) ပူးတွဲဖော်ပြပါ အသုံးပြုမည့်နည်းစဉ်အတိုင်း ဆောင်ရွက်လုပ်ကိုင်ရမည်။

(င) လျှောက်ထားစဉ်က အသုံးပြုမည့် ဓာတုပစ္စည်းနှင့် ဓာတ်ဆေးကိုသာ အသုံးပြုရန်။ ဓာတုပစ္စည်းနှင့် ဓာတ်ဆေးများ၏ ဘေးအန္တရာယ်များနှင့်ပတ်သက်၍ အလုပ်သမားများ/အလုပ်နှင့်ဆက်နွှယ်သူများအား ကြိုတင်အသိပေးထားရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ကြိုတင်စီမံဆောင်ရွက်ထားရမည်။

(စ) အသုံးပြုမည့် ဓာတုပစ္စည်းများ၊ ဓာတ်ဆေးများနှင့်ပတ်သက်၍ အန္တရာယ်ကာကွယ်ရေးစီမံချက် လက်ကမ်းစာစောင်များကို အလုပ်ခွင်အတွင်းရှိနံရံနှင့် သင့်လျော်ရာနေရာများတွင် ကပ်ထားရမည်။

(ဆ) ရွှေသန့်စင်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် စွန့်ပစ်အရည်များ စွန့်ပစ်ပစ္စည်းများအား သတ်မှတ်နေရာအတွင်းသာ စနစ်တကျစွန့်ပစ်ရမည်။

(ဇ) ရွှေသန့်စင်သည့်ရွှေပမာဏကို ပြည်ထောင်စုဝန်ကြီးဌာနသို့ သတ်မှတ်ပုံစံဖြင့် သုံးလတစ်ကြိမ် အစီရင်ခံပေးပို့ရမည်။

(ဈ) ရွှေသန့်စင်ခြင်းလုပ်ငန်းလုပ်ကိုင်မည့် အလုပ်သမားစာရင်းကို အမည်၊ အသက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ အပြည့်အစုံပြုစု၍ လုပ်ငန်းရုံးတွင် ထားရှိရမည်။ မိတ္တူတစ်စောင်ကို ဦးစီးဌာနသို့ ပေးပို့တင်ပြရမည်။ (အလုပ်သမားစာရင်း အပြောင်းအလဲရှိတိုင်း ချက်ချင်းတင်ပြရမည်။)

(ည) လုပ်ငန်းခွင်တွင် အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိခြင်း၊ ထိခိုက်သေဆုံးခြင်းနှင့်ဥပဒေ၊ နည်းဥပဒေအရ သတင်းပို့ရမည့်မတော်တဆမှုများ ဖြစ်ပွားပါက သတ္တုတွင်းစစ်ဆေးရေးအရာရှိချုပ်ထံ ဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ အကြောင်းကြားရမည်။ အလုပ်သမားလျော်ကြေးဥပဒေနှင့်အကျုံးဝင်သည့် ထိခိုက်ဒဏ်ရာရရှိခြင်း၊ သေဆုံးခြင်းဖြစ်ပေါ်ပါက ခွင့်ပြုမိန့်ရရှိသူမှ လျော်ကြေးပေးရန် တာဝန်ယူရမည်။ ထို့အပြင် ခွင့်ပြုမိန့်ရရှိသူသည် အလုပ်သမားများနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ဋ) ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ထိခိုက်မှုမဖြစ်စေရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်ရမည်။

(ဌ) ခွင့်ပြုမိန့်ဓာတ်ပုံမိတ္တူကို လုပ်ငန်းခွင်တွင် ချိတ်ဆွဲထားရှိပြီး မူရင်းကိုလုံခြုံစွာထိန်းသိမ်းထားရှိရမည်။

(ဍ) ဤခွင့်ပြုမိန့်အား သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ( ) ကြိမ်မြောက် အစည်းအဝေးက သဘောတူခွင့်ပြုချက်အရ ထုတ်ပေးခြင်းဖြစ်သည်။ ဆက်လက်လုပ်ကိုင်လိုပါက သက်တမ်းမကုန်ဆုံးမီ (၃) လ ကြိုတင်လျှောက်ထားရမည်။

(ဎ) ပြည်ထောင်စုဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့်စည်းကမ်းချက်များကို လိုက်နာရမည်။

(ဏ) လုပ်ငန်းခွင်တွင် အသုံးပြုမည့်ဓာတုပစ္စည်းများကိုင်တွယ်ခြင်းနှင့်ကျိုချက်ခြင်းလုပ်ငန်းများအား ပြုလုပ်ရာတွင် အက်စစ်ဒဏ်ခံလက်အိတ်များ၊ နှာခေါင်းစည်းများ၊ လည်ရှည်ဘွတ်ဖိနပ်များ၊ အပူဒဏ်ခံရင်ကာအင်္ကျီများ၊ အပူကာမျက်မှန်နှင့် Helmet ဦးထုပ်များကို ဝတ်ဆင်၍ လုပ်ငန်းခွင်ဝင်ရမည်။

(တ) Acid Digestion ပြုလုပ်၍ ထွက်ရှိလာသော အခိုးအငွေ့ (Fume) များကို စနစ်တကျ ဓာတ်လျှော့စေပြီး ပတ်ဝန်းကျင်သို့ စွန့်ပစ်ရမည်။

၂။ ဤခွင့်ပြုမိန့်ရရှိသူသည် ခွင့်ပြုမိန့်ရရှိပြီး (၃) လအတွင်း လုပ်ငန်းများ စတင်ဆောင်ရွက်ရမည်။

**ပူးတွဲ (၃)**

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားရေးအဖွဲ့
## ရွှေသန့်စင်ခြင်းလုပ်ငန်း ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ်၊ ဆတမ - /၂၀၁၈ ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ လ ရက်

အောက်ဖော်ပြပါ ပုဂ္ဂိုလ်/ကုမ္ပဏီအား မြန်မာ့သတ္တုတွင်းဥပဒေအရ အောက်ပါအချက်အလက်များနှင့်အညီ ရွှေသန့်စင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်ခွင့်ပြုလိုက်သည် -

၁။ ခွင့်ပြုမိန့်ရရှိသူ၏
(က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -
(ခ) ပုဂ္ဂိုလ်/ကုမ္ပဏီ/အသင်း၏အမည်နှင့် အဖွဲ့အစည်းမှတ်ပုံတင်အမှတ် -
(ဂ) ဆက်သွယ်ရန်နေရပ်လိပ်စာ -
တယ်လီဖုန်းအမှတ်၊ ဖက်(စ်) အမှတ်၊ တဲလက်(စ်) အမှတ် -

၂။ ခွင့်ပြုလုပ်ငန်း၏
(က) ရွှေသန့်စင်ခြင်းလုပ်ငန်းအမည် -
(ခ) လုပ်ငန်းတည်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်/တိုင်းဒေသကြီး) -

၃။ ခွင့်ပြုလုပ်ငန်း၏ နယ်မြေအုပ်ချုပ်မှုဆိုင်ရာအဖွဲ့အစည်း -

၄။ လုပ်ငန်းအမျိုးအစား - **ရွှေသန့်စင်ခြင်းလုပ်ငန်း**

၅။ ခွင့်ပြုသည့်နည်းစနစ် -

၆။ အသုံးပြုမည့်နည်းစဉ် -

၇။ ခွင့်ပြုမိန့်သက်တမ်း - **(၃) နှစ်**

၈။ စတင်လုပ်ကိုင်ခွင့်ပြုသည့်ရက်စွဲ -

၉။ ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးသည့်ရက်စွဲ -

၁၀။ ခွင့်ပြုမိန့်ကြေး - **တစ်နှစ်လျှင် ၁၀၀၀၀ဝိ/- နှုန်း ပေးသွင်းရန်**

၁၁။ စည်းကမ်းများ - **တစ်ဖက်ပါစည်းကမ်းများအတိုင်း တိကျစွာလိုက်နာရမည်။**

ဥက္ကဋ္ဌ
တိုင်းဒေသကြီး/ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့
.................တိုင်းဒေသကြီး/ပြည်နယ်

## စည်းကမ်းများ

၁။ ရွှေသန့်စင်ခြင်းလုပ်ငန်း ခွင့်ပြုမိန့်ရရှိသူသည် -

(က) ခွင့်ပြုလုပ်ငန်းတည်နေရာတွင် လုပ်ကိုင်ရမည်။

(ခ) ရွှေသန့်စင်ခြင်းလုပ်ငန်းမစမီ နယ်မြေအုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းသို့ သတင်းပို့အစီရင်ခံရမည်။

(ဂ) မိမိအား တရားဝင်လုပ်ကိုင်ခွင့်ပြုထားသော ခွင့်ပြုမိန့်ကို အခြားမည်သူမဆို ကိုယ်စားလှယ်အဖြစ် လုပ်ကိုင်စေခြင်းမှအပ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ လွှဲပြောင်းပေးခြင်း၊ ပြန်လည်ရောင်းချခြင်း မပြုလုပ်ရ။

(ဃ) ပူးတွဲဖော်ပြပါ အသုံးပြုမည့်နည်းစဉ်အတိုင်း ဆောင်ရွက်လုပ်ကိုင်ရမည်။

(င) လျှောက်ထားစဉ်က အသုံးပြုမည့် ဓာတုပစ္စည်းနှင့် ဓာတ်ဆေးကိုသာ အသုံးပြုရန်။ ဓာတုပစ္စည်းနှင့် ဓာတ်ဆေးများ၏ ဘေးအန္တရာယ်များနှင့်ပတ်သက်၍ အလုပ်သမားများ/အလုပ်နှင့်ဆက်နွှယ်သူများအား ကြိုတင်အသိပေးထားရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ကြိုတင်စီမံဆောင်ရွက်ထားရမည်။

(စ) အသုံးပြုမည့် ဓာတုပစ္စည်းများ၊ ဓာတ်ဆေးများနှင့်ပတ်သက်၍ အန္တရာယ်ကာကွယ်ရေးစီမံချက် လက်ကမ်းစာစောင်များကို အလုပ်ခွင်အတွင်းရှိ နံရံနှင့် သင့်လျော်ရာနေရာများတွင် ကပ်ထားရမည်။

(ဆ) ရွှေသန့်စင်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် စွန့်ပစ်အရည်များ၊ စွန့်ပစ်ပစ္စည်းများအား သတ်မှတ်နေရာအတွင်းသာ စနစ်တကျစွန့်ပစ်ရမည်။

(ဇ) ရွှေသန့်စင်သည့်ရွှေပမာဏကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ သတ်မှတ်ပုံစံဖြင့် သုံးလတစ်ကြိမ် အစီရင်ခံပေးပို့ရမည်။

(ဈ) ရွှေသန့်စင်ခြင်းလုပ်ငန်းလုပ်ကိုင်မည့် အလုပ်သမားစာရင်းကို အမည်၊ အသက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ အပြည့်အစုံပြုစု၍ လုပ်ငန်းရုံးတွင် ထားရှိရမည်။ မိတ္တူတစ်စောင်ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ ပေးပို့တင်ပြရမည်။ (အလုပ်သမားစာရင်း အပြောင်းအလဲရှိတိုင်း ချက်ချင်းတင်ပြရမည်။)

(ည) လုပ်ငန်းခွင်တွင် အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိခြင်း၊ ထိခိုက်သေဆုံးခြင်းနှင့်ဥပဒေ၊ နည်းဥပဒေအရ သတင်းပို့ရမည့်မတော်တဆမှုများ ဖြစ်ပွားပါက မြန်မာ့သတ္တုတွင်းဥပဒေနှင့် နည်းဥပဒေများအရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ သတ္တုတွင်းဦးစီးဌာနရုံးခွဲတာဝန်ခံမှတစ်ဆင့် စစ်ဆေးရေးအရာရှိချုပ်ထံ သတင်းပေးပို့ရမည်။ အလုပ်သမားလျော်ကြေးဥပဒေနှင့်အကျုံးဝင်သည့် ထိခိုက်ဒဏ်ရာရရှိခြင်း၊ သေဆုံးခြင်းဖြစ်ပေါ်ပါက ခွင့်ပြုမိန့်ရရှိသူမှ လျော်ကြေးပေးရန် တာဝန်

ယူရမည်။ ထို့အပြင် ခွင့်ပြုမိန့်ရရှိသူသည် အလုပ်သမားများနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ဠ) ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့်ထိခိုက်မှုမဖြစ်စေရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်ရမည်။

(ဋ) ခွင့်ပြုမိန့်ဓာတ်ပုံမိတ္တူကို လုပ်ငန်းခွင်တွင် ချိတ်ဆွဲထားရှိပြီး မူရင်းကို လုံခြုံစွာ ထိန်းသိမ်းထားရှိရမည်။

(ဍ) ဤခွင့်ပြုမိန့်အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့၏ သဘောတူခွင့်ပြုချက်အရ ထုတ်ပေးခြင်း ဖြစ်သည်။ ဆက်လက်လုပ်ကိုင်လိုပါက သက်တမ်း မကုန်ဆုံးမီ (၃) လ ကြိုတင်လျှောက်ထားရမည်။

(ပ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့်စည်းကမ်းချက်များကို လိုက်နာရမည်။

(ဏ) လုပ်ငန်းခွင်တွင် အသုံးပြုမည့်ဓာတုပစ္စည်းများကိုင်တွယ်ခြင်းနှင့် ကျိုချက်ခြင်းလုပ်ငန်းများအား ပြုလုပ်ရာတွင် အက်စစ်ဒဏ်ခံလက်အိတ်များ၊ နှာခေါင်းစည်းများ၊ လည်ရှည်ဘွတ်ဖိနပ်များ၊ အပူဒဏ်ခံရင်ကာအင်္ကျီများ၊ အပူကာမျက်မှန်နှင့် Helmet ဦးထုပ်များကို ဝတ်ဆင်၍ လုပ်ငန်းခွင် ဝင်ရမည်။

(တ) Acid Digestion ပြုလုပ်၍ ထွက်ရှိလာသော အခိုးအငွေ့ (Fume) များကို စနစ်တကျ ဓာတ်လျော့စေပြီး ပတ်ဝန်းကျင်သို့ စွန့်ပစ်ရမည်။

၂။ ဤခွင့်ပြုမိန့်ရရှိသူသည် ခွင့်ပြုမိန့်ရရှိပြီး (၃) လအတွင်း လုပ်ငန်းများ စတင်ဆောင်ရွက်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်

(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

အမှတ် ၃၀ ။ ။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၂ (က) အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက အောက်ဖော်ပြပါပုဂ္ဂိုလ်အား ၎င်းနှင့်ယှဉ်တွဲဖော်ပြထားသောဒေသရှိ စီမံအုပ်ချုပ်ရသည့် အစိုးရအိမ်ဥပစာအတွက် အခွင့်ရအာဏာပိုင်၏ တာဝန်ဝတ္တရားများကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ စတင်ဆောင်ရွက်ရန် အာဏာအပ်နှင်းလိုက်သည် -

| **အမှတ်စဉ်** | **အာဏာအပ်နှင်းခြင်းခံရသူ** | **ဒေသ** |
| --- | --- | --- |
| (၁) | ဦးလိန်းကီး၊ ဦးစီးအရာရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မင်းတပ်ခရိုင်ရုံး၊ ပလက်ဝမြို့နယ် | မင်းတပ်ခရိုင်ရုံး၊ ပလက်ဝမြို့နယ် မြို့မရပ်ကွက်၊ ကွင်းအမှတ်-(၄) မြို့မ၊ ဦးပိုင်အမှတ်-၁၅၊ မြေဧရိယာ-၀. ၁၇၃ ဧက ပေါ်ရှိ အစိုးရအိမ်ဥပစာများ |

အခွင့်အာဏာ။ [၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၂/၂၀၁၇) အရ]

(ပုံ) ဝင်းခိုင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၁၂၄/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်

(၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပုဒ်မ ၉၂၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို မသန်စွမ်းသူများ၏ အခွင့်အရေး နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ**ဆိုသည်မှာ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ဆိုသည်။

(ခ) **မသန်စွမ်းမှုအမျိုးအစား**ဆိုသည်မှာ အောက်ပါတစ်ခုခု သို့မဟုတ် တစ်ခုထက်ပိုသည်ကို ဆိုသည်-

(၁) မျက်စိမမြင်ခြင်း သို့မဟုတ် အမြင်အာရုံချို့ယွင်းအားနည်းခြင်း၊

(၂) နားမကြားခြင်း သို့မဟုတ် အပြော၊ အကြားအာရုံ ချို့ယွင်းအားနည်းခြင်း၊

(၃) ကိုယ်အင်္ဂါချို့ယွင်းအားနည်းခြင်း သို့မဟုတ် ကိုယ်ကာယလှုပ်ရှားနိုင်မှု ချို့ယွင်းအားနည်းခြင်း၊

(၄) စိတ်ပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်း သို့မဟုတ် အာရုံခံစားမှုပိုင်း ချို့ယွင်းအားနည်းခြင်း၊

(၅) မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်သည့်အဖွဲ့က သတ်မှတ်သည့် အခြားမသန်စွမ်းမှုတစ်ခုခု ဖြစ်ခြင်း။

(ဂ) **လူတိုင်းအကျုံးဝင်ပညာရေးစနစ်**ဆိုသည်မှာ မိမိတို့နေထိုင်ရာဒေသ သို့မဟုတ် အနီးစပ်ဆုံးဒေသရှိ အစိုးရပိုင်၊ အများပိုင်၊ ပုဂ္ဂလိကပိုင်နှင့် အဖွဲ့အစည်းပိုင်မူကြို၊ အခြေခံပညာကျောင်း၊ သိပ္ပံ၊ ကောလိပ်နှင့် တက္ကသိုလ်များအပါအဝင် သင်ကြားမှု၊ သင်ယူမှုအဆင့်တိုင်းတွင် မသန်စွမ်းသူများသည် သန်စွမ်းသူများနှင့် ပေါင်းစည်းပညာသင်ကြား၊ သင်ယူနိုင်စေရန် စီမံဆောင်ရွက်ပေးသည့် ပညာရေးကို ဆိုသည်။

(ဃ) **အဆင်ပြေသင့်လျော်သောပတ်ဝန်းကျင်**ဆိုသည်မှာ မသန်စွမ်းသူများသည် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို အများနည်းတူ ရရှိခံစားနိုင်ရန်နှင့် လူ့အသိုက်အဝန်းအတွင်း အကျုံးဝင်ပါဝင်နိုင်ရန် ၎င်းတို့၏ သီးခြားလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အဆင်ပြေသင့်လျော်၍ လိုအပ်သော ပြုပြင်ပြောင်းလဲမှုများ စီစဉ်ဆောင်ရွက်ပေးထားသည့် ပတ်ဝန်းကျင်ကို ဆိုသည်။

(င) **သက်သေခံလက်မှတ်**ဆိုသည်မှာ မသန်စွမ်းသူအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်းခံရသူအား ဥပဒေပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီက ထုတ်ပေးသော မသန်စွမ်းသူ မှတ်ပုံတင်လက်မှတ်ကို ဆိုသည်။

(စ) **မှတ်ပုံတင်စာရင်း**ဆိုသည်မှာ မသန်စွမ်းသူများအား ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်နှင့်အညီ မှတ်ပုံတင်ခွင့်ပြုထားသော မသန်စွမ်းသူများ၏ မှတ်ပုံတင်စာရင်းကို ဆိုသည်။

## အခန်း (၂)
## မသန်စွမ်းသူများမှတ်ပုံတင်ခြင်း

၃။ မှတ်ပုံတင်အရာရှိချုပ်သည် -

(က) မသန်စွမ်းသူများအား မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို တာဝန်အရ ဆောင်ရွက်ရန် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်တို့တွင် ဦးစီးဌာနမှအရာထမ်း သို့မဟုတ် အမှုထမ်းများကို မှတ်ပုံတင်ကြီးကြပ်ရေးမှူးများအဖြစ် ရွေးချယ်ခန့်အပ်တာဝန်ပေးရမည်။

(ခ) နည်းဥပဒေခွဲ (က) ပါ အရာထမ်း သို့မဟုတ် အမှုထမ်းများမရှိသည့် ခရိုင်နှင့်မြို့နယ်တို့တွင် လိုအပ်ပါက သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်အဆင့် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ ထိုဌာန၊ အဖွဲ့အစည်းတို့မှ တာဝန်ပေးသည့် အရာထမ်း သို့မဟုတ် အမှုထမ်းများကိုဖြစ်စေ၊ အစိုးရဝန်ထမ်းမဟုတ်သည့် သင့်လျော်သော နိုင်ငံသားများကိုဖြစ်စေ မှတ်ပုံတင်ကြီးကြပ်ရေးမှူးများ အဖြစ် ခန့်အပ်တာဝန်ပေးနိုင်သည်။

၄။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် မသန်စွမ်းမှုအမျိုးအစားနှင့် မသန်စွမ်းမှုအဆင့်ကို စစ်ဆေးပြီး အကဲဖြတ်သတ်မှတ်နိုင်ရေးအတွက် ကျွမ်းကျင်သည့် ဆရာဝန်များ၊ အထူးကုဆရာဝန်များနှင့် မသန်စွမ်းသူများ အသင်းအဖွဲ့များမှ သင့်လျော်သော ကျွမ်းကျင်သူများပါဝင်သည့် မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်သည့် အဖွဲ့များကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အသီးသီးတွင် ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်။

၅။ မသန်စွမ်းသူသည် မိမိ၏ဆန္ဒအလျောက် မသန်စွမ်းသူအဖြစ် မှတ်ပုံတင်ရန် သက်ဆိုင်ရာနယ်မြေဒေသရှိ မြို့နယ်မှတ်ပုံတင်ကြီးကြပ်ရေးမှူးထံသို့လည်းကောင်း၊ မြို့နယ်မှတ်ပုံတင်ကြီးကြပ်ရေးမှူးကို ခန့်အပ်တာဝန်ပေးထားခြင်း မရှိသေးလျှင် ခရိုင်မှတ်ပုံတင်ကြီးကြပ်ရေးမှူးထံသို့လည်းကောင်း၊ ခရိုင်မှတ်ပုံတင်ကြီးကြပ်ရေးမှူးကို ခန့်အပ်တာဝန်ပေးထားခြင်းမရှိသေးလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မှတ်ပုံတင်ကြီးကြပ်ရေးမှူးထံသို့လည်းကောင်း ကိုယ်တိုင်ဖြစ်စေ၊ သာမန်ကိုယ်စားလှယ်လွှဲစာဖြင့် မိဘအုပ်ထိန်းသူ သို့မဟုတ် ကိုယ်စားလှယ်ကဖြစ်စေ ပုံစံ (၁) ဖြင့် လျှောက်ထားရမည်။

၆။ နည်းဥပဒေ ၅ အရ လျှောက်ထားသည့်လျှောက်လွှာကို လက်ခံရရှိသည့် မှတ်ပုံတင်ကြီးကြပ်ရေးမှူးသည်-

(က) လက်ခံရရှိကြောင်း အထောက်အထားကို ပုံစံ (၂) ဖြင့် လျှောက်ထားသူအား ချက်ချင်းထုတ်ပေးရမည်။

(ခ) လျှောက်လွှာကို စိစစ်ပြီး မသန်စွမ်းသူအား သက်ဆိုင်ရာမသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်သည့် အဖွဲ့ထံတွင် ဆေးစစ်ဆေးမှုခံယူနိုင်စေရန် ပုံစံ (၁) မိတ္တူနှင့်အတူ ပုံစံ (၃) ဖြင့် လွှဲပြောင်းပေးရမည်။ ထိုသို့ လွှဲပြောင်းပေးရာတွင် သွားလာမှု၊ ဆေးစစ်ဆေးမှုနှင့် ဆေးထောက်ခံချက် လက်မှတ်တို့ကို လွယ်ကူအဆင်ပြေစေရန် အခမဲ့စီစဉ်ဆောင်ရွက်ပေးရမည်။

၇။ မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်သည့်အဖွဲ့သည် -

(က) နည်းဥပဒေ ၆၊ နည်းဥပဒေခွဲ (ခ) အရ လွှဲပြောင်းပေးပို့သည့် မသန်စွမ်းသူအား ဆေးစစ်ဆေး အကဲဖြတ်ပြီး မသန်စွမ်းမှုအဆင့် သတ်မှတ်ပေးရမည်။ ထိုသို့ စစ်ဆေးအကဲဖြတ်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ အထူးကုဆရာဝန်ဖြင့် စစ်ဆေးအကဲဖြတ်နိုင်ရန် ထပ်ဆင့်လွှဲပြောင်းရာ၌ လွယ်ကူအဆင်ပြေစေရန် အခမဲ့စီစဉ် ဆောင်ရွက်ပေးရမည်။

(ခ) မသန်စွမ်းသူအား နည်းဥပဒေခွဲ (က) အရ ဆေးစစ်ဆေးမှုများ ပြုလုပ်ပြီး မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်သည့် ဆေးထောက်ခံချက် လက်မှတ်ကို ပုံစံ (၄) ဖြင့် မှတ်ပုံတင်ကြီးကြပ်ရေးမှူး ထံသို့ ပြန်လည်ပေးပို့ရမည်။

၈။ မှတ်ပုံတင်ကြီးကြပ်ရေးမှူးသည် -

(က) မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်သည့်အဖွဲ့က ပြန်လည်ပေးပို့သော ဆေးထောက်ခံချက်လက်မှတ် ပုံစံ (၄) နှင့်အတူ ပုံစံ (၁) မိတ္တူကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်။

(ခ) မှတ်ပုံတင်အရာရှိက မသန်စွမ်းသူအား မှတ်ပုံတင်ရေးအတွက် ကိုယ်တိုင်တွေ့ဆုံလိုကြောင်း တောင်းဆိုပါက ထိုသို့ ကိုယ်တိုင်တွေ့ဆုံနိုင်ရန် စီစဉ်ဆောင်ရွက်ပေးရမည်။

၉။ မှတ်ပုံတင်အရာရှိသည် နည်းဥပဒေ ၈၊ နည်းဥပဒေခွဲ (က) အရ မှတ်ပုံတင်ကြီးကြပ်ရေးမှူးက တင်ပြလာသည့် ပုံစံ (၁) မိတ္တူနှင့် ပုံစံ (၄) တို့ကို စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသို့ တင်ပြရမည်။

၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် -

(က) နည်းဥပဒေ ၉ အရ တင်ပြချက်ကို စိစစ်ပြီး မသန်စွမ်းသူအား မှတ်ပုံတင်ခွင့်ပြုရန် မှတ်ပုံတင် လျှောက်ထားချက်ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ ခွင့်ပြုပါက လျှောက်ထားသူအား မသန်စွမ်းသူမှတ်ပုံတင်လက်မှတ်ကို ပုံစံ (၅) ဖြင့် ထုတ်ပေးရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ ပုံစံ (၅) ကို ထုတ်ပေးရာတွင် သက်ဆိုင်ရာမသန်စွမ်းသူ၏ ပတ်စ်ပို့ ဓာတ်ပုံကပ်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံးတံဆိပ်ရိုက်နှိပ်ပြီး ကော်မတီ၏ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူးက လက်မှတ်ရေးထိုးရမည်။

(ဃ) နည်းဥပဒေခွဲ (က) အရ မှတ်ပုံတင်ရန် လျှောက်ထားချက်ကို ငြင်းပယ်ကြောင်း ဆုံးဖြတ်သည့် အခါ ပုံစံ (၆) ဖြင့် လျှောက်ထားသူထံသို့ အကြောင်းကြားရမည်။

၁၁။ မှတ်ပုံတင်အရာရှိသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီက မသန်စွမ်းသူမှတ်ပုံတင် လက်မှတ်ထုတ်ပေးသည့် မသန်စွမ်းသူများ မှတ်ပုံတင်စာရင်းကို ပုံစံ (၇) ဖြင့် ပြုစုပြီး မှတ်ပုံတင်အရာရှိချုပ်ထံ လစဉ် အစီရင်ခံရမည်။

၁၂။ မှတ်ပုံတင်အရာရှိချုပ်သည် -

(က) မသန်စွမ်းသူများ မှတ်ပုံတင်ရန် လျှောက်လွှာလက်ခံရရှိသည့်နေ့မှစ၍ ၃ လအတွင်း မသန်စွမ်းသူ မှတ်ပုံတင်လက်မှတ် ထုတ်ပေးနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ရမည်။

(ခ) မှတ်ပုံတင်အရာရှိများက အစီရင်ခံသည့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မတီက မသန်စွမ်းသူမှတ်ပုံတင်လက်မှတ် ထုတ်ပေးသည့် မသန်စွမ်းသူများ မှတ်ပုံတင် စာရင်းချုပ်ကို ပုံစံ (၈) ဖြင့် ပြုစုပြီး အမျိုးသားကော်မတီသို့ လစဉ် အစီရင်ခံရမည်။

(ဂ) မှတ်ပုံတင်အရာရှိများက မသန်စွမ်းသူမှတ်ပုံတင်လက်မှတ်ထုတ်ပေးသည့် မသန်စွမ်းသူများ မှတ်ပုံတင် စာရင်းပြုစုခြင်းနှင့် မှတ်ပုံတင်ကြီးကြပ်ရေးမှူးများ၏ ဆောင်ရွက်မှုများကို ကြီးကြပ်ရမည်။

(ဃ) ရွှေ့လျားသွားလာရန် ခက်ခဲသည့် မသန်စွမ်းမှု ပြင်းထန်သူများနှင့် လမ်းပန်းဆက်သွယ်မှု ခက်ခဲသော ဒေသများရှိ မသန်စွမ်းသူများအတွက် မသန်စွမ်းမှုအဆင့်စိစစ်သတ်မှတ်သည့်အဖွဲ့၏ လုပ်ငန်းစဉ် များကို လိုအပ်သလို နယ်လှည့်၍ ကွင်းဆင်းဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးရမည်။

၁၃။ (က) မှတ်ပုံတင်လက်မှတ်ရ မသန်စွမ်းသူသည် မသန်စွမ်းမှုအခြေအနေတစ်ရပ်ရပ်အရ မသန်စွမ်းမှု အဆင့် လျော့ချလာသည့်အခါဖြစ်စေ၊ အဆင့်တိုးမြှင့်လာသည့်အခါဖြစ်စေ မသန်စွမ်းမှုအဆင့် ပြင်ဆင်သတ်မှတ်ပေးရန် မသန်စွမ်းသူ မှတ်ပုံတင်လက်မှတ် ပုံစံ (၅) မိတ္တူပူးတွဲ၍ သက်ဆိုင်ရာ မှတ်ပုံတင်ကြီးကြပ်ရေးမှူးထံသို့ ပုံစံ (၉) ဖြင့် လျှောက်ထားနိုင်သည်။

(ခ) သက်ဆိုင်ရာ မှတ်ပုံတင်ကြီးကြပ်ရေးမှူးက မသန်စွမ်းမှုအဆင့် ပြင်ဆင်သတ်မှတ်ရေးအတွက် မသန်စွမ်းသူအား ဆေးစစ်ဆေးပေးနိုင်ရန် မသန်စွမ်းမှုအဆင့်စိစစ်သတ်မှတ်သည့်အဖွဲ့ထံသို့ ပုံစံ (၉) မိတ္တူနှင့်အတူ ပုံစံ (၁၀) ဖြင့် လွှဲပြောင်းပေးပို့ခြင်း၊ မသန်စွမ်းမှုအဆင့် စိစစ် သတ်မှတ်သည့်အဖွဲ့က ဆေးစစ်ဆေးပြီး ဆေးထောက်ခံချက်လက်မှတ်ကို ပုံစံ (၁၁) ဖြင့် ထုတ်ပေးခြင်း၊ သက်ဆိုင်ရာ မှတ်ပုံတင်ကြီးကြပ်ရေးမှူးက ထိုပုံစံ (၁၁) အရ မှတ်ပုံတင်

လက်မှတ်ထုတ်ပေးရေးအတွက် မှတ်ပုံတင်အရာရှိထံသို့ တင်ပြခြင်းနှင့် မှတ်ပုံတင်အရာရှိက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသို့ တင်ပြခြင်းတို့ကို နည်းဥပဒေ ၆၊ ၇၊ ၈ နှင့် ၉ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီက မသန်စွမ်းမှုအဆင့် ပြင်ဆင်သတ်မှတ်ပေးရန် တင်ပြချက်တို့ကို စိစစ်ပြီး မသန်စွမ်းမှုအဆင့် လျှော့ချခြင်း သို့မဟုတ် တိုးမြှင့်ခြင်းပြုပါက မူလမသန်စွမ်းသူ မှတ်ပုံတင်လက်မှတ် ပုံစံ (၅) ကို မှတ်တမ်းတင်ထိန်းသိမ်းထားပြီး ပြင်ဆင်သတ်မှတ်သည့် မသန်စွမ်းသူ မှတ်ပုံတင်လက်မှတ် ပုံစံ (၅) အသစ်ကို လျှောက်ထားသူအား နည်းဥပဒေ ၁၀၊ နည်းဥပဒေခွဲ (ခ)၊ (ဂ) တို့နှင့်အညီ ပြန်လည်ထုတ်ပေးရမည်။

၁၄။ (က) မှတ်ပုံတင်လက်မှတ်ရ မသန်စွမ်းသူသည် မသန်စွမ်းမှုအင်္ဂါရပ်များနှင့် အကျုံးမဝင်တော့သည့်အခါ မသန်စွမ်းသူအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ မှတ်ပုံတင်ကြီးကြပ်ရေးမှူးထံသို့ ပုံစံ (၁၂) ဖြင့် လျှောက်ထားနိုင်သည်။

(ခ) သက်ဆိုင်ရာ မှတ်ပုံတင်ကြီးကြပ်ရေးမှူးက မသန်စွမ်းသူအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပေးရေးအတွက် မသန်စွမ်းသူအား ဆေးစစ်ဆေးပေးရန် မသန်စွမ်းမှုအဆင့်စိစစ်သတ်မှတ်သည့်အဖွဲ့ထံသို့ ပုံစံ (၁၂) မိတ္တူနှင့်အတူ ပုံစံ (၁၃) ဖြင့် လွှဲပြောင်းပေးပို့ခြင်း၊ မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်သည့်အဖွဲ့က ဆေးစစ်ဆေးပြီး ဆေးထောက်ခံချက်လက်မှတ်ကို ပုံစံ (၁၄) ဖြင့် ထုတ်ပေးခြင်း၊ သက်ဆိုင်ရာ မှတ်ပုံတင်ကြီးကြပ်ရေးမှူးက ထိုပုံစံ (၁၄) အရ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပေးရေးအတွက် မှတ်ပုံတင်အရာရှိထံသို့ တင်ပြခြင်းနှင့် မှတ်ပုံတင်အရာရှိက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသို့ ပုံစံ (၁၅) ဖြင့် တင်ပြခြင်းတို့ကို နည်းဥပဒေ ၆၊ ၇၊ ၈ နှင့် ၉ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီက မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပေးရန် တင်ပြချက်တို့ကို စိစစ်ပြီး အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ပယ်ဖျက်ပေးရန် အတည်ပြုပါက မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ရန် မှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြားရမည်။

(ဃ) နည်းဥပဒေခွဲ (ဂ) အရ အကြောင်းကြားစာကို လက်ခံရရှိသော သက်ဆိုင်ရာမှတ်ပုံတင်အရာရှိသည် မသန်စွမ်းသူအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ရမည်။ ထိုသို့ ပယ်ဖျက်ပြီးကြောင်းကို သက်ဆိုင်ရာ လျှောက်ထားသူထံသို့ အကြောင်းကြားနိုင်သည်။

၁၅။ မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းများ ကြိုတင်ပြင်ဆင်သည့်ကာလအဖြစ် ဤနည်းဥပဒေ ပြဋ္ဌာန်းသည့်နေ့မှစ၍ အများဆုံး ၂ နှစ် သတ်မှတ်သည်။

## အခန်း (၃)
## မသန်စွမ်းသူများ၏ပညာရေး

၁၆။ အမျိုးသားကော်မတီသည် အစိုးရပိုင်၊ အများပိုင်၊ ပုဂ္ဂလိကပိုင်နှင့် အဖွဲ့အစည်းပိုင် မူကြို၊ အခြေခံပညာကျောင်းများ၊ သင်တန်းများ၊ သိပ္ပံ၊ ကောလိပ်နှင့် တက္ကသိုလ်များတွင်လည်းကောင်း၊ ပုဂ္ဂလိက ပညာသင်ကျောင်းနှင့် အသက်မွေးမှုသင်တန်းကျောင်းများတွင်လည်းကောင်း မသန်စွမ်းသူတိုင်း ခွဲခြားခံရမှုမရှိစေဘဲ မသန်စွမ်းမှု အမျိုးအစားအလိုက်ပညာသင်ယူခွင့် ရရှိနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ လူတိုင်းအကျုံးဝင်ပညာရေးနှင့်စပ်လျဉ်းသည့်မူဝါဒများ၊ အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

၁၇။ နည်းဥပဒေ ၁၆ ပါ လူတိုင်းအကျုံးဝင်ပညာရေးနှင့်စပ်လျဉ်းသည့် မူဝါဒများ၊ အစီအစဉ်များ ချမှတ်ဆောင်ရွက်ရာတွင် လိုအပ်ပါက ပညာရေးဝန်ကြီးဌာနသည် အခြားသက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဆက်စပ်အဖွဲ့အစည်းများ၊ မသန်စွမ်းသူများအသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၁၈။ အမျိုးသားကော်မတီသည် ကျောင်းပြင်ပပညာရေး အစီအစဉ်များနှင့် အသက်မွေးဝမ်းကျောင်း ပညာရေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မသန်စွမ်းသူများ အကျုံးဝင်နိုင်ရေး အတွက် ပညာရေးဝန်ကြီးဌာနနှင့်လည်းကောင်း၊ လိုအပ်ပါက အခြားသက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဌာနများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၁၉။ ပညာရေးဝန်ကြီးဌာနသည် ဥပဒေပုဒ်မ ၂၄၊ ပုဒ်မခွဲ (ခ) အရ မသန်စွမ်းကလေးသူငယ်များအား နိုင်ငံတော်က ဖွင့်လှစ်ထားသော ကျောင်းများတွင် အခမဲ့ပညာသင်ယူခွင့်ရရှိရေးအတွက် ဆောင်ရွက်ရာတွင် မသန်စွမ်းမှု အမျိုးအစားအလိုက် လိုအပ်သော သင်ထောက်ကူပစ္စည်းများ၊ သင်ကြားနည်းစနစ်များကို အခမဲ့ ရရှိစေရေးအတွက် အခြားသက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်လည်းကောင်း၊ မသန်စွမ်းသူများအတွက် ဆောင်ရွက်သော အဖွဲ့အစည်းများနှင့်လည်းကောင်း၊ မသန်စွမ်းသူများ အသင်းအဖွဲ့တို့နှင့်လည်းကောင်း ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးရမည်။

၂၀။ ပညာရေးဝန်ကြီးဌာန၊ အခြားသက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပညာရေးဆိုင်ရာ အဖွဲ့အစည်းများ သည် အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ မူကြို၊ အခြေခံပညာအဆင့်မှ သိပ္ပံ၊ ကောလိပ်နှင့် တက္ကသိုလ်ပညာအဆင့်အထိ မသန်စွမ်းမှု အမျိုးအစားနှင့် မသန်စွမ်းမှုအဆင့်အလိုက် လိုအပ်ချက်များကို အခြေခံ၍ အောက်ပါတို့ကို စီစဉ်ဆောင်ရွက်ရမည် -

(က) မသန်စွမ်းမှုအလိုက် လိုအပ်သော စာရေးခုံ၊ စာသင်ခန်း၊ သန့်စင်ခန်းအစရှိသည့် အဆင်ပြေ သင့်လျော်သည့် ပတ်ဝန်းကျင်များစီမံထားရှိခြင်း၊

(ခ) မသန်စွမ်းမှု အမျိုးအစားအလိုက် အဆင်ပြေသင့်လျော်သည့် စာမေးပွဲဖြေဆိုမှုပုံစံနှင့် ဖြေဆိုချိန်များ သတ်မှတ်ပေးခြင်း၊ စာမေးပွဲဖြေဆိုရာတွင် မသန်စွမ်းမှု အမျိုးအစားအလိုက် လိုအပ်သည့် အထောက်အကူပြုပစ္စည်းများ ယူဆောင်ခွင့်ပြုခြင်း၊ လိုအပ်ပါက နားမကြားသူများအတွက် လက်သင်္ကေတပြ ဘာသာစကားပြန် ခေါ်ယူခွင့်ပြုခြင်း၊

(ဂ) အခြေခံပညာအဆင့်တွင် မသန်စွမ်းမှုဆိုင်ရာ အသိပညာဗဟုသုတများကိုလည်းကောင်း၊ ဆရာ အတတ်သင်ပညာရေးသင်ကြားသည့် ကောလိပ်နှင့်တက္ကသိုလ်များတွင် မသန်စွမ်းသူများ အခွင့် အရေးအား ဘာသာရပ်တစ်ခုအဖြစ်လည်းကောင်း ထည့်သွင်းသင်ကြားရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ဃ) မသန်စွမ်းမှု အမျိုးအစားအလိုက် ကျွမ်းကျင်စွာ သင်ကြားပေးနိုင်မည့် မသန်စွမ်းသူဆရာ၊ ဆရာမ များ အပါအဝင် ဆရာ၊ ဆရာမများအား လေ့ကျင့်သင်ကြားမွေးထုတ်ခြင်းနှင့် အထူးကျွမ်းကျင်သူ များဖြင့် မွမ်းမံသင်တန်းပေးခြင်း၊

(င) မသန်စွမ်းသူများ၏ ပညာရေးလိုအပ်ချက်အပေါ် ထိရောက်စွာ ပံ့ပိုးပေးရန်နှင့် ပေါင်းကူး ဆောင်ရွက်ခြင်းများပြုလုပ်နိုင်ရန် မသန်စွမ်းသူများအား ပညာသင်ကြားပေးနိုင်သည့် ကျောင်းများတွင် မသန်စွမ်းသူ ဆရာ၊ ဆရာမများ အပါအဝင် မသန်စွမ်းမှုကျွမ်းကျင်သည့် ဆရာ၊ ဆရာမများ ထားရှိပေးရန် စီစဉ်ဆောင်ရွက်ခြင်း။

## အခန်း (၄)
## မသန်စွမ်းသူများ၏ကျန်းမာရေး

၂၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အခွင့်အရေးများကို မသန်စွမ်းသူ များ အခမဲ့ဖြစ်စေ၊ ကျခံနိုင်သော နှုန်းထားဖြင့်ဖြစ်စေ ရရှိခံစားနိုင်ရန်အလို့ငှာ -

(က) မသန်စွမ်းမှုဖြစ်ပွားနှုန်း အနည်းဆုံးဖြစ်စေရန် မသန်စွမ်းမှုဖြစ်နိုင်သည့် အကြောင်းရင်းများကို လေ့လာသုတေသနပြုလုပ်ခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်း၊ ကာကွယ်ဆေးများတိုက်ကျွေးခြင်း၊ ထိုးနှံခြင်းစသည့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စီမံချက်များချမှတ်၍ တိုးမြှင့်ဆောင်ရွက်ရမည်။

(ခ) ရှေးဦးအရွယ်ကလေးသူငယ်များ ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည် ထူထောင်ရေးဆိုင်ရာလုပ်ငန်းများအား ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

(ဂ) နိုင်ငံပိုင်ဆေးရုံ၊ ဆေးခန်းများသို့ မသန်စွမ်းသူများ ကျန်းမာရေးဆေးကုသမှုခံယူရန် လာရောက်ပါက ဦးစားပေး၍ မသန်စွမ်းမှုအမျိုးအစားအလိုက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးရမည်။

(ဃ) မသန်စွမ်းသူများအား ပြုစုစောင့်ရှောက်လျက်ရှိသော ဂေဟာများ၊ သင်တန်းကျောင်းများ၊ ဌာနများနှင့် စင်တာများကို ကျန်းမာရေးဆိုင်ရာ ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးရမည်။

၂၂။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်သည့်အဖွဲ့က မသန်စွမ်းမှုအမျိုးအစားနှင့် မသန်စွမ်းမှုအဆင့် သတ်မှတ်ရာတွင် နိုင်ငံတကာက ကျင့်သုံးသော စံနှုန်းများနှင့်လိုက်လျောညီထွေရှိစေရေးနှင့် လူမှုရေးစံနှုန်းများ ထည့်သွင်းစဉ်းစားရေးတို့အတွက် လိုအပ်သော ညွှန်ကြားချက်များ ထုတ်ပြန်ရမည်။

၂၃။ စက်မှုဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့သည် စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမားများ မသန်စွမ်းမှုမဖြစ်ပေါ်စေရန်အလို့ငှာ လုံလောက်သော အကာအကွယ်များ ထားရှိစေရေးအတွက်လည်းကောင်း၊ အဆိပ်သင့်စေသော ဓာတုပစ္စည်းများကိုင်တွယ် အသုံးပြုရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက်လည်းကောင်း ကြိုတင်ကာကွယ်မှု အစီအမံများကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

၂၄။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ -

(က) မသန်စွမ်းမှုဖြစ်လျက်ရှိသော ကလေးများနှင့် မသန်စွမ်းမှုဖြစ်ရန် အလားအလာရှိသော ကလေးများကို စောစီးစွာစိစစ်ဖော်ထုတ်ပြီး ဆေးကုသမှုများ ဆောင်ရွက်ပေးရမည်။

(ခ) မွေးကင်းစမှ ၅ နှစ်အထိ မသန်စွမ်းကလေးများကို ဦးစားပေး၍ အသက်အပိုင်းအခြားအလိုက် ကုသရေးနှင့် ပြုစုပျိုးထောင်ရေးစီမံချက်များ ချမှတ်ဆောင်ရွက်ရမည်။

## အခန်း (၅)
## မသန်စွမ်းသူများ လွယ်ကူစွာသွားလာနေထိုင် အသုံးပြုနိုင်ရေး

၂၅။ အမျိုးသားကော်မတီသည် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံဗိသုကာကောင်စီတို့နှင့် ညှိနှိုင်းပူးပေါင်းပြီး ကာလရှည်၊ ကာလတိုစီမံကိန်းများချမှတ်ကာ အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရမည် -

(က) အများပြည်သူဆိုင်ရာ အဆောက်အအုံများနှင့် ဆက်စပ်ပတ်ဝန်းကျင်နေရာများဖြစ်သော အိမ်ရာ၊ စာသင်ကျောင်း၊ ရုံး၊ ဆေးရုံ၊ ဈေး၊ ပန်းခြံ၊ ရုပ်ရှင်ရုံ၊ ကဇာတ်ရုံ၊ ပြတိုက်၊ အားကစားရုံ၊ ဈေးဝယ်စင်တာ၊ အများသုံးသန့်စင်ခန်း၊ လမ်းတံတား၊ လျှောက်လမ်း၊ ပလက်ဖောင်း၊ လူကူးမျဉ်းကျား၊ လမ်းဆုံမီးပွိုင့်၊ ကားဂိတ်၊ ဘူတာရုံ၊ လေဆိပ်၊ သင်္ဘောဆိပ် စသည်တို့ကိုမသန်စွမ်းသူများ လွယ်ကူစွာ အသုံးပြုနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ဗိသုကာ စံချိန်စံညွှန်းများနှင့်အညီ ပုံစံထုတ်လုပ်ခြင်း၊ တည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်း၊

(ခ) အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယာဉ်များတွင် မသန်စွမ်းသူများအတွက် ဦးစားပေး၍ နေရာထိုင်ခင်း စီစဉ်ထားရှိခြင်း၊ ဘီးတပ်ကုလားထိုင် အသုံးပြုသူများ စီးနင်းလိုက်ပါနိုင်ရေးအတွက် စီစဉ်ပေးခြင်း၊ အမြင်အာရုံချို့ယွင်းသူများ၊ အကြားအာရုံချို့ယွင်းသူများ၊ ဉာဏ်ရည်မသန်စွမ်းသူများအတွက် အသံစနစ်၊ သင်္ကေတအမှတ်အသားများ၊ ရုပ်ပုံများ၊ အချက်ပြမီးများ အပါအဝင် သင့်လျော်သော အခြေအနေစီစဉ်ပေးခြင်း၊ အထောက်အကူပြုစေသော လိုအပ်ချက်များ စီစဉ်ပေးခြင်း၊

(ဂ) အများပြည်သူသွားလာသည့် လမ်းများ၏ လူသွားလမ်း၊ ပလက်ဖောင်းများတွင် မသန်စွမ်းသူများ လွယ်ကူစွာသွားလာနိုင်ရေးအတွက် မျက်မမြင် လျှောက်လမ်းများနှင့် လမ်းဖြတ်အတက်အဆင်းများတွင် ဆင်ခြေလျှောလမ်းများ ပြုလုပ်ရန် ဆောင်ရွက်ခြင်း၊

(ဃ) ဆက်သွယ်ရေး၊ အသံလွှင့်အစီအစဉ်၊ ရုပ်မြင်သံကြား၊ သတင်း၊ ပြန်ကြားရေးနှင့်အင်တာနက် ဝက်ဘ်ဆိုက်စသည့် လူထုဆက်သွယ်ရေးကဏ္ဍတို့တွင် အများပြည်သူသိရှိသင့်သည့် သတင်းအချက်အလက်များအား မသန်စွမ်းသူများ လွယ်ကူစွာ သုံးစွဲနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(င) လူနေထူထပ်သောနေရာများ၊ ကျောင်းများ၊ လေဆိပ်၊ ကားဂိတ်၊ သင်္ဘောဆိပ်နှင့်ဘူတာရုံများတွင် မသန်စွမ်းသူများအတွက် ယာဉ်ရပ်နားရန် နေရာများသတ်မှတ်ထားရှိခြင်း။

## အခန်း (၆)

## မသန်စွမ်းသူများနိုင်ငံရေးနှင့် ပြည်သူ့ရေးရာနယ်ပယ်များတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး

၂၆။ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ လွှတ်တော်တစ်ရပ်ရပ်အတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော မသန်စွမ်းသူတိုင်း လျှို့ဝှက်ဆန္ဒမဲပေးနိုင်ရေးနှင့် လွှတ်တော်တစ်ရပ်ရပ်အတွက် ရွေးချယ်ခံနိုင်ခွင့်ရှိသော မသန်စွမ်းသူတိုင်း ရွေးချယ်ခံနိုင်ရေးတို့အတွက် အမျိုးသားကော်မတီသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်။

၂၇။ အမျိုးသားကော်မတီသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ညှိနှိုင်းပြီး -

(က) မသန်စွမ်းသူများ မဲရုံသို့ လွယ်ကူစွာလာရောက်မဲပေးနိုင်ရန်နှင့် မသန်စွမ်းမှု အမျိုးအစားအလိုက် မဲရုံအသုံးအဆောင်ပစ္စည်းများအား လွယ်ကူစွာအသုံးပြုမဲထည့်နိုင်ရန် လက်သင်္ကေတပြဘာသာစကား၊ မျက်မမြင်လက်စမ်းစာပေနှင့် အသံဖြင့်ဆက်သွယ်ခြင်း နည်းလမ်းများကဲ့သို့သော သင့်လျော်သည့် ဆက်သွယ်ရေးနည်းလမ်းများအား စီစဉ်ဖြည့်ဆည်းပေးရန် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများအား ပံ့ပိုးကူညီ ဆောင်ရွက်ရမည်။

(ခ) မသန်စွမ်းသူများ အများနည်းတူ မဲပေးနိုင်ရေးနှင့် ရွေးကောက်ပွဲတွင် ပါဝင်နိုင်ရေးအတွက် အကူကိရိယာနှင့် နည်းပညာအသစ်များ အသုံးပြုခြင်းအပါအဝင် သင့်လျော်သော အစီအစဉ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ စီမံဆောင်ရွက်နိုင်ရန် ပံ့ပိုးကူညီရမည်။

(ဂ) မဲဆန္ဒရှင်မသန်စွမ်းသူသည် လွှတ်တော်တစ်ရပ်ရပ်အတွက် ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်တိုင်ဆန္ဒပြုသော ပုဂ္ဂိုလ်တစ်ဦးဦး၏ အကူအညီဖြင့်ဖြစ်စေ လျှို့ဝှက်ဆန္ဒမဲပေးရာတွင် လွယ်ကူအဆင်ပြေရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရမည်။

(ဃ) မဲဆန္ဒရှင်စာရင်းကောက်ယူသည့်နေရာ၊ ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းမှု လက်ခံသည့်နေရာ၊ ဆန္ဒမဲထည့်ရသည့်မဲရုံ၊ ကန့်ကွက်တိုင်ကြားရန်သွားရောက်ရမည့် ရုံးခန်းအပါအဝင် ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် သက်ဆိုင်သည့် အခြေခံအဆောက်အဉီများနှင့် ဝန်ဆောင်မှုအားလုံးကို မသန်စွမ်းသူများ လက်လှမ်းမီ ရယူအသုံးပြုနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(င) မသန်စွမ်းသူမဲဆန္ဒရှင်များအား ထိရောက်စွာအကူအညီပေးနိုင်ရန် ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်မှ တာဝန်ရှိသူများနှင့် မဲရုံဝန်ထမ်းများကို လိုအပ်ပါက မသန်စွမ်းမှုဆိုင်ရာ အသိပညာပေးသင်တန်းများအား စီစဉ်ပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ရမည်။

၂၈။ အမျိုးသားကော်မတီသည် အောက်ဖော်ပြပါ လူမှုရေးနယ်ပယ်ရှိ လှုပ်ရှားမှုအသီးသီးတွင် မသန်စွမ်းသူများအား ခွဲခြားမှုမရှိဘဲ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်၊ မသန်စွမ်းသူများအသင်းအဖွဲ့များနှင့်လည်းကောင်း ညှိနှိုင်းပြီး သင့်လျော်သော အစီအမံများ ဆောင်ရွက်ပေးရမည် -

(က) အများပြည်သူနှင့်ပတ်သက်သည့် ရိုးရာယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ လှုပ်ရှားမှုများ၊ ဖျော်ဖြေရေး အစီအစဉ်များနှင့် ပွဲတော်များကျင်းပခြင်း၊

(ခ) ထူးချွန်သူ မသန်စွမ်းအားကစားသမားများ ပေါ်ထွန်းလာရေးနှင့် မသန်စွမ်းသူများ အထူးပြုအားကစားနည်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင်ခြင်း၊

(ဂ) အများပြည်သူအသုံးပြုသည့် အားကစားကွင်းနှင့် အားကစားရုံများတွင် မသန်စွမ်းသူများပါဝင်လေ့ကျင့်အသုံးပြုခွင့် သေချာစေရန် စီမံဆောင်ရွက်ခြင်း၊

(ဃ) နယ်ပယ်အလိုက် ထူးချွန်သော မသန်စွမ်းသူများအား အခြားနိုင်ငံသားများနည်းတူ ချီးမြှင့်အားပေးခြင်း၊

(င) ပုံမှန် အားကစားလှုပ်ရှားမှုအဆင့်တိုင်းတွင် မသန်စွမ်းသူများအဖြစ်နိုင်ဆုံး အခြေအနေအထိ ပါဝင်ဆောင်ရွက်နိုင်ရေး အားပေးရန်နှင့် မြှင့်တင်ရန် ဆောင်ရွက်ခြင်း၊

(စ) မသန်စွမ်းကလေးများအနေဖြင့် အခြားကလေးများနည်းတူ ဆော့ကစားခြင်း၊ အပန်းဖြေခြင်း၊ အနားယူခြင်းနှင့် အားကစားလှုပ်ရှားမှုများတွင် ပါဝင်ခွင့်ရရှိစေရန် ဆောင်ရွက်ခြင်း။

## အခန်း (၇)
## မသန်စွမ်းသူများ ပြုစုပျိုးထောင်ရေးနှင့်ပြန်လည်ထူထောင်ရေး

၂၉။ ဝန်ကြီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ -

(က) သဘာဝဘေးအန္တရာယ်အပါအဝင် ဘေးအန္တရာယ်အမျိုးမျိုးမကျရောက်မီ ကြိုတင်ကာကွယ်ရေး၊ ပြင်ဆင်ရေးလုပ်ငန်းများကိုလည်းကောင်း၊ ဘေးအန္တရာယ်ကျရောက်သည့် အရေးပေါ် အခြေအနေတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် ဘေးအန္တရာယ်ကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ရာတွင် မသန်စွမ်းသူများအတွက် ထည့်သွင်းဆောင်ရွက်ရန် စီမံထားရှိရမည်။ ယင်းလုပ်ငန်း စီမံချက်များကို မသန်စွမ်းသူများ သိရှိနားလည်နိုင်ရေးကိုလည်း စီမံဆောင်ရွက်ရမည်။

(ခ) နည်းဥပဒေခွဲ (က) ပါ လုပ်ငန်းများတွင် မသန်စွမ်းသူများ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခွင့်ရှိစေရန် ညှိနှိုင်းပေးရမည်။

၃၀။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများသည် ရပ်ရွာအခြေပြု ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအပါအဝင် အဖွဲ့အစည်းတိုင်း၏ ဆောင်ရွက်မှုလုပ်ငန်းစဉ်တိုင်းတွင် မသန်စွမ်းသူများ အကျုံးဝင်နိုင်ရေး စီမံဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် မသန်စွမ်းသူများကိုယ်တိုင် ပူးပေါင်းပါဝင်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးရမည်။

## အခန်း (၈)
## မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး

၃၁။ အမျိုးသားကော်မတီသည် -

(က) ဥပဒေပုဒ်မ ၃၅၊ ပုဒ်မခွဲ (က) အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်လည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်လည်းကောင်း၊ ဆက်စပ်အဖွဲ့အစည်းများနှင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်ရမည်။

(ခ) မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းအတွက် အသက်မွေးမှုအထူးသင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားနိုင်ရေးနှင့် လက်ရှိဖွင့်လှစ်ထားသော အသက်မွေးဝမ်းကျောင်းသင်တန်းများတွင် မသန်စွမ်းသူများ အကျုံးဝင်တက်ရောက်နိုင်ရန် ညှိနှိုင်းစီစဉ်ပေးရမည်။

(ဂ) မသန်စွမ်းသူများ အလုပ်ခွင်ဝင်ရောက်ရာတွင် အခက်အခဲမရှိစေရေးအတွက် အနီးကပ်ကြီးကြပ်ကူညီပံ့ပိုးပေးမည့် လုပ်ငန်းခွင်ဆိုင်ရာ ညှိနှိုင်းရေးမှူးများအား လေ့ကျင့်သင်တန်းပေးခြင်း အစီအစဉ်များအတွက် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ဃ) မသန်စွမ်းသူများ လုပ်ငန်းခွင်တွင် စွမ်းရည်မြင့်မားရေးအတွက် လုပ်ငန်းခွင်သင်တန်းများ၊ လုပ်ငန်းခွင်ကျွမ်းကျင်မှု မွမ်းမံသင်တန်းများ အဆင်ပြေလွယ်ကူစွာ တက်ရောက်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် ညှိနှိုင်း၍ စီမံဆောင်ရွက်ရမည်။

၃၂။ အလုပ်ရှင်သည် -

(က) မသန်စွမ်းသူ အလုပ်သမားအား ကျွမ်းကျင်မှုအလိုက် အလုပ်တစ်ခုခုတွင် လုပ်ကိုင်ရန် ခန့်အပ်ပြီးပါက ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ မြို့နယ်အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် အလုပ်ခန့်ထားရေးကတ်ပြား ပုံစံ (၇) ထုတ်ယူရန်နှင့် လစ်လပ်သည့်အလုပ်အကိုင်စာရင်းကို ဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများသို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့ရမည်။

(ခ) အလုပ်ခွင်များတွင် မသန်စွမ်းသူများနှင့် အဆင်ပြေသင့်လျော်သည့်ပတ်ဝန်းကျင်ဖြစ်စေရန် လိုအပ်သော ပြင်ဆင်မွမ်းမံမှုများ ဆောင်ရွက်ရမည်။

၃၃။ အလုပ်ရှင်သည် -

(က) မိမိ၏ဌာန၊ အဖွဲ့အစည်းနှင့် စီးပွားရေးလုပ်ငန်းတွင် မသန်စွမ်းသူများကို အမျိုးသားကော်မတီက သတ်မှတ်ထားသည့် ဝေပုံကျနှုန်းထားအတိုင်း အလုပ်ခန့်ထားခြင်း မပြုနိုင်လျှင်ဖြစ်စေ၊ အလုပ်ခန့်ထားရန် အခြေအနေမပေးလျှင် သို့မဟုတ် အခွင့်အလမ်းမရှိလျှင်ဖြစ်စေ ခန့်ထားရမည့် ဝေပုံကျနှုန်းထားအရ အလုပ်သမား သို့မဟုတ် ဝန်ထမ်းတစ်ဦးလျှင် ပေးရမည့် အနည်းဆုံးအခကြေးငွေအတိုင်း ခန့်ထားရမည့်ဦးရေအလိုက် သတ်မှတ်ထားသော ငွေပမာဏကို မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာရန်ပုံငွေသို့ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီမှတစ်ဆင့် လစဉ် လဆန်းရက်သတ္တပတ်အတွင်း ပေးသွင်းရမည်။ အကယ်၍ လစဉ် လဆန်းရက်သတ္တပတ်အတွင်း ပေးသွင်းခြင်းမပြုပါက ပျက်ကွက်သည့်နေ့အသီးသီးအတွက် ပေးသွင်းရမည့်ငွေပမာဏ၏ ၃ ရာခိုင်နှုန်းကို နောက်ကျကြေးအဖြစ် ထပ်ဆောင်း၍ပေးသွင်းရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ပေးသွင်းရမည့်ငွေပမာဏကို လစဉ်ပေးသွင်းနေစဉ် သတ်မှတ်ထားသော ဝေပုံကျနှုန်းထားအရ မသန်စွမ်းသူများအား အလုပ်ခန့်ထားပါက ခန့်ထားသည့်ဦးရေအလိုက် အချိုးကျလစဉ်ပေးသွင်းခြင်းမှ ရပ်စဲခွင့်၊ လျှော့ချခွင့် ရရှိရန် ပုံစံ (၁၆) ဖြင့် ဦးစီးဌာနသို့ လျှောက်ထားရမည်။

(ဂ) ဝေပုံကျအရ ခန့်ထားပြီးသော အလုပ်သမားစာရင်းကိုလည်းကောင်း၊ လစ်လပ်လျက်ရှိသော အလုပ်သမားဦးရေစာရင်းကိုလည်းကောင်း မှတ်တမ်းတင်ထားရမည်ဖြစ်ပြီး ၎င်းစာရင်းများအား ဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ် အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးရုံးများသို့ ၃ လ တစ်ကြိမ် ပေးပို့ရမည်။

၃၄။ ဦးစီးဌာနသည် နည်းဥပဒေ ၃၃၊ နည်းဥပဒေခွဲ (ခ) အရ လျှောက်ထားချက်နှင့် နည်းဥပဒေခွဲ (ဂ) အရ ပေးပို့သော စာရင်းများကိုစိစစ်ပြီး ခန့်ထားသည့် ဝေပုံကျနှုန်းထားအပေါ် မူတည်၍ ပေးသွင်းရမည့် ငွေပမာဏလျှော့ချခြင်း၊ တိုးမြှင့်ခြင်းနှင့် ရပ်စဲခြင်းတို့ကို စိစစ်ဆောင်ရွက်ရမည်။

## အခန်း (၉)

## မသန်စွမ်းသူများ အသင်းအဖွဲ့ ဖွဲ့စည်းခြင်းနှင့် မှတ်ပုံတင်ခြင်း

၃၅။ မသန်စွမ်းသူများအသင်းအဖွဲ့ ဖွဲ့စည်းလိုသူသည် -

(က) မသန်စွမ်းမှု အမျိုးအစားအလိုက်ဖြစ်စေ၊ မသန်စွမ်းမှု အမျိုးအစားများ စုပေါင်း၍ဖြစ်စေ သက်ဆိုင်ရာ မသန်စွမ်းသူများအသင်းအဖွဲ့တစ်ခုခုကို မှတ်ပုံတင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မသန်စွမ်းသူများအသင်းမှတစ်ဆင့် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်သို့ မသန်စွမ်းသူအသင်းအဖွဲ့၏ အသင်းဖွဲ့စည်းပုံစည်းမျဉ်းနှင့်အတူ ပုံစံ (၁၇) ဖြင့် လျှောက်ထားနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ လျှောက်ထားရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မသန်စွမ်းသူအသင်း ဖွဲ့စည်းထားခြင်းမရှိသေးမီကာလအတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီမှတစ်ဆင့် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်သို့ လျှောက်ထားနိုင်သည်။

၃၆။ (က) နည်းဥပဒေ ၃၅ အရ မသန်စွမ်းသူများအသင်းအဖွဲ့ မှတ်ပုံတင်ရန် လျှောက်ထားချက်ကို လက်ခံရရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မသန်စွမ်းသူအသင်းကဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီကဖြစ်စေ လျှောက်ထားချက်ကိုစိစစ်ပြီး ပုံစံ (၁၇) လက်ခံရရှိသည့်နေ့မှ ရက်သတ္တနှစ်ပတ်အတွင်း မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်သို့ သဘောထားမှတ်ချက်ဖြင့် တင်ပြရမည်။

(ခ) မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်သည် နည်းဥပဒေခွဲ (က) အရ လျှောက်ထားချက်ကို လက်ခံရရှိကြောင်း ပြန်ကြားစာကို လျှောက်ထားသူထံ ချက်ချင်းထုတ်ပေးရမည်။

၃၇။ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်သည် မသန်စွမ်းသူများအသင်းအဖွဲ့ မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် အမျိုးသားကော်မတီသို့ ရက်ပေါင်း ၃၀ အတွင်း တင်ပြရမည်။

၃၈။ အမျိုးသားကော်မတီသည် -

(က) နည်းဥပဒေ ၃၇ အရ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်၏ တင်ပြချက်ကိုစိစစ်ပြီး မှတ်ပုံတင်ရန်လျှောက်ထားသည့် မသန်စွမ်းသူများအသင်းအဖွဲ့အား မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် မှတ်ပုံတင်ရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ မှတ်ပုံတင်ခွင့်ပြုသော မသန်စွမ်းသူများအသင်းအဖွဲ့အား သတ်မှတ်ထားသော မှတ်ပုံတင်ခပေးသွင်းစေ၍ မှတ်ပုံတင်လက်မှတ်ကို ပုံစံ (၁၈) ဖြင့် ထုတ်ပေးရမည်။ ပုံစံ (၁၈) တွင် မှတ်ပုံတင်လက်မှတ်သက်တမ်းနှင့် စည်းကမ်းချက်များသတ်မှတ်ပေးရမည်။

(ဂ) နည်းဥပဒေခွဲ (က) အရ မှတ်ပုံတင်ခွင့်ပြုမှုများအား မသန်စွမ်းသူများအသင်းအဖွဲ့ မှတ်ပုံတင်စာရင်းပုံစံ (၁၉) တွင် ရေးသွင်းရမည်။

(ဃ) နည်းဥပဒေခွဲ (က) အရ မှတ်ပုံတင်ရန်ငြင်းပယ်ကြောင်း ဆုံးဖြတ်ပါက ထိုသို့ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက်ကို အကြောင်းပြချက်နှင့်အတူ သက်ဆိုင်ရာမသန်စွမ်းသူများအသင်းအဖွဲ့ လျှောက်ထားသူထံသို့ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်မှတစ်ဆင့် အကြောင်းကြားရမည်။

၃၉။ မှတ်ပုံတင်ရန်ငြင်းပယ်ခြင်းခံရသော မသန်စွမ်းသူများအသင်းအဖွဲ့သည် ငြင်းပယ်ရသည့် အကြောင်းအရင်းနှင့်ပတ်သက်သည့် ကိစ္စများကိုပြင်ဆင်ပြီး ထပ်မံလျှောက်ထားခွင့်ရှိသည်။

၄၀။ (က) မသန်စွမ်းသူများအသင်းအဖွဲ့တစ်ခုခုသည် မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့်အခါ မှတ်ပုံတင်သက်တမ်းတိုးမြှင့်လိုပါက သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၆၀ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မသန်စွမ်းသူများအသင်းမှတစ်ဆင့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်သို့ ပုံစံ (၂၀) ဖြင့် လျှောက်ထားရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ လျှောက်ထားခြင်းသည် မှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီးနောက်မှ သက်တမ်းတိုးမြှင့်ရန် လျှောက်ထားပါက သတ်မှတ်ထားသော မှတ်ပုံတင်ခ၏နှစ်ဆကို ဒဏ်ကြေးအဖြစ် ပေးသွင်းရမည်။

(ဂ) မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်သည် မသန်စွမ်းသူများအသင်းအဖွဲ့ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကိုစိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် အမျိုးသားကော်မတီသို့ ရက်ပေါင်း ၃၀ အတွင်း တင်ပြရမည်။

၄၁။ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်သည် -

(က) နည်းဥပဒေ ၄၀၊ နည်းဥပဒေခွဲ (က) အရ လျှောက်ထားချက်ကိုစိစစ်၍ အမျိုးသားကော်မတီ၏ သဘောတူညီချက်ဖြင့် မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ ခွင့်ပြုပါက မသန်စွမ်းသူများအသင်းအဖွဲ့အား သတ်မှတ်ထားသော သက်တမ်းတိုးမြှင့်ခပေးသွင်းစေပြီး ခွင့်ပြုမိန့်သက်တမ်းကို ပုံစံ (၁၈) တွင် တိုးမြှင့်ပေးရမည်။

၄၂။ ဥပဒေပုဒ်မ ၅၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိပါက အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်ခြင်းခံရမည် -

(က) သတိပေးပြီးဒဏ်ကြေးအဖြစ် အများဆုံးကျပ် ၃ သိန်းအထိ ပေးဆောင်စေခြင်း၊

(ခ) မသန်စွမ်းသူများအသင်းအဖွဲ့၏ မှတ်ပုံတင်လက်မှတ်ကို အနည်းဆုံး ၃ လမှ အများဆုံး ၆ လ အထိ ယာယီရပ်ဆိုင်းခြင်း၊

(ဂ) မသန်စွမ်းသူများအသင်းအဖွဲ့၏ မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း။

၄၃။ မသန်စွမ်းသူများအသင်းအတွက် လှူဒါန်းထားသော ငွေကြေး၊ ပစ္စည်းကိရိယာ၊ ပရိဘောဂ၊ မြေ၊ အဆောက်အအုံ၊ ယာဉ် အစရှိသည်တို့ကို သက်ဆိုင်ရာ မသန်စွမ်းသူများအသင်းအဖွဲ့များသည် စနစ်တကျ စီမံခန့်ခွဲသုံးစွဲပြီး မှတ်တမ်းထားရှိ၍ အစီရင်ခံစာထုတ်ဝေခြင်း၊ အနည်းဆုံး တစ်နှစ်တစ်ကြိမ် မသန်စွမ်းသူများ အသင်းချုပ်သို့ တင်ပြခြင်း၊ အဖွဲ့ဝင်များထံဖြန့်ဝေခြင်းနှင့် အများပြည်သူသိရှိနိုင်ရန် ထုတ်ဝေခြင်းတို့ကို ဆောင်ရွက်ရမည်။

၄၄။ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့်ညွှန်ကြားချက်ပါ တာဝန်နှင့်တားမြစ်ချက်တစ်ရပ်ရပ်ကို မှတ်ပုံတင်ထားသော မသန်စွမ်းသူများ အသင်းအဖွဲ့များနည်းတူ မှတ်ပုံမတင်ထားသော မသန်စွမ်းသူများအသင်းအဖွဲ့များကလည်း လိုက်နာရန် တာဝန်ရှိသည်။ သတ်မှတ်ထားသော စည်းကမ်းချက်နှင့်အညီ မှတ်ပုံတင်ထားသော မသန်စွမ်းသူများ အသင်းအဖွဲ့များသည် အမျိုးသားကော်မတီထံမှ အောက်ပါအခွင့်အရေးများကို ရယူခံစားခွင့်ရှိသည် -

(က) အသင်းအဖွဲ့ပိုင် ရန်ပုံငွေရှာဖွေခြင်းနှင့် ဝင်ငွေရလုပ်ငန်းထူထောင်ခွင့်အတွက် လိုအပ်သော ညှိနှိုင်းပံ့ပိုးမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ ရရှိခွင့်၊

(ခ) မသန်စွမ်းသူများ အသင်းအဖွဲ့များ၏ လုပ်ငန်းများလည်ပတ်ဆောင်ရွက်နိုင်ရန် ရန်ပုံငွေမှပံ့ပိုးငွေ တောင်းခံခွင့်၊

(ဂ) ပြည်ပနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည့် ဝန်ကြီးဌာန အသီးသီး၏ စီမံကိန်းများ၊ အစီအစဉ်များ၊ လုပ်ငန်းများတွင် မိတ်ဖက်အဖွဲ့အစည်းအဖြစ် ဦးစားပေး ပါဝင်ဆောင်ရွက်ခွင့်။

၄၅။ မသန်စွမ်းသူများအတွက် ဆောင်ရွက်သော အဖွဲ့အစည်းများ၏ မှတ်ပုံတင်ရေးလုပ်ငန်းစဉ်များကို ဤအခန်းပါ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်သည်။

## အခန်း (၁၀)

## ပုဂ္ဂလိက ပညာသင်အထူးကျောင်း၊ ပုဂ္ဂလိကအသက်မွေးမှု အထူးသင်တန်းကျောင်းနှင့် ပုဂ္ဂလိက ပြန်လည်ထူထောင်ရေးဌာနများ တည်ထောင်ဖွင့်လှစ်ခြင်း

၄၆။ ပုဂ္ဂလိက ပညာသင်အထူးကျောင်းကိုဖြစ်စေ၊ ပုဂ္ဂလိကအသက်မွေးမှု အထူးသင်တန်းကျောင်းကို ဖြစ်စေ၊ ပုဂ္ဂလိက ပြန်လည်ထူထောင်ရေးဌာနကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်နေသူ သို့မဟုတ် တည်ထောင် ဖွင့်လှစ်လိုသူ ပိုင်ရှင်သည် အောက်ပါအချက်အလက်များ ဖော်ပြ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ ခွင့်ပြုမိန့်ထုတ်ပေးရန် လျှောက်လွှာကို ပုံစံ (၂၁) ဖြင့် လျှောက်ထားရမည် -

(က) သင်တန်းကျောင်း/ဌာနအမည်၊

(ခ) သင်တန်းကျောင်းအဆောက်အအုံများ တည်နေရာ၊ လိပ်စာ၊

(ဂ) သင်တန်းကျောင်းအဆောက်အအုံ အမျိုးအစား၊ အကျယ်အဝန်း၊

(ဃ) ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်အမှတ်၊ အီးမေးလ်လိပ်စာ၊

(င) သင်ကြားမည့် မသန်စွမ်းမှုအမျိုးအစား၊

(စ) လက်ခံနိုင်သည့် သင်တန်းသားဦးရေ၊

(ဆ) ဆရာ၊ ဆရာမ ဝန်ထမ်းဦးရေနှင့် ကျွမ်းကျင်မှုအခြေအနေ အသေးစိတ်၊

(ဇ) သင်တန်းကာလနှင့် သင်တန်းအချိန်ဇယား၊

(ဈ) သင်ကြားမည့် ဘာသာရပ်အမျိုးအစားများ၊

(ည) သင်တန်းကျောင်း အုပ်ချုပ်မှုကော်မတီ ဖွဲ့စည်းပုံ။

၄၇။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသည် နည်းဥပဒေ ၄၆ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ ဦးစီးဌာနသို့ တင်ပြရမည်။

၄၈။ ဦးစီးဌာနသည် -

(က) နည်းဥပဒေ ၄၆ နှင့် ၄၇ တို့အရ လျှောက်ထားချက်နှင့်တင်ပြချက်တို့ကို စိစစ်ပြီး တည်ထောင်ဖွင့်လှစ်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) သတ်မှတ်ချက်များနှင့် မကိုက်ညီပါက လိုအပ်ချက်များကို ပြင်ဆင်၍ ထပ်မံလျှောက်ထားစေနိုင်သည်။

(ဂ) နည်းဥပဒေခွဲ (က) အရ ခွင့်ပြုပါက လျှောက်ထားသူအား သတ်မှတ်ထားသော အခကြေးငွေ ပေးသွင်းစေပြီး ခွင့်ပြုမိန့်ကို ပုံစံ (၂၂) ဖြင့် ထုတ်ပေးရမည်။ ပုံစံ (၂၂) တွင် ခွင့်ပြုမိန့်သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်ပေးရမည်။

၄၉။ ခွင့်ပြုမိန့် ရရှိသူပိုင်ရှင်သည် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းနှင့် သတ်မှတ်ချက်တို့ကို လိုက်နာရမည်။

၅၀။ ခွင့်ပြုမိန့်ရရှိသူပိုင်ရှင်သည် နည်းဥပဒေ ၄၈၊ နည်းဥပဒေခွဲ (ဂ) အရ ထုတ်ပေးသော ခွင့်ပြုမိန့် သက်တမ်းကုန်ဆုံးသည့်အခါ ဆက်လက်ဖွင့်လှစ်လိုပါက သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ ပုံစံ (၂၃) ဖြင့် လျှောက်ထားရမည်။

၅၁။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသည် နည်းဥပဒေ ၅၀ အရ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ ဦးစီးဌာနသို့ တင်ပြရမည်။

၅၂။ ဦးစီးဌာနသည် -

(က) နည်းဥပဒေ ၅၀ နှင့် ၅၁ တို့အရ လျှောက်ထားချက်နှင့် တင်ပြချက်တို့ကိုစိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ ခွင့်ပြုပါက လျှောက်ထားသူအား သတ်မှတ်ထားသော သက်တမ်းတိုးမြှင့်ခ ပေးသွင်းစေပြီး ခွင့်ပြုမိန့်သက်တမ်းကို ပုံစံ (၂၂) တွင် တိုးမြှင့်ပေးရမည်။

၅၃။ ဦးစီးဌာနသည် နည်းဥပဒေ ၅၂၊ နည်းဥပဒေခွဲ (က) အရ ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ရန် ငြင်းပယ်ကြောင်းဆုံးဖြတ်ပါက ထိုသို့ ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက်ကို အကြောင်းပြချက်နှင့်အတူ ပိုင်ရှင်ထံသို့စာဖြင့် ဆောလျင်စွာ အကြောင်းကြားရမည်။

၅၄။ ဦးစီးဌာနနှင့် ဦးစီးဌာနက တာဝန်ပေးသော အရာရှိတို့သည် ခွင့်ပြုမိန့်ထုတ်ပေးထားသော ပုဂ္ဂလိက ပညာသင်အထူးကျောင်း၊ ပုဂ္ဂလိက အသက်မွေးမှု အထူးသင်တန်းကျောင်းနှင့်ပုဂ္ဂလိက ပြန်လည်ထူထောင်ရေး ဌာနတို့ရှိ သင်တန်းသူ၊ သင်တန်းသားများ၏ ဘေးကင်းလုံခြုံမှု အခြေအနေအပါအဝင် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ညီညွတ်မှု ရှိ မရှိ တို့ကို စစ်ဆေးခွင့်ရှိသည်။

## **အခန်း (၁၁)**
## **အယူခံခြင်း**

၅၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီကချမှတ်သော အောက်ပါဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ထိုဆုံးဖြတ်ချက်မိတ္တူပူးတွဲ၍ အယူခံလွှာတွင် ရုံးခွန်အက်ဥပဒေဇယား ၂ ပါ ထိုက်သင့်သည့် ရုံးခွန်တံဆိပ်ခေါင်းကပ်၍ မှတ်ပုံတင် အရာရှိချုပ်ထံသို့ အယူခံနိုင်သည် -

(က) နည်းဥပဒေ ၁၀၊ နည်းဥပဒေခွဲ (က) အရ မသန်စွမ်းသူအား မှတ်ပုံတင်ရန် ငြင်းပယ်သည့် ဆုံးဖြတ်ချက်၊

(ခ) နည်းဥပဒေ ၁၃၊ နည်းဥပဒေခွဲ (ဂ) အရ မသန်စွမ်းမှုအဆင့် ပြင်ဆင်သတ်မှတ်ပေးသည့် ဆုံးဖြတ်ချက်၊

(ဂ) နည်းဥပဒေ ၁၄၊ နည်းဥပဒေခွဲ (ဂ) အရ သတ်မှတ်ထားသော မသန်စွမ်းမှု အင်္ဂါရပ်နှင့် အကျုံး မဝင်တော့သဖြင့် မသန်စွမ်းသူအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်သည့် ဆုံးဖြတ်ချက်။

၅၆။ မှတ်ပုံတင်အရာရှိချုပ်သည် -

(က) နည်းဥပဒေ ၅၅ အရ အယူခံမှုကို စိစစ်စစ်ဆေးပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီက ချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုကြောင်း ဆုံးဖြတ်ချက် ချမှတ်နိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ ချမှတ်သည့် ဆုံးဖြတ်ချက်အကြောင်းကြားစာကို အယူခံလွှာ လျှောက်ထားသူထံသို့ ဆောလျင်စွာပေးပို့ရမည်။

၅၇။ မှတ်ပုံတင်အရာရှိချုပ်က နည်းဥပဒေ ၅၆၊ နည်းဥပဒေခွဲ (က) အရ ချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ထိုဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဆုံးဖြတ်ချက်မိတ္တူပူးတွဲ၍ အယူခံလွှာတွင် ရုံးခွန်အက်ဥပဒေဇယား ၂ ပါ ထိုက်သင့်သည့် ရုံးခွန်တံဆိပ်ခေါင်းကပ်၍ အမျိုးသား ကော်မတီထံသို့ အယူခံနိုင်သည်။

၅၈။ အောက်ပါဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဆုံးဖြတ်ချက်မိတ္တူပူးတွဲ၍ အယူခံလွှာတွင် ရုံးခွန်အက်ဥပဒေဇယား ၂ ပါ ထိုက်သင့်သည့် ရုံးခွန်တံဆိပ်ခေါင်းကပ်၍ အမျိုးသားကော်မတီသို့ အယူခံနိုင်သည် -

(က) ပုဂ္ဂလိကပညာသင်အထူးကျောင်း၊ ပုဂ္ဂလိကအသက်မွေးမှု အထူးသင်တန်းကျောင်းနှင့် ပုဂ္ဂလိက ပြန်လည်ထူထောင်ရေးဌာနတစ်ခုခုကို တည်ထောင်ဖွင့်လှစ်လိုသူအား ခွင့်ပြုမိန့်ထုတ်ပေးရန် လျှောက်ထားချက်ကို နည်းဥပဒေ ၄၈၊ နည်းဥပဒေခွဲ (က) အရ ငြင်းပယ်ခြင်း သို့မဟုတ် နည်းဥပဒေ ၅၂၊ နည်းဥပဒေခွဲ (က) အရ ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းပြုသည့် ဆုံးဖြတ်ချက်၊

(ခ) ဦးစီးဌာနက ပိုင်ရှင်တစ်ဦးဦးအား ဥပဒေပုဒ်မ ၆၄ အရ ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်။

၅၉။ အမျိုးသားကော်မတီသည် -

(က) နည်းဥပဒေ ၅၇ နှင့် ၅၈ အရ အယူခံမှုကိုစိစစ်ပြီး မှတ်ပုံတင်အရာရှိချုပ်ကဖြစ်စေ၊ ဦးစီးဌာနက ဖြစ်စေ ချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ ချမှတ်သည့် ဆုံးဖြတ်ချက်၊ အကြောင်းကြားစာကို အယူခံလျှောက်ထားသူထံ ဆောလျင်စွာ ပေးပို့ရမည်။

## အခန်း (၁၂)
## ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း

၆၀။ ဥပဒေပုဒ်မ ၆၉ ပါ ရငွေများဖြင့် ထူထောင်ထားသည့်ရန်ပုံငွေကို ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးတို့ အတွက် အမျိုးသားကော်မတီက ဖွဲ့စည်းသည့် ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့သည် -

(က) ရန်ပုံငွေကို ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ ပြုရမည်။

(ခ) ရန်ပုံငွေကို အမျိုးသားကော်မတီက သတ်မှတ်ထားသောဘဏ်တွင် အပ်နှံထားရှိရမည်။

(ဂ) ရငွေများတွင် နိုင်ငံခြားငွေပါရှိပါက သီးခြားဘဏ်စာရင်းဖွင့်လှစ်၍ ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ ပြုရမည်။

(ဃ) ရန်ပုံငွေစာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုကို ခံယူရမည်။ ထို့ပြင် ထိုသို့ စာရင်းစစ်ဆေးရာတွင် ကူညီဆောင်ရွက်ရမည်။

(င) ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပြည်တွင်း၊ ပြည်ပ စေတနာရှင်များက လှူဒါန်းထောက်ပံ့သည့် ငွေကြေးနှင့်ပစ္စည်းများကို သုံးစွဲခြင်းနှင့်စပ်လျဉ်း၍ လှူဒါန်း ထောက်ပံ့သည့် အဖွဲ့အစည်းများနှင့် စေတနာရှင်များ ပွင့်လင်းမြင်သာစွာ သိရှိစေရန် စာရင်းစစ်အစီရင်ခံစာကို ထုတ်ပြန်ကြေညာပေးရမည်။

၆၁။ ဝန်ကြီးဌာနသည် -

(က) မသန်စွမ်းသူကို မသန်စွမ်းမှုအမျိုးအစားနှင့် မသန်စွမ်းမှုအဆင့်အလိုက်သော်လည်းကောင်း၊ ဘဝရပ်တည်နိုင်မှု အခက်အခဲရှိသည့် အခြေအနေပေါ် မူတည်၍သော်လည်းကောင်း၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် လှုပ်ရှားဆောင်ရွက်မှုအတွက်သော်လည်းကောင်း၊ ညီလာခံခေါ်ယူခြင်းအတွက်သော်လည်းကောင်း၊ ကုန်ကျမည့်စရိတ်များအား ရန်ပုံငွေမှ သင့်လျော်သော အထောက်အပံ့ပေးနိုင်ရန် အမျိုးသားကော်မတီ၏ ဆုံးဖြတ်ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ အတည်ပြုချက်ရယူပြီး စီစဉ်ဆောင်ရွက်ပေးနိုင်သည်။

(ခ) မသန်စွမ်းသူများ အသင်းအဖွဲ့များနှင့် မသန်စွမ်းသူများအတွက် ဆောင်ရွက်သော အဖွဲ့အစည်းများအား ရန်ပုံငွေမှသင့်လျော်သော အထောက်အပံ့ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ အတည်ပြုချက်ရယူပြီး စီစဉ်ဆောင်ရွက်ပေးနိုင်သည်။

(ဂ) ရန်ပုံငွေသို့ လှူဒါန်းထောက်ပံ့သော ပုဂ္ဂိုလ်၊ ကုမ္ပဏီနှင့်အဖွဲ့အစည်းများအား တည်ဆဲဝင်ငွေခွန် ဥပဒေအရ ဝင်ငွေခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ရရှိရေးအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

၆၂။ အမျိုးသားကော်မတီသည် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်၏ လုပ်ငန်းများအကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန်အလို့ငှာ ဥပဒေပုဒ်မ ၆၉ အရ ထူထောင်ရန်ပုံငွေအနက်မှ သင့်လျော်သလို သတ်မှတ်ခွဲဝေပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူပြီး စီစဉ်ဆောင်ရွက် ပေးနိုင်သည်။

## အခန်း (၁၃)

## မသန်စွမ်းသူများ၏ လူ့အခွင့်အရေးနှင့်အခြေခံလွတ်လပ်ခွင့်များ တန်းတူညီမျှမှုရှိရေး

၆၃။ ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဃ) အရ တရားရုံးတွင် မသန်စွမ်းဖြစ်မှုအလိုက် လိုအပ်ချက်များကို စီစဉ်ပေးရန်တောင်းဆိုရာတွင် လက်သင်္ကေတပြဘာသာစကား အပါအဝင် အခြားဆက်သွယ်နိုင်သည့် နည်းလမ်းများအပြင် မသန်စွမ်းသူ၏ တင်ပြချက်အား နားလည်သည့် ကျွမ်းကျင်သောပုဂ္ဂိုလ်များ၏ ရှင်းလင်းတင်ပြချက်ကိုလည်း သက်သေခံအဖြစ် တင်ပြခွင့်ရှိစေရမည်။

## အခန်း (၁၄)

## အထွေထွေ

၆၄။ ဝန်ကြီးဌာနသည် ဘဝရပ်တည်ရေး အခက်အခဲရှိသော မသန်စွမ်းသူများအား ရပ်တည်နေထိုင်ရေး အတွက် အောက်ပါသင့်လျော်သော အထောက်အပံ့အကူညီများ ပေးနိုင်ရန် စီမံဆောင်ရွက်ရမည် -

(က) စွန့်ပစ်ခံရသော မသန်စွမ်းကလေးသူငယ်များအတွက် ကယ်ဆယ်ရေးနှင့်ရပ်ရွာလူမှုအဖွဲ့အစည်းထဲတွင် လုံခြုံစွာ ပြန်လည်နေထိုင်ခွင့်ရှိရေးအတွက် အခြားနည်းလမ်းဖြင့် ကူညီစောင့်ရှောက်မှုပေးနိုင်ရန် စီစဉ်ပေးခြင်း သို့မဟုတ် ကူညီစောင့်ရှောက်ပေးမည့် မိသားစုများရှာဖွေပေးခြင်း၊ နေရာထိုင်ခင်းများ စီစဉ်ပေးခြင်းတို့ကို ဒေသဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ မသန်စွမ်းသူများ၏ အခွင့်အရေး ဆိုင်ရာကော်မတီများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း၊

(ခ) မသန်စွမ်းကလေး၏ ပညာရေး၊ ကျန်းမာရေး၊ နေထိုင်စားသောက်ရေးစသည့် စရိတ်စကများ အတွက် ကူညီစောင့်ရှောက်ပေးမည့် မိသားစုများအား နိုင်ငံတော်မှ သင့်လျော်သောထောက်ပံ့မှုများ ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း။

၆၅။ ဝန်ကြီးဌာနသည် -

(က) ဥပဒေနှင့် ဤနည်းဥပဒေများအရ မသန်စွမ်းသူများ အသင်းအဖွဲ့များပေးဆောင်ရမည့် မှတ်ပုံတင်ခ၊ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခ၊ ခွင့်ပြုမိန့်ထုတ်ပေးခ၊ ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ခနှင့် အခြားလိုအပ်သော ဝန်ဆောင်ခများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့် ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ပေးရမည်။

(ခ) မသန်စွမ်းသူ အဖွဲ့အစည်းများနှင့် မသန်စွမ်းသူများအတွက် ဆောင်ရွက်သောအဖွဲ့အစည်းများအား လှူဒါန်းထောက်ပံ့သော ပုဂ္ဂိုလ်၊ ကုမ္ပဏီနှင့် အဖွဲ့အစည်းတို့အား တည်ဆဲဝင်ငွေခွန်ဥပဒေအရ လှူဒါန်း ထောက်ပံ့သော ငွေကြေးနှင့်ပစ္စည်းပမာဏပေါ်မူတည်၍ ဝင်ငွေခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပေးရေးအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

၆၆။ အမျိုးသားကော်မတီသည် မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဖွဲ့စည်းခြင်း၊ လုပ်ငန်း ဆောင်ရွက်ခြင်း၊ သက်တမ်းနှင့်တာဝန်၊ လုပ်ပိုင်ခွင့်များနှင့်ပတ်သက်၍ လိုအပ်သလို အကြံပြု ဆောင်ရွက် ပေးရမည်။

၆၇။ အမျိုးသားကော်မတီသည် မသန်စွမ်းသူများ လူဦးရေစာရင်းနှင့် လူမှုစီးပွားရေးအခြေအနေ စစ်တမ်း ကောက်ယူခြင်းအပါအဝင် မသန်စွမ်းသူများနှင့်သက်ဆိုင်သော သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအား လိုအပ်သလို လမ်းညွှန်ခြင်းနှင့် ညှိနှိုင်းမှုများ ဆောင်ရွက်ပေးရမည်။

ဒေါက်တာဝင်းမြတ်အေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

**ပုံစံ (၁)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**မသန်စွမ်းသူများမှတ်ပုံတင်ရန်လျှောက်လွှာ**
**[နည်းဥပဒေ ၅]**

ပတ်စ်ပို့ဓာတ်ပုံ

သို့

မှတ်ပုံတင်ကြီးကြပ်ရေးမှူး

---------------- မြို့နယ်/ခရိုင်/တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံး

ရက်စွဲ၊ -------------

အကြောင်းအရာ။ **မသန်စွမ်းသူမှတ်ပုံတင်လျှောက်ထားခြင်း**

မသန်စွမ်းသူအဖြစ် မှတ်ပုံတင်ခွင့်ပြုပါရန် အောက်ပါအချက်များအား ဖော်ပြ၍ လျှောက်ထားအပ်ပါသည် -

**(က) လျှောက်ထားသူ၏ ကိုယ်ရေးအချက်အလက်များ**

(၁) အမည် ----------------------------------------------------------------

(၂) အသက်နှင့်မွေးသက္ကရာဇ် ------------------------------------------------

(၃) မွေးဖွားရာဇာတိ ------------------------------------------------------

(၄) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------------------------------

(၅) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ --------------------------------------------

(၆) မသန်စွမ်းမှုအမျိုးအစား ------------------------------------------------

(၇) ပညာအရည်အချင်း ----------------------------------------------------

(၈) အခြားကျွမ်းကျင်မှု -----------------------------------------------------

(၉) အလုပ်အကိုင် --------------------------------------------------------

(၁၀) မိဘအမည် ---------------------------------------------------------

(၁၁) မိဘနေရပ်လိပ်စာ ---------------------------------------------------
----------------------------------------------------------------------

(၁၂) အုပ်ထိန်းသူအမည် --------------------------------------------------

(၁၃) အုပ်ထိန်းသူနေရပ်လိပ်စာ --------------------------------------------
----------------------------------------------------------------------

(၁၄) ဆက်သွယ်ရန်လိပ်စာ ------------------------------------------------
----------------------------------------------------------------------
----------------------------------------------------------------------

(၁၅) ဆက်သွယ်ရန်ဖုန်း၊ ဖက်စ်အမှတ်နှင့်အီးမေးလ်လိပ်စာ ---------------------------
----------------------------------------------------------------------

(၁၆) ကိုယ်တိုင်လျှောက်ထားသည် သို့မဟုတ် ကိုယ်စားလှယ်ဖြင့် လျှောက်ထားသည်။
----------------------------------------------------------------------

**(ခ) မသန်စွမ်းဖြစ်မှုနှင့် ဆေးဝါးကုသမှုမှတ်တမ်း**

(၁) မသန်စွမ်းမှုအခြေအနေ -----------------------------------------------

(၂) မသန်စွမ်းမှုစတင်ဖြစ်ပွားသည့်အသက်အရွယ် ---------------------------------

(၃) မသန်စွမ်းဖြစ်ကြောင်း စတင်သိရှိသည့် အသက်အရွယ် --------------------------

(၄) မသန်စွမ်းမှုဖြစ်သည့် အကြောင်းအရင်း --------------------------------------
------------------------------------------------------------------------
------------------------------------------------------------------------

(၅) ခံစားနေရသော အခြားရောဂါများ -------------------------------------------
------------------------------------------------------------------------

ရက်စွဲ၊ ---------------------------- လျှောက်ထားသူလက်မှတ် --------------------
လျှောက်ထားသူအမည် ----------------------

ကိုယ်စားလှယ်လက်မှတ် ---------------------
ကိုယ်စားလှယ်အမည် -----------------------
နိုင်ငံသားစိစစ်ရေးကတ်အမှတ် ---------------

**(ဂ) မှတ်ပုံတင်ကြီးကြပ်ရေးမှူး၏ သဘောထားမှတ်ချက်**

မသန်စွမ်းသူ ------------------------------------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------------------------------------၏
မသန်စွမ်းသူအဖြစ် မှတ်ပုံတင်ရန်လျှောက်လွှာအား ---------------------------------
ရက်နေ့တွင် -------------------------------------------------------------------
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် --------------------------------------------ခရိုင်၊
-------------------------------------------------------------- မြို့နယ်လူမှုဝန်ထမ်းရုံးတွင်
စစ်ဆေးလက်ခံခဲ့ပြီး ပြည့်စုံစွာ ဖြည့်စွက်ပြီးဖြစ်ပါသဖြင့် -------------------------------
မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်ရေးအဖွဲ့သို့ ပေးပို့ပါသည်။

ပေးပို့သည့် ရက်စွဲ -------------------- ----------------------------------------
ပေးပို့သည့် စာအမှတ် ---------------- မှတ်ပုံတင်ကြီးကြပ်ရေးမှူးလက်မှတ်
----------------------------------------
မှတ်ပုံတင်ကြီးကြပ်ရေးမှူးအမည်

**(ဃ) မှတ်ပုံတင်အရာရှိ၏ သဘောထားမှတ်ချက်**

လျှောက်ထားသူ ------------------------------------------------- အား မသန်စွမ်းသူ
အဖြစ် မှတ်ပုံတင်ခွင့်ပြုရန် -------------------------------------- တင်ပြပါသည်။

ပေးပို့သည့် ရက်စွဲ -------------------- ----------------------------------------
ပေးပို့သည့် စာအမှတ် ---------------- မှတ်ပုံတင်အရာရှိလက်မှတ်
----------------------------------------
မှတ်ပုံတင်အရာရှိ၏အမည်

**(င) မှတ်ပုံတင်ခြင်းဆုံးဖြတ်ချက်**

လျှောက်ထားသူ ------------------------------------------ အား မသန်စွမ်းသူအဖြစ်
မှတ်ပုံတင်ခွင့်ပြုသည်/ခွင့်မပြုပါ။

ရက်စွဲ၊ ------------------ ဥက္ကဋ္ဌ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာကော်မတီ

**မှတ်ချက်။ မသက်ဆိုင်သည့် စာသားကို ဖျက်ရန်။**

**ပုံစံ (၂)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## မသန်စွမ်းသူမှတ်ပုံတင်လျှောက်လွှာ လက်ခံရရှိကြောင်းအထောက်အထားပုံစံ

**[နည်းဥပဒေ ၆၊ နည်းဥပဒေခွဲ (က)]**

အဘ---------------------------၏ သား/သမီးဖြစ်သူ --------------------------------- (နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------------------) ၏ မသန်စွမ်းသူအဖြစ် မှတ်ပုံတင် လျှောက်ထားလာသည့် မှတ်ပုံတင်လျှောက်လွှာ ပုံစံ (၁) အား -------------------- ရက်နေ့တွင် အချက် အလက်များ ပြည့်စုံကြောင်း စစ်ဆေးပြီးလက်ခံရရှိပါသည်။

မှတ်ပုံတင်ကြီးကြပ်ရေးမှူးလက်မှတ်
------------ မြို့နယ်/ခရိုင်
---------------- တိုင်းဒေသကြီး/ပြည်နယ်

**မှတ်ချက်။ မသက်ဆိုင်သည့် စာသားကို ဖျက်ရန်။**

**ပုံစံ (၃)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## မသန်စွမ်းမှုအဆင့်စိစစ်သတ်မှတ်သည့်အဖွဲ့သို့ညွှန်းပို့လွှာ

**[နည်းဥပဒေ ၆၊ နည်းဥပဒေခွဲ (ခ)]**

သို့

------------------------------------

------------------------------------

မသန်စွမ်းမှုအဆင့်စိစစ်သတ်မှတ်သည့်အဖွဲ့

ရက်စွဲ၊ -------------

အဘ ဦး------------------- ၏သား/သမီးဖြစ်သူ ------------------------------------- (နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------------------------------) သည် မသန်စွမ်းသူအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားလာပါသဖြင့် ဆေးစစ်မှုခံယူနိုင်ရန် ပုံစံ (၁) မိတ္တူနှင့်အတူ လွှဲပြောင်း ညွှန်းပို့အပ်ပါသည်။

လက်မှတ် ---------------------

-------------------------------
မှတ်ပုံတင်ကြီးကြပ်ရေးမှူးအမည်
------------------------မြို့နယ်
---------------------------ခရိုင်
-------တိုင်းဒေသကြီး/ပြည်နယ်

**မှတ်ချက်။ မသက်ဆိုင်သည့် စာသားကို ဖျက်ရန်။**

**[ ဆက်လက်ဖော်ပြပါမည်။ ]**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၈**

၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်

(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်စွဲပါ စာအမှတ်၊ ၂၃၀၈/ ရအဖ-၁/၂၄/ ရခ-၃/၂၀၁၇ အရ ဦးစီးအရာရှိများအဖြစ် ရွေးချယ်ထားသော အောက်ဖော်ပြပါ ပုဂ္ဂိုလ် (၁၂) ဦးတို့အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှစ၍ ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) အဖြစ် ခန့်ထားလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် |
|---|---|---|
| (က) | ဦးကျော်စွာဝင်း | ၁၄/ဇလန (နိုင်) ၁၁၅၁၈၆ |
| (ခ) | ဒေါ်နှင်းခိုင် (ခ) နှင်းနှင်းခိုင် | ၅/မရန (နိုင်) ၂၅၆၇၂၅ |
| (ဂ) | ဒေါ်အိသန္တာကျော် | ၇/ညလပ (နိုင်) ၁၄၈၈၄၈ |
| (ဃ) | ဒေါ်နှင်းရည်အောင် | ၈/ငဖန (နိုင်) ၀၂၈၈၉၀ |
| (င) | ဒေါ်ခင်စိုးစိုးအောင် | ၁/မကန (နိုင်) ၁၅၅၉၁၃ |
| (စ) | ဒေါ်အင်ကြင်းမေ | ၉/ကပတ (နိုင်) ၂၀၀၁၁၆ |
| (ဆ) | ဒေါ်အိအိဖြိုး | ၉/ပမန (နိုင်) ၂၁၅၁၁၁ |
| (ဇ) | ဒေါ်တင်မေဦး | ၁၂/သလန (နိုင်) ၁၂၃၂၆၀ |
| (ဈ) | ဒေါ်ခင်ဆွေဝင်း | ၉/တကန (နိုင်) ၁၆၀၈၂၈ |
| (ည) | ဦးညီညီစိုး | ၁/မကတ (နိုင်) ၁၀၉၂၇၂ |
| (ဋ) | ဒေါ်အေးမြတ်မွန် | ၉/မခန (နိုင်) ၁၆၂၃၅၀ |
| (ဌ) | ဒေါ်မေမြတ်သူ | ၁၂/လသယ (နိုင်) ၀၄၄၁၈၃ |

၂။ ၎င်းတို့သည်မည်သည့်ဌာနတွင် တာဝန်ထမ်းဆောင်ရမည်ကို ဆက်လက်ထုတ်ပြန်ပါမည်။

ကျော်ကျော်မောင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရှမ်းပြည်နယ်အစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာ (၁/၂၀၁၈)**

၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်

(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်)

ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အောက်ဖော်ပြပါပုဂ္ဂိုလ်များအား စီမံထူးချွန်ဆု၊ လုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေးဆိုင်ရာထူးချွန်ဆု၊ စီးပွားထူးချွန်ဆု၊ စိုက်ပျိုးထူးချွန်ဆု၊ မွေးမြူထူးချွန်ဆု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးထူးချွန်ဆု ပစ္စည်းများကို အပ်နှင်းလိုက်သည် -

**စီမံထူးချွန်ဆု (ပထမဆင့်)**

၁။ ဒေါ်နန်းလိုင်းခမ်း ဥက္ကဋ္ဌ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း

**စီမံထူးချွန်ဆု (ဒုတိယဆင့်)**

၁။ ရှမ်းယူနိုက်တက် FC

**စီမံထူးချွန်ဆု (တတိယဆင့်)**

၁။ ဦးအောင်စိုးမိုး၊ ဦးစီးအရာရှိ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊ လောက်ကိုင်မြို့

**လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးဆိုင်ရာထူးချွန်ဆု (ပထမဆင့်)**

၁။ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်းတပ်ဖွဲ့များ

**လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးဆိုင်ရာထူးချွန်ဆု (ဒုတိယဆင့်)**

၁။ ရဲအုပ်စိုင်းရှုအောင်၊ နယ်ထိန်းခေါင်းဆောင်၊ မူဆယ်မြို့မရဲစခန်း

**လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးဆိုင်ရာထူးချွန်ဆု (တတိယဆင့်)**

၁။ ဗထူးတပ်နယ်မှ ဗိုလ်မှူးအောင်မျိုးသူနှင့်အဖွဲ့

၂။ ရဲတပ်ကြပ်ကြီး ကျော်ဆန်းလွင်၊ မူဆယ်မြို့မရဲစခန်း

၃။ ရဲတပ်ကြပ်ကြီး မြင့်ဇော်ဌေး၊ မူဆယ်မြို့မရဲစခန်း

**စီးပွားထူးချွန်ဆု (တတိယဆင့်)**

၁။ ငွေရည်ပုလဲကုမ္ပဏီအုပ်စု၊ နောင်ချိုမြို့နယ်

၂။ အောင်နေလင်းထွန်းကုမ္ပဏီ၊ ဉာဏ်ကြီးရှင်ကော်ဖီလုပ်ငန်း၊ ရွာငံမြို့နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

**စိုက်ပျိုးထူးချွန်ဆု (တတိယဆင့်)**

၁။ ဦးခွန်ထွန်းထွန်းဝင်း၊ ဟိုနမ့်ကျေးရွာ၊ လုံခုတ်ကျေးရွာအုပ်စု၊ ဟိုပုံးမြို့နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

၂။ ဦးစိုင်းဆမ်၊ တော်ကော့တွင်းရပ်ကွက်၊ တာချီလိတ်မြို့နယ်

၃။ ဦးထွန်းလူ၊ ဆုံကွယ်ကျေးရွာ၊ ဆုံကွယ်ကျေးရွာအုပ်စု၊ လားရှိုးမြို့နယ်

**မွေးမြူထူးချွန်ဆု (တတိယဆင့်)**

၁။ ဦးသောင်းကြည်၊ ကွမ်းဘုံကျေးရွာ၊ ဟဲကယ်ကျေးရွာအုပ်စု၊ တောင်ကြီးမြို့နယ်

၂။ ဦးတင်စိုး၊ ရွှေကောင်းကင်ဝက်မွေးမြူရေးခြံ၊ လွယ်လမ့်ကျေးရွာ၊ နောင်ဖော့ကျေးရွာအုပ်စု၊ လားရှိုးမြို့နယ်

၃။ ဦးအားဂျိုး၊ နောင်လုံကျေးရွာ၊ လွယ်မွေကျေးရွာအုပ်စု၊ ကျိုင်းတုံမြို့နယ်

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးထူးချွန်ဆု (တတိယဆင့်)**

၁။ ဦးစံထွန်းပါ (၉၀) ဦး၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ လွယ်ငြိမ့်ကျေးရွာ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော (၆၀၀) ဧက

၂။ ဦးမျိုးထွဋ်ပါ (၃၇) ဦး၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ပင်းတယမြို့နယ်၊ ပွေးလှကျေးရွာဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော (၁၃၃. ၃၆) ဧက

(ပုံ) ဒေါက်တာလင်းထွဋ်
ဝန်ကြီးချုပ်
ရှမ်းပြည်နယ်အစိုးရအဖွဲ့

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၀ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက် ( ၂၀၁၈ ခုနှစ်၊ မေလ ၂၅ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### နိုင်ငံတော်သမ္မတရုံး

**အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၈**

၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်

(၂၀၁၈ ခုနှစ်၊ ဧပြီလ ၂ ရက်)

နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝမ်းကိုကို အား နိုင်ငံတော်သမ္မတရုံးသို့ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့နံနက်ပိုင်းမှစ၍ တွဲဖက်တာဝန်ထမ်းဆောင်စေပြီး ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေပုဒ်မ-၁၈၊ ပုဒ်မခွဲ (စ) ပါ ပြဋ္ဌာန်းချက်များအရ ယင်းအား နိုင်ငံတော်သမ္မတ၏ ကိုယ်ရေးအရာရှိအဖြစ် ခန့်ထားလိုက်သည်။

ခင်လတ်၊
အမြဲတမ်းအတွင်းဝန်၊
နိုင်ငံတော်သမ္မတရုံး။

### အဆင့်မြင့်ပညာဦးစီးဌာန

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

(၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)

အမှတ် ၈၂။ ။ လားရှိုးတက္ကသိုလ်၊ သင်္ချာဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာဝင်းဆွေ အား ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ လျှောက်ထားခြင်းကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၄ ပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် (၈၁) အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ပါမောက္ခ (ဌာနမှူး) ဒေါက်တာဝင်းဆွေ အား ငြင်းပယ်ထားသည့် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်မည့် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ခံစားခွင့်ပြုပြီးလျှင် ခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၈ ခုနှစ်၊ မေလ ၁ ရက်နေ့မှစ၍ ရာထူးမှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာသိန်းဝင်း၊
ညွှန်ကြားရေးမှူးချုပ်၊
အဆင့်မြင့်ပညာဦးစီးဌာန။

## အခြေခံပညာဦးစီးဌာန

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်
(၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်)

အမှတ် ၄၃၄ ။ ။ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ ပြည်မြို့နယ်၊ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းကျောင်းအုပ်ကြီး ဒေါ်သန်းသန်းဦး အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေပုဒ်မ-၂၃၃၊ အပိုဒ် (က) နှင့်အညီ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၄၃၅ ။ ။ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ ပေါက်ခေါင်းမြို့နယ်၊ အိုးဘိုကုန်း အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းကျောင်းအုပ်ကြီး ဒေါ်စန်းစန်းမြင့် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေပုဒ်မ-၂၃၃၊ အပိုဒ် (က) နှင့်အညီ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၄၃၈ ။ ။ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ လုံးတုံ အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းကျောင်းအုပ်ကြီး ဦးလွမ်းဒေါင် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေပုဒ်မ-၂၃၃၊ အပိုဒ် (က) နှင့်အညီ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၄၃၉ ။ ။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းကျောင်းအုပ်ကြီး ဒေါ်သီတာခင်အောင် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေပုဒ်မ-၂၃၃၊ အပိုဒ် (က) နှင့်အညီ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၄၄၀ ။ ။ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ် (၂၂) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းကျောင်းအုပ်ကြီး ဒေါ်နန်းအုန်းမြင့် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေပုဒ်မ-၂၃၃၊ အပိုဒ် (က) နှင့်အညီ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၄၄၂ ။ ။ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ ဒိုင်ကောင်းကုန်း အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းကျောင်းအုပ်ကြီး ဒေါ်မြဝင်း အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေပုဒ်မ-၂၃၃၊ အပိုဒ် (က) နှင့်အညီ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၄၄၃ ။ ။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းကျောင်းအုပ်ကြီး ဦးဌေးဝင်း အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေပုဒ်မ-၂၃၃၊ အပိုဒ် (က) နှင့်အညီ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၄၄၄ ။ ။ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြသီ အား မြန်မာနိုင်ငံခွင့်ပေးရေးနည်းဥပဒေအပိုဒ် ၁၀ (က) နှင့် ၁၈ (၁) (က) တို့အရ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့ မွန်းလွဲပိုင်းအထိ ကာလကို အငြိမ်းစားမယူမီ ပျမ်းမျှလစာပြည့်ဖြင့် ကြိုတင်ပြင်ဆင်ခွင့်အဖြစ် ခံစားခွင့်ပြုလိုက်သည်။

ခွင့်ရက်များကုန်ဆုံးပြီးနောက် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြသီ အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေပုဒ်မ-၂၃၃၊ အပိုဒ် (က) နှင့်အညီ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့၊ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာအောင်နိုင်စိုး၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
အခြေခံပညာဦးစီးဌာန။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၈၀ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်<br>( ၂၀၁၈ ခုနှစ်၊ မေလ ၂၅ ရက် ) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

**SUMITOMO MITSUI BANKING CORPORATION (Yangon Representative Office)**
**(the "Representative Office")**

Notice Under Section 206 (1) of

Myanmar Companies Act

(Voluntary Winding - Up by Member)

At a Meeting of the Board of Directors of **SUMITOMO MITSUI BANKING CORPORATION,** a resolution was passed to (i) open a new branch in Myanmar, (ii) voluntarily wind up the Representative Office, (iii) appoint Daw The' Ei Shwe (Zin) (advocate) as a Liquidator, and (iv) submit a letter of appointment of Liquidator dated April 5, 2018 to the Directorate of Investment and Company Administration (DICA).

In light of such resolution, all persons claiming to be creditors of the Representative Office are hereby requested to submit details of their claims together with the verifiable documentary evidence to support such claims in their possession, to the Liquidator at the address given below on or before (June 25, 2018).

Please note that SUMITOMO MITSUI BANKING CORPORATION has already established a branch in Myanmar (Yangon Branch) and that this voluntary winding up of the Representative Office will not have any effect on the normal operations of our Yangon Branch.

Mr. Nobuyasu Akagi
Chief Representative
For and On Behalf of the Board of Directors of
SUMITOMO MITSUI BANKING CORPORATION

Daw The' Ei Shwe (Zin)
Liquidator
TMI Associates Services Co., Ltd.
# 105, Prime Hill Business Square,
No. 60, Shwe Dagon Pagoda Road,
Dagon Township, Yangon, Myanmar.

NOTICE

Commencement of Winding Up of the Affairs of

**Puncak Niaga Holdings Berhad**

**(Myanmar Branch)**

In pursuant of the Ministry of National Planning and Economic Development's Press Release No. 2/94 dated 14th January, 1994, I hereby given notice that **Puncak Niaga Holdings Berhad (Myanmar Branch)** will commence the winding up its affairs in Myanmar on 25th May, 2018.

I, the undersigned Liquidator of the above named Company, have fixed 25th June, 2018 as the day on or before which the creditors of the Company are to prove their debts or claims otherwise they will be excluded from the benefit of any distribution made before such debts are proved.

All persons claiming to be creditors of the above Company are, therefore, requested to submit details of their claims together with any documentary evidence in their possession, to the Liquidator at the address given below, before the above date.

Building No. C 1,
Room No. 005, Ground Floor, Hninnsi Street,
Yuzana Highway complex, Kamayut Township,
Yangon, Myanmar.

U Papo Ganesan
[B.A (English), R.L]
Advocate (Registration No. 4647)
Khin Su Htay & Associates
Liquidator

**KONOIKE ASIA (MYANMAR) CO., LTD.**

Notice of Resolution Under Section 206 (1) of

The Myanmar Companies Act

(Voluntary Winding Up)

According to the Extraordinary General Meeting of the shareholders of the Konoike Asia (Myanmar) Co., Ltd. held at No. (225/227), Room 1301, 13th Floor, Olympic Tower, Bo Aung Kyaw Street, Kyauktada Township, Yangon on 18th May, 2018, it passed the special resolutions that Company was wound up voluntarily and U Shine Ko Ko Naing, Attorney-at-Law was appointed as a Liquidator in order to liquidate such company. For above resolutions, all persons claiming to be creditors of the Comapny are, therefore, requested to submit details of their claims together with any documentary evidence in their possession, to the Liquidator at the address given below at the day on 25th June, 2018 or before that day.

U Shine Ko Ko Naing
Liquidator
# 712, 7th Floor, La Pyayt Wun Plaza,
No. 37, Alanpya Pagoda Road,
Dagon Township, Yangon, Myanmar.
Tel: 01-382527

## Notice

## RED BULL COMPANY LIMITED

## (In members' Voluntary Liquidation)

## Pursuant of Section 208 E of the Myanmar Companies Act:

### Final Meeting

A Final meeting of the above Company will be held on 25th June, 2018 at No. (659), Mya Kanthar (1st) Street, Ward No. (2), Kamayut Township, Yangon Region, at 9:00 AM.

### AGENDA

1. To Explain & Lay before the meeting the Liquidator's account of the Liquidation.
2. To give any explanation thereof.

Me Me Kyaw
LIQUIDATOR
[B.Com (Q), C.P.A]
No.49/51, (7th Floor), 2nd Street, Lanmadaw Township, Yangon Region.
The Republic of the Union of Myanmar

## Notice

## CHILLI ADVERTISING COMPANY LIMITED

## (In members' Voluntary Liquidation)

## Pursuant of Section 208 E of the Myanmar Companies Act:

### Final Meeting

A Final meeting of the above Company will be held on 25th June, 2018 at No. (659), Mya Kanthar (1st) Street, Ward No. (2), Kamayut Township, Yangon Region, at 9:00 AM.

### AGENDA

1. To Explain & Lay before the meeting the Liquidator's account of the Liquidation.
2. To give any explanation thereof.

Me Me Kyaw
LIQUIDATOR
[B.Com (Q), C.P.A]
No.49/51, (7th Floor), 2nd Street, Lanmadaw Township, Yangon Region.
The Republic of the Union of Myanmar

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ

**သီရိမေ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်**
**(THIRI MAY TRADING COMPANY LIMITED)**

၂၀၁၈ ခုနှစ်၊ မေလ (၂၂) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ **သီရိမေ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (THIRI MAY TRADING COMPANY LIMITED)** အား (၂၂. ၅. ၂၀၁၈) ရက်နေ့မှစ၍ အစုဝင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းရန် အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်စန်းကြည် [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၈ ခုနှစ်၊ ဇွန်လ (၂၅) ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

U Tin Win
Managing Director
THIRI MAY TRADING COMPANY LIMITED

ဒေါ်စန်းကြည်
[B.Com (Q), C.P.A]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**မြန်မာ ဟာရှီးမားအုပ်စု စီမံခန့်ခွဲမှု အကြံပေး ကုမ္ပဏီလီမိတက်**
**(MYANMAR HASHIMA GROUP MANAGEMENT CONSULTANCY COMPANY LIMITED)**

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၈ ခုနှစ်၊ မေလ (၂၄) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ **မြန်မာ ဟာရှီးမားအုပ်စု စီမံခန့်ခွဲမှု အကြံပေး ကုမ္ပဏီလီမိတက် (MYANMAR HASHIMA GROUP MANAGEMENT CONSULTANCY COMPANY LIMITED)** အား (၂၄. ၅. ၂၀၁၈) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၈ ခုနှစ်၊ ဇွန်လ (၂၄) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်သစ္စာမိုး
Managing Director
MYANMAR HASHIMA GROUP
MANAGEMENT CONSULTANCY
COMPANY LIMITED

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## ဝေ မိသားစု ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်
## (WAI FAMILY CONSTRUCTION COMPANY LIMITED)

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၈ ခုနှစ်၊ မေလ (၂၄) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ **ဝေ မိသားစု ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် (WAI FAMILY CONSTRUCTION COMPANY LIMITED)** အား (၂၄. ၅. ၂၀၁၈) ရက်နေ့မှစ၍ စာရင်းရှင်းလင်း ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၈ ခုနှစ်၊ ဇွန်လ (၂၄) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိုင်းရှိန် (ခ) ဦးတာဝေ
Managing Director
WAI FAMILY CONSTRUCTION
COMPANY LIMITED

ဦးအီးနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၀၁၂၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## ကိုအောင်ဝင်းနှင့် မိသားစု ကုမ္ပဏီလီမိတက်
## (KO AUNG WIN & FAMILY COMPANY LIMITED)

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၈ ခုနှစ်၊ မေလ (၂၄) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ **ကိုအောင်ဝင်းနှင့် မိသားစု ကုမ္ပဏီလီမိတက် (KO AUNG WIN & FAMILY COMPANY LIMITED)** အား (၂၄. ၅. ၂၀၁၈) ရက်နေ့မှစ၍ စာရင်းရှင်းလင်း ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၈ ခုနှစ်၊ ဇွန်လ (၂၄) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးထွန်းထွန်းဝင်း
Managing Director
KO AUNG WIN & FAMILY
COMPANY LIMITED

ဦးအီးနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၀၁၂၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## မန္တလေး အက်စ်ဘီတီ ကုမ္ပဏီလီမိတက်
## (MANDALAY SBT COMPANY LIMITED)
အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၈ ခုနှစ်၊ မေလ (၂၄) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ **မန္တလေး အက်စ်ဘီတီ ကုမ္ပဏီလီမိတက် (MANDALAY SBT COMPANY LIMITED)** အား (၂၄. ၅. ၂၀၁၈) ရက်နေ့မှစ၍ စာရင်းရှင်းလင်း ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၈ ခုနှစ်၊ ဇွန်လ (၂၄) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးမင်းထောမွန်
Managing Director
MANDALAY SBT COMPANY LIMITED

ဦးအီးနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## ခေတ်သီရိ ကုမ္ပဏီလီမိတက်
## (KHIT THIRI COMPANY LIMITED) အား
(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**ခေတ်သီရိ ကုမ္ပဏီလီမိတက် (KHIT THIRI COMPANY LIMITED)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၈ ခုနှစ်၊ ဇွန်လ (၂၅) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် (၁၇၆) (ပထမထပ်) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

NOTICE Under Section 208 (E) Myanmar Companies Act.

**DRIVES & CONTROL MYANMAR COMPANY LIMITED**

(Members Voluntary Winding-Up)

INVITATION TO FINAL MEETING

A Final meeting of **DRIVES & CONTROL MYANMAR COMPANY LIMITED** will be held on 25th June , 2018 at No. 176, (First Floor), Botahtaung Pagoda Road, Pazundaung Township, Yangon Region, Myanmar.

- Liquidator's report and return will be presented at the meeting.
- All member are invited to attend.

U YE NOOS (LL.B)
LIQUIDATOR
Supreme Court Advocate
YE NOOS & ASSOCIATES (Law Firm)
No. 176, (First Floor), Botahtaung Pagoda Road,
Pazundaung Township, Yangon Region.

**ချင်းကော့(ပ်) ငွေရေးကြေးရေး ကုမ္ပဏီလီမိတက်**

**(Chin Corp Finance Company Limited)**

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၆ (၁) အရ

ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေး ဆုံးဖြတ်ချက်အရ **ချင်းကော့(ပ်) ငွေရေးကြေးရေး ကုမ္ပဏီလီမိတက်** အား (၂၃. ၅. ၂၀၁၈) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

ဒေါ်ခင်စောယု [B.Com (Q), C.P.A] အမှတ် (၄၉/၅၁)၊ (၇-လွှာ)၊ ၂-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၂၂. ၆. ၂၀၁၈) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်ဝင်း
မန်နေးဂျင်းဒါရိုက်တာ
ချင်းကော့(ပ်) ငွေရေးကြေးရေး ကုမ္ပဏီလီမိတက်၏
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဒေါ်ခင်စောယု
[B.Com (Q), C.P.A]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ကမ္ဘာလုံးဆိုင်ရာ ဆိပ်ကမ်းအင်ဂျင်နီယာ ဝန်ဆောင်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်

ဖျက်သိမ်းရန် ကြေညာချက်

၁။ **ကမ္ဘာလုံးဆိုင်ရာ ဆိပ်ကမ်းအင်ဂျင်နီယာ ဝန်ဆောင်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် (၂၃. ၅. ၂၀၁၈) နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပသော သာမန်ထက် ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးဇော်လွင် [နိုင်ငံသားစိစစ်ရေးအမှတ်-၅/ရဥန (နိုင်) ၀၅၅၂၈၇] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို (၂၂. ၆. ၂၀၁၈) နေ့ နောက်ဆုံးထား၍ ဦးဇော်လွင် (စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ) ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

ဦးဇော်ဘိုခန့်
အုပ်ချုပ်မှုဒါရိုက်တာ
ကမ္ဘာလုံးဆိုင်ရာ ဆိပ်ကမ်းအင်ဂျင်နီယာ
ဝန်ဆောင်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်

ဦးဇော်လွင်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၃၁၃/၃၂၃)၊ အခန်း-၈/စီ၊ (၇) လွှာ၊
Sea Green Tower
မဟာဗန္ဓုလလမ်းနှင့်ဗိုလ်အောင်ကျော်လမ်းထောင့်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## MKWR TRUST Co.,Ltd.

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၈ (င) အရ
ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း
ကြေညာချက်

၁။ အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက် အစုရှင်များ၏ အပြီးသတ်နှင့် နောက်ဆုံးအစည်းအဝေးအား ၂၅-၆-၂၀၁၈ ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ Diamond ကွန်ဒို Tower A အမှတ် (၁၅၀၃) တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်း (ဥပဒေ အကျိုးဆောင် စဥ်-၂၆၅၇) က ကုမ္ပဏီလီမိတက်၏ စာရင်းရှင်းလင်းဖျက်သိမ်းရေး အခြေအနေများကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အစုရှင်များအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးခင်ဝင်း
[B.A, H.G.P, R.L, D.B.L, D.I.L, D.M.L,
P.G.D.I.T (New Delhi), D.Jap, M.P.A, M.A (B.L)]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(ရုံး) အမှတ် ၁၇၅ (ပထမထပ်)၊ ၄၈ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
(အိမ်) ၂၀၄၊ ပဒေသရာဇာလမ်း၊ (၄၁) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ဖုန်း- ၀၉-၅၀၀၈၅၈၃။

ပ၊ ထ၊ န - အမှတ် ၆၄၃/၁၇/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၁၀၀/၂၅-၅-၂၀၁၈။